MTSH MYANMAR THILAWA SEZ HOLDINGS PUBLIC CO. LTD.
Shwe Zabu River View Complex, 23G-1, No.3B, Tower (A), Penthouse-01 & 02, Strand Road, Ahlone Township, Yangon, Myanmar. Tel: (+951) 2301731, Email: info@mtshmyanmar.com

ရက်စွဲ။ ၂၀၂၆ ခုနှစ်၊ ဖွန်လ ၂၉ ရက်။

## ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာရေးရှင်းတမ်းများအား အသိပေးကြေညာခြင်း

မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်း ပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ ၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးသည့်ဘဏ္ဍာရေးနှစ်အတွက် နိုင်ငံတကာဘဏ္ဍာရေး အစီရင်ခံခြင်းဆိုင်ရာစံများ (international Financial Reporting Standards)နှင့် အညီပြုစုထားသော ဘဏ္ဍာရေးရှင်းတမ်းပေါင်းချုပ်များကို ပြင်ပစာရင်းစစ်အဖွဲ့မှ သုံးသပ်မှုပြီးစီးပြီးဖြစ်ပါသဖြင့် အစုရှယ်ယာရှင်များသိရှိနိုင်ပါရန်အတွက် ဤထုတ်ပြန်ချက်ဖြင့် အသိပေးကြေညာအပ်ပါသည်။

ဤဘဏ္ဍာရေးရှင်းတမ်းပေါင်းချုပ်နှင့်အတူ နောက်ဆက်တွဲရှင်းလင်းချက်အပြည့်အစုံကို ၂၀၂၆ ခုနှစ်၊ ဖွန်လ ၁၂ ရက်တွင်ပြုလုပ်သည့် ဒါရိုက်တာအဖွဲ့အစည်းအဝေးမှ အတည်ပြုထားရှိပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

ထွန်းလွင်

Board Secretary

**မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုးဒင်းပတ်ဘလစ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်နှင့်
၎င်း၏ လက်အောက်ခံကုမ္ပဏီ**

**၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ ကုန်ဆုံးသောနှစ်အတွက်
စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများ**

ငွေကြေး - မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း)

**မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုးဒင်းပတ်ဘလစ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် နှင့်**
**၎င်း၏ လက်အောက်ခံကုမ္ပဏီ**

**၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့နှင့် ထိုနေ့ကုန်ဆုံးသောနှစ်အတွက် စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများ**

| **မာတိကာ** | **စာမျက်နှာ** |
| --- | --- |
| စီမံအုပ်ချုပ်သူများ၏ တာဝန်ဖော်ပြချက် | ၁ |
| ပြင်ပစာရင်းစစ်အစီရင်ခံစာ | ၂ - ၆ |
| စုပေါင်းဘဏ္ဍာရေးအခြေအနေပြရှင်းတမ်း | ၇ |
| စုပေါင်းဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်း | ၈ |
| စုပေါင်းအစုရှင်များ၏ ပိုင်ဆိုင်ခွင့်များပြောင်းလဲမှုရှင်းတမ်း | ၉ |
| စုပေါင်းငွေသားစီးဆင်းမှုရှင်းတမ်း | ၁၀ - ၁၁ |
| စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများအပေါ် မှတ်စုများ | ၁၂ - ၅၃ |

**MTSH MYANMAR THILAWA SEZ HOLDINGS PUBLIC CO. LTD.**

Shwe Zabu River View Complex, 23G-1, No.3B, Tower (A), Penthouse-01 & 02, Strand Road, Ahlone Township, Yangon, Myanmar. Tel: (+951) 2301731, Email: info@mtshmyanmar.com

**မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုးဒင်းပတ်ဘလစ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်**
**စီမံအုပ်ချုပ်သူများ၏ တာဝန်ဖော်ပြချက်**

မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုးဒင်းပတ်ဘလစ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်(ကုမ္ပဏီ)နှင့်၎င်း၏ လက်အောက်ခံကုမ္ပဏီ(ကုမ္ပဏီအုပ်စု) ၏ ၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ စုပေါင်းဘဏ္ဍာရေးအခြေအနေပြရှင်းတမ်း၊ ယင်းနေ့ကုန်ဆုံးသောနှစ်အတွက် စုပေါင်းဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်း၊ စုပေါင်းအစုရှင်များ၏ ပိုင်ဆိုင်ခွင့်များပြောင်းလဲမှုရှင်းတမ်း၊ စုပေါင်းငွေသားစီးဆင်းမှုရှင်းတမ်းနှင့် အရေးပါသော စာရင်းဆိုင်ရာမူဝါဒများပါဝင်သော စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများအပေါ် မှတ်စုများကို သင့်လျော်မှန်ကန်စွာ ရေးဆွဲဖော်ပြရန်မှာ စီမံအုပ်ချုပ်သူများ၏ တာဝန်သာဖြစ်ပါသည်။ စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများရေးဆွဲရာတွင် စီမံအုပ်ချုပ်သူများသည် -

- ဆီလျော်သော စာရင်းဆိုင်ရာ မူဝါဒများအား ရွေးချယ်၍ တစ်သမတ်တည်း ကျင့်သုံးခြင်းနှင့်
- အမြော်အမြင်ရှိပြီး ကျိုးကြောင်းဆီလျော်မှုရှိသော ခန့်မှန်းခြင်းနှင့် ပိုင်းခြားချင့်ချိန်သုံးသပ်ခြင်းတို့ကို ပြုလုပ်ရန် လိုအပ်ပါသည်။

ကုမ္ပဏီအုပ်စု၏ စုပေါင်းဘဏ္ဍာရေးအခြေအနေမှန်ကို မည်သည့်အချိန်တွင်မဆို မှန်ကန်စွာ ဖော်ပြရန်အလို့ငှာ စီမံအုပ်ချုပ်သူများအနေဖြင့် သင့်လျော်သော စာရင်းမှတ်တမ်းများကို ထိန်းသိမ်းထားရှိရန် တာဝန်ရှိပါသည်။ ကုမ္ပဏီအုပ်စု၏ ရပိုင်ခွင့်များကို လုံခြုံမှုရှိစေရန်နှင့် မသမာမှုများနှင့် အခြားစည်းမျဉ်းမကျမှုများကို ကာကွယ်ဖော်ထုတ်နိုင်ရန်အတွက် သင့်လျော်သလိုဆောင်ရွက်ရန် ကျွန်ုပ်တို့တွင် အထွေထွေတာဝန်ရှိပါသည်။

စီမံအုပ်ချုပ်သူများကိုယ်စား

**WIN AUNG**
**Chairman**
**MYANMAR THILAWA SEZ HOLDINGS PUBLIC CO., LTD.**

၂၀၂၆ ခုနှစ်၊ ဇွန်လ (၁၂) ရက်။

ဝင်းသင်နှင့်အဖွဲ့လီမိတက်

**WIN THIN & ASSOCIATES LTD**

**CERTIFIED PUBLIC ACCOUNTANTS**

Room (2B/2C) 1st Floor, Rose Condominium, No. 182/194, Botahtaung Pagoda Road, Pazundaung Township, Yangon Region, Myanmar. Tel: 95-1-8201798, 8296164, Fax: 95-1-8245671 Email: info@winthinassociates.com

**စာအမှတ် - ၁၄၆/ အမ်-၂၅၅/ မတ် ၂၀၂၆**

## ပြင်ပစာရင်းစစ်အစီရင်ခံစာ

**မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုးဒင်းပတ်ဘလစ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၏ အစုရှယ်ယာရှင်များ**

**စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများစာရင်းစစ်ဆေးမှုအပေါ် အစီရင်ခံစာ**

### စာရင်းစစ်ထင်မြင်ယူဆချက်

ကျွန်တော်များစာရင်းစစ်အဖွဲ့သည် မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုးဒင်းပတ်ဘလစ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် (ကုမ္ပဏီ) နှင့် ၎င်း၏လက်အောက်ခံကုမ္ပဏီ (ကုမ္ပဏီအုပ်စု) ၏ ၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ စုပေါင်းဘဏ္ဍာရေး အခြေအနေပြရှင်းတမ်း၊ ယင်းနေ့ကုန်ဆုံးသောနှစ်အတွက် စုပေါင်းဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်း၊ စုပေါင်းအစုရှင်များ၏ ပိုင်ဆိုင်ခွင့်များပြောင်းလဲမှုရှင်းတမ်း၊ စုပေါင်းငွေသားစီးဆင်းမှုရှင်းတမ်းနှင့် အရေးပါသောစာရင်းဆိုင်ရာမူဝါဒများပါဝင်သော စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများအပေါ် မှတ်စုများကို စစ်ဆေးခဲ့ပြီးဖြစ်ပါသည်။

ပူးတွဲပါ စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများသည် ကုမ္ပဏီအုပ်စု၏ ၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ စုပေါင်းဘဏ္ဍာရေး အခြေအနေ၊ ယင်းနေ့ကုန်ဆုံးသောနှစ်အတွက် စုပေါင်းလုပ်ငန်းဆောင်ရွက်မှုရလဒ်များနှင့် စုပေါင်းငွေသားစီးဆင်းမှုများကို နိုင်ငံတကာ စာရင်းကိုင်စံအဖွဲ့မှထုတ်ပြန်ထားသော နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းစံများ (International Financial Reporting Standards) နှင့် မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အခြေအနေအမှန်ကို သင့်တင့်လျောက်ပတ်စွာ ဖော်ပြထားကြောင်း ကျွန်တော်များစာရင်းစစ်အဖွဲ့ ထင်မြင်ယူဆပါသည်။

### စာရင်းစစ်ထင်မြင်ယူဆချက်အတွက် အခြေခံမှု

ကျွန်တော်များစာရင်းစစ်အဖွဲ့သည် နိုင်ငံတကာစာရင်းစစ်စံများနှင့်အညီ စစ်ဆေးမှုများကို ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါစံများအရ ကျွန်တော်များစာရင်းစစ်အဖွဲ့၏တာဝန်များကို ဤအစီရင်ခံစာ၏ စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများအပေါ် စာရင်းစစ်ဆေးခြင်းအတွက် စာရင်းစစ်၏တာဝန်ကဏ္ဍတွင် ထပ်မံဖော်ပြထားပါသည်။ ကျွန်တော်များစာရင်းစစ်အဖွဲ့သည် မြန်မာနိုင်ငံရှိ အများပြည်သူ့အကျိုးစီးပွားနှင့်သက်ဆိုင်သည့်လုပ်ငန်းအဖွဲ့အစည်းများ၏ဘဏ္ဍာရေးရှင်းတမ်းများကို စာရင်းစစ်ဆေးခြင်းနှင့်သက်ဆိုင်သည့် ကျင့်ဝတ်သိက္ခာပိုင်းဆိုင်ရာသတ်မှတ်ချက်များနှင့်အညီ ကုမ္ပဏီအုပ်စုနှင့် သီးခြားလွတ်လပ်စွာရပ်တည်ခဲ့ပြီး ဤသတ်မှတ်ချက်များနှင့်အညီ ကျွန်တော်များစာရင်းစစ်အဖွဲ့သည် အခြားသောကျင့်ဝတ်သိက္ခာပိုင်းဆိုင်ရာတာဝန်များကို လိုက်နာဆောင်ရွက်ခဲ့ပါသည်။ ကျွန်တော်များစာရင်းစစ်အဖွဲ့ရရှိခဲ့သော စာရင်းစစ်အထောက်အထားများသည် ကျွန်တော်များစာရင်းစစ်အဖွဲ့၏ စာရင်းစစ်ထင်မြင်ယူဆချက်အတွက် အခြေခံမှုပြုရန် လုံလောက်သင့်လျော်သည်ဟု ယုံကြည်ပါသည်။

**အဓိကကျသော စာရင်းစစ်ဆေးခြင်းဆိုင်ရာ ကိစ္စရပ်များ**

အဓိကကျသော စာရင်းစစ်ဆေးခြင်းဆိုင်ရာ ကိစ္စရပ်များသည် ကျွန်တော်များစာရင်းစစ်အဖွဲ့၏ အတတ်ပညာပိုင်းဆိုင်ရာ ပိုင်းခြားချင့်ချိန် သုံးသပ်ခြင်းအရ ယခုနှစ်၏ စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများကို စစ်ဆေးရာတွင် အရေးပါဆုံးသော ကိစ္စရပ်များ ဖြစ်ပါသည်။ ဤကိစ္စရပ်များကို စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများတစ်ခုလုံးအား ကျွန်တော်များစာရင်းစစ်အဖွဲ့ စာရင်းစစ်ဆေးရာတွင် ကိုင်တွယ်ဖြေရှင်းခဲ့ပြီး ထိုအပေါ်တွင် ကျွန်တော်များစာရင်းစစ်အဖွဲ့၏ ထင်မြင်ယူဆချက်ကို ပုံဖော်ရာတွင် ဤကိစ္စရပ်များနှင့် ပတ်သက်၍ သီးခြားထင်မြင်ယူဆချက်ပေးမည် မဟုတ်ပါ။

**အဓိကကျသော စာရင်းစစ်ဆေးခြင်းဆိုင်ရာ ကိစ္စရပ်များ**

**တွဲဖက်ကုမ္ပဏီတွင် ရင်းနှီးမြှုပ်နှံမှု**

စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများ၏ မှတ်စု ၂.၆ နှင့် ၁၀ တွင် ကြည့်ရှုပါ။

၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် တွဲဖက်ကုမ္ပဏီ ဖြစ်သော မြန်မာဂျပန်သီလဝါဒီပလော့မန့်လီမိတက်တွင် ရင်းနှီးမြှုပ်နှံထားငွေပမာဏမှာ မြန်မာကျပ်ငွေ ၅၇,၈၁၃,၅၇၉ (ကျပ်ထောင်ပေါင်း) ဖြစ်ပါသည်။ ၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိအဆိုပါပမာဏမှာ ကုမ္ပဏီအုပ်စု၏စုစုပေါင်းရပိုင်ခွင့်၏ ၄၉% ကို ကိုယ်စားပြုသဖြင့် ကုမ္ပဏီအုပ်စု၏ ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်းတွင် အရေးပါဆုံးကိစ္စရပ်ဖြစ်ပြီး တွဲဖက်ကုမ္ပဏီ၏ စာရင်းစစ်သည် အရေးပါသော အချက်များ ၏ လွဲမှားဖော်ပြမှုများကို ရှာဖွေတွေ့ရှိရန် ပျက်ကွက်ခဲ့ပါက အမြင့်မားဆုံး စာရင်းစစ်အန္တရာယ်တစ်ခုဖြစ်ပါသည်။ ကျွန်တော်များစာရင်းစစ်အဖွဲ့မှ ၎င်းအရာကို အဓိကကျသော စာရင်းစစ်ဆေးခြင်းဆိုင်ရာကိစ္စရပ် (Key audit matter) အဖြစ် ထည့်သွင်းစဉ်းစားခဲ့ပါသည်။

**အဓိကကျသော စာရင်းစစ်ဆေးခြင်းဆိုင်ရာ ကိစ္စရပ်များကို ကျွန်တော်များစာရင်းစစ်အဖွဲ့ စာရင်းစစ်ဆေးရာတွင် ကိုင်တွယ်ဖြေရှင်းခဲ့သည့် နည်းလမ်း**

တွဲဖက်ကုမ္ပဏီတွင် ရင်းနှီးမြှုပ်နှံမှု၏ သယ်ဆောင်တန်ဖိုးကို အကဲဖြတ်ရာတွင် ကျွန်တော်များစာရင်းစစ်အဖွဲ့၏ စာရင်းစစ်လုပ်ထုံးလုပ်နည်းများတွင် အောက်ပါအချက်များ ပါဝင်ပါသည်။

နိုင်ငံတကာစာရင်းစစ်စံ ၆၀၀ (ပြန်လည် ပြင်ဆင်ထားသော) ၏ လိုအပ်ချက်များနှင့်အညီ တွဲဖက်ကုမ္ပဏီ စာရင်းစစ်၏ အရည်အချင်း၊ လွတ်လပ်မှုနှင့် ဓမ္မဓိဋ္ဌာန်ကျမှုကို အကဲဖြတ်ခဲ့ပါသည်။

လုပ်ဆောင်ရမည့် စာရင်းစစ်လုပ်ငန်း၏ အတိုင်းအတာ၊ ပေးပို့ရမည့် အစီရင်ခံစာအမည်နှင့် ဆက်သွယ်ရေးလိုအပ်ချက်များကို အသေးစိတ်ဖော်ပြထားသည့် စာရင်းစစ်ညွှန်ကြားချက်များကို တွဲဖက်ကုမ္ပဏီ၏ စာရင်းစစ်သို့ ထုတ်ပေးခဲ့ပါသည်။

အရေးပါသောစာရင်းစစ်တွေ့ရှိချက်အကျဉ်းချုပ်များ၊ ခန့်မှန်းခြေဧရိယာများပေါ်တွင် လုပ်ဆောင်ခဲ့သည့် လုပ်ငန်းနှင့် ကုမ္ပဏီ၏ရင်းနှီးမြှုပ်နှံငွေနှင့်သက်ဆိုင်သော ဘဏ္ဍာရေးရှင်းတမ်း မှန်ကန်ကြောင်းအတည်ပြုချက်များအပေါ် ကောက်ချက်ချခြင်းများအပါအဝင် တွဲဖက်ကုမ္ပဏီစာရင်းစစ်ထံမှ ရရှိသည့် စာရင်းစစ်အစီရင်ခံစာနှင့် ပေးပို့သည့် အစီရင်ခံစာများကို ပြန်လည်သုံးသပ်ခဲ့ပါသည်။

မြန်မာဂျပန်သီလဝါဒီပလော့မန့်လီမိတက်၏ ဘဏ္ဍာရေးရှင်းတမ်းများအပေါ်တွင် အရေးပါသောမှားယွင်းဖော်ပြချက်များရှိ၊ မရှိနှင့် ကုမ္ပဏီအုပ်စု၏ ဘဏ္ဍာရေးရှင်းတမ်းများအပေါ်တွင် အကျိုးသက်ရောက်မှုရှိမရှိ သုံးသပ်ခဲ့ပါသည်။

ဝင်ငွေအသိအမှတ်ပြုမှု၊ ပိုင်ဆိုင်မှုတန်ဖိုးဖြတ်ခြင်းနှင့် လျာထားချက်များအပါအဝင် အရေးပါသော စာရင်းပိုင်းဆိုင်ရာ ခန့်မှန်း

ချက်များ၊ ဆုံးဖြတ်ချက်များနှင့် ပတ်သက်၍ တွဲဖက်ကုမ္ပဏီ စာရင်းစစ်၏ အကဲဖြတ်မှုကို သုံးသပ်ခဲ့ပါသည်။

အရေးပါသော ခွဲခြမ်းစိတ်ဖြာမှုလုပ်ငန်းစဉ်များကို ပြန်လည် လုပ်ဆောင်ခဲ့ပြီး မြန်မာဂျပန်သီလဝါဒီပလော့မန့်လီမိတက်၏ ရလဒ်များအပေါ် ကုမ္ပဏီ၏ ဝေစုခွဲဝေမှုကို တွဲဖက်ကုမ္ပဏီ၏ စာရင်းစစ်ဘဏ္ဍာရေးအချက်အလက်နှင့် ပြန်လည်ကိုက်ညှိခဲ့ပါ သည်။

မြန်မာဂျပန်သီလဝါဒီပလော့မန့်လီမိတက်တွင်ရင်းနှီးမြှုပ်နှံမှုနှင့် စပ်လျဉ်း၍ ကုမ္ပဏီအုပ်စု၏ ထုတ်ဖော်မှုများ၏ လုံလောက်မှုကို သက်ဆိုင်ရာဘဏ္ဍာရေးအစီရင်ခံမှုမူဘောင်နှင့်အညီ သုံးသပ်ခဲ့ ပါသည်။

## စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများအတွက် စီမံအုပ်ချုပ်သူများနှင့် စီမံခန့်ခွဲမှုကြီးကြပ်သူများ၏တာဝန်

စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများကို နိုင်ငံတကာစာရင်းကိုင်စံအဖွဲ့မှထုတ်ပြန်ထားသော နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်း စံများ (International Financial Reporting Standards) နှင့် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြုစုပြီး သင့်လျော်မှန်ကန်စွာ ရေးဆွဲဖော်ပြရန်မှာ စီမံအုပ်ချုပ်သူများ၏ တာဝန်ဖြစ်ပြီး လိမ်လည်မှု၊ မှားယွင်းမှုတို့ကြောင့် အရေးပါသော လွဲမှားဖော်ပြမှုများမှ ကင်းရှင်းသော စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများကို ရေးဆွဲနိုင်ရန်၊ ဌာနတွင်းကြီးကြပ်မှု အစီအစဉ်ကို စီမံအုပ် ချုပ်သူများမှ ချမှတ်ထားရှိရန် လိုအပ်ပါသည်။

စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများကို ပြင်ဆင်ရေးဆွဲရာတွင် စီမံအုပ်ချုပ်သူများသည် ဆက်လက်ရှင်သန်လည်ပတ်နိုင်သည့်လုပ်ငန်း တစ်ခုအဖြစ် ဆက်လက်သွားနိုင်မည့် ကုမ္ပဏီအုပ်စု၏ စွမ်းရည်ကို အကဲဖြတ်ခြင်း၊ ဆက်လက်ရှင်သန်လည်ပတ်နိုင်စွမ်းနှင့် သက်ဆိုင်သောကိစ္စရပ်များကို လိုအပ်သလို ရှင်းလင်းဖော်ပြခြင်း၊ စီမံအုပ်ချုပ်သူများက ကုမ္ပဏီအုပ်စုကို စာရင်းရှင်းလင်း ဖျက်သိမ်းရန် သို့မဟုတ် လုပ်ငန်းလည်ပတ်မှုများကို ရပ်ဆိုင်းရန် မရည်ရွယ်လျှင် သို့မဟုတ် ထိုသို့ပြုလုပ်ရန်လက်တွေ့ကျသော အခြားနည်းလမ်းမရှိသည် မဟုတ်လျှင် ဆက်လက်ရှင်သန်လည်ပတ်နိုင်စွမ်းရှိသည်ဟူသော စာရင်းကိုင်အခြေခံမှုကို အသုံးပြု၍ ဘဏ္ဍာရေးရှင်းတမ်းများကိုရေးဆွဲရန်တာဝန်ရှိပါသည်။

စီမံခန့်ခွဲမှုကြီးကြပ်သူများ၏ တာဝန်သည် ကုမ္ပဏီအုပ်စု၏ ဘဏ္ဍာရေးအစီရင်ခံခြင်း လုပ်ငန်းစဉ်ကို ကြီးကြပ်ကွပ်ကဲရန် တာဝန်ရှိပါသည်။

## စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများကို စာရင်းစစ်ဆေးခြင်းအတွက် စာရင်းစစ်၏တာဝန်

ကျွန်တော်များ၏ ရည်ရွယ်ချက်မှာ လိမ်လည်မှု၊ မှားယွင်းမှုကြောင့် စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများတစ်ခုလုံးသည် အရေးပါသော မှားယွင်းစွာဖော်ပြမှုများမှ ကင်းရှင်းကြောင်း၊ ကျိုးကြောင်းဆီလျော်သေချာမှုရရှိရန်နှင့် ကျွန်တော်များ၏ စာရင်းစစ် ထင်မြင် ယူဆချက်ပါဝင်သော စာရင်းစစ်အစီရင်ခံစာကို ထုတ်ပြန်ရန်ဖြစ်ပါသည်။ ကျိုးကြောင်းဆီလျော်သေချာမှု ဆိုသည်မှာ မြင့်မားသော အဆင့် သေချာမှုဖြစ်သော်လည်း နိုင်ငံတကာစာရင်းစစ်စံများနှင့်အညီ စာရင်းစစ်ဆေးရာတွင် တည်ရှိနေသော အရေးပါသည့် မှားယွင်းဖော်ပြချက်အား အမြဲတွေ့ရှိမည်ဟု အာမခံချက်ပေးခြင်းမဟုတ်ပါ။ မှားယွင်းဖော်ပြမှုများသည် လိမ်လည်မှု၊ မှားယွင်းမှုတို့

ကြောင့် ဖြစ်ပေါ်လာနိုင်ပြီး မှားယွင်းဖော်ပြမှုများသည် တစ်ခုခြင်း သို့မဟုတ် စုပေါင်းခြင်းအားဖြင့် စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများကို အသုံးပြုသူများ၏ စီးပွားရေးဆိုင်ရာဆုံးဖြတ်ချက်များကို ကျိုးကြောင်းဆီလျော်စွာ ဩဇာလွှမ်းမိုးနိုင်ခဲ့ပါက အရေးပါသည်ဟု စဉ်းစားပါသည်။

နိုင်ငံတကာစာရင်းစစ်စံများနှင့်အညီ စာရင်းစစ်ခြင်း၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ကျွန်တော်များသည် စာရင်းစစ်ဆေးမှုတစ်လျှောက် အတတ်ပညာပိုင်းဆိုင်ရာပိုင်းခြားချင့်ချိန်သုံးသပ်ခြင်းကို ကျင့်သုံးရန်နှင့် အတတ်ပညာရှင်ဆိုင်ရာ သံသယစိတ်ထားရှိရန်ဖြစ်ပါသည်။ ကျွန်တော်များသည်

- လိမ်လည်မှု၊ မှားယွင်းမှုကြောင့် စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများ၏ အရေးပါသော မှားယွင်းစွာ ဖော်ပြမှု အန္တရာယ်များအား ဖော်ထုတ်ရန်နှင့် အကဲဖြတ်ရန်၊ အဆိုပါအန္တရာယ်များအား တုံ့ပြန်သောစာရင်းစစ်လုပ်ထုံးလုပ်နည်းများ ရေးဆွဲဆောင်ရွက်ရန်၊ ကျွန်တော်များ၏ စာရင်းစစ်ထင်မြင်ယူဆချက်အတွက် အခြေခံမှုပြုရန် လုံလောက်သင့်လျော်သော စာရင်းစစ်အထောက်အထားများ ရယူရန်ဖြစ်ပါသည်။ လိမ်လည်မှုအရဖြစ်ပေါ်သော အရေးပါသည့်လွဲမှားဖော်ပြမှုများအား ဖော်ထုတ်မှုမပြုနိုင်ခြင်းအန္တရာယ်သည် မှားယွင်းမှုကြောင့်ဖြစ်ပေါ်သောအန္တရာယ်ထက် ပိုမိုမြင့်မားပါသည်။ အကြောင်းအရင်းမှာ လိမ်လည်မှုတွင် ပူးပေါင်းကြံစည်ခြင်း၊ အတုပြုလုပ်ခြင်း၊ ရည်ရွယ်ချက်ရှိရှိ ထိန်ချန်ထားခြင်း၊ လွဲမှားထွက်ဆိုခြင်း သို့မဟုတ် ဌာနတွင်းကြီးကြပ်မှုစနစ်အား ကျော်လွှားခြင်းတို့ ပါဝင်နိုင်သောကြောင့်ဖြစ်ပါသည်။

- အခြေအနေနှင့်သင့်လျော်သော စာရင်းစစ်လုပ်ထုံးလုပ်နည်းများကို ရေးဆွဲရန် စာရင်းစစ်ဆေးရာတွင် ဌာနတွင်း ကြီးကြပ်မှုစနစ်အား နားလည်ရန်လိုအပ်သော်လည်း ကုမ္ပဏီအုပ်စု၏ ဌာနတွင်းကြီးကြပ်မှုစနစ်ထိရောက်မှုအပေါ် စာရင်းစစ်ထင်မြင်ယူဆချက် ပေးရန် မရည်ရွယ်ပါ။

- စီမံအုပ်ချုပ်သူများမှ ပြုလုပ်ထားသော စာရင်းခန့်မှန်းချက်များနှင့် သက်ဆိုင်သည့်ထုတ်ဖော်ချက်များ၏ ကျိုးကြောင်းဆီလျော်မှုနှင့် အသုံးပြုထားသော စာရင်းဆိုင်ရာမူဝါဒများ၏ သင့်လျော်မှုကို အကဲဖြတ်ပါသည်။

- စီမံအုပ်ချုပ်သူများမှ အသုံးပြုသည့် ဆက်လက်ရှင်သန်လည်ပတ်နိုင်စွမ်းရှိသည်ဟူသော စာရင်းကိုင်အခြေခံမှု၏ သင့်လျော်မှုနှင့် ရရှိထားသောစာရင်းစစ်အထောက်အထားများအပေါ်အခြေခံ၍ ဆက်လက်ရှင်သန်လည်ပတ်နိုင်သောလုပ်ငန်းတစ်ခုအဖြစ်ဆက်လက်သွားနိုင်မည့်ကုမ္ပဏီအုပ်စု၏စွမ်းရည်အပေါ် သိသာသောသံသယဖြစ်စေသည့်အဖြစ်အပျက်များ သို့မဟုတ် အခြေအနေများနှင့်ဆက်နွယ်နေသည့် အရေးပါသော မသေချာမှုရှိ/ မရှိ ကောက်ချက်ချပါသည်။ အရေးပါသော မသေချာသည့် အခြေအနေရှိသည်ဟု ကောက်ချက်ချပါက ကျွန်တော်များအနေဖြင့် စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများတွင် ဖော်ပြထားသော အဆိုပါထုတ်ဖော်ချက်ကို အလေးဂရုပြုမိစေရန် စာရင်းစစ်အစီရင်ခံစာတွင် ရည်ညွှန်းဖော်ပြရန် လိုအပ်ပါသည်။ သို့မဟုတ်ပါက အဆိုပါထုတ်ဖော်ချက်များသည် လုံလောက်မှုမရှိလျှင် ကျွန်တော်များ၏ စာရင်းစစ်အစီရင်ခံစာအား ပြင်ဆင်ပြောင်းလဲရန် လိုအပ်ပါသည်။ ကျွန်တော်များ၏ သုံးသပ်ချက်သည် စာရင်းစစ်အစီရင်ခံစာထုတ်ပြန်သည့်နေ့အထိ ရရှိထားသော စာရင်းစစ်အထောက်အထားများအပေါ် အခြေခံပါသည်။ သို့သော် အနာဂတ်အဖြစ်အပျက် သို့မဟုတ် အခြေအနေများသည် ကုမ္ပဏီအုပ်စုအား ဆက်လက်ရှင်သန်လည်ပတ်နိုင်ခြင်းမရှိတော့ဘဲ ရပ်ဆိုင်းသွားရခြင်းမျိုး ဖြစ်ပေါ်လာနိုင်ပါသည်။

- ထုတ်ဖော်ချက်များအပါအဝင် စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများ၏ ခြုံငုံတင်ပြမှု၊ ဖွဲ့စည်းတည်ဆောက်မှု၊ ပါဝင်မှုများနှင့် စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများသည် အခြေခံလုပ်ဆောင်ချက်များနှင့် အဖြစ်အပျက်များကို မှန်ကန်မျှတစွာ တင်ပြထားခြင်းရှိ၊ မရှိ သုံးသပ်ပါသည်။

- ကုမ္ပဏီအုပ်စု၏ဘဏ္ဍာရေးရှင်းတမ်းများအပေါ် စာရင်းစစ်ထင်မြင်ယူဆချက်တစ်ခုကို ဖော်ပြရာတွင်အခြေခံမှုတစ်ခုအဖြစ် ကုမ္ပဏီအုပ်စုအတွင်းရှိ အဖွဲ့အစည်းများ သို့မဟုတ် လုပ်ငန်းယူနစ်များ၏ ဘဏ္ဍာရေးဆိုင်ရာအချက်အလက်များနှင့် ပတ်

သက်၍ လုံလောက်သင့်လျော်သော စာရင်းစစ်အထောက်အထားများရရှိရန် ကုမ္ပဏီအုပ်စုစစ်ဆေးခြင်းကို စီစဉ်လုပ်ဆောင်ပါသည်။ ကုမ္ပဏီအုပ်စုစစ်ဆေးခြင်း၏ရည်ရွယ်ချက်များအတွက် လုပ်ဆောင်ခဲ့သောစာရင်းစစ်လုပ်ငန်း၏ လမ်းညွှန်မှု၊ ကြီးကြပ်မှုနှင့် ပြန်လည်သုံးသပ်မှုအတွက် ကျွန်တော်များအဖွဲ့တွင် တာဝန်ရှိပါသည်။ ကျွန်တော်များ၏ စာရင်းစစ်ထင်မြင်ယူဆချက်အတွက် ကျွန်တော်များအဖွဲ့တွင်သာ တာဝန်ရှိပါသည်။

ကျွန်တော်များသည် စာရင်းစစ်ဆေးစဉ်အတွင်းတွေ့ရှိခဲ့သော ဌာနတွင်းကြီးကြပ်မှုစနစ်၏ အရေးပါသော အားနည်းချက်များ အပါအဝင် အရေးပါသော စာရင်းစစ်ဆေးတွေ့ရှိချက်များ၊ စာရင်းစစ်နယ်ပယ်နှင့် အချိန်အတိုင်းအတာ၊ အခြားကိစ္စရပ်များနှင့် စပ်လျဉ်း၍ စီမံခန့်ခွဲမှုကြီးကြပ်သူများနှင့် ဆက်သွယ်ဆောင်ရွက်ခဲ့ပါသည်။

ကျွန်တော်များသည် အမှီအခိုကင်းခြင်းနှင့်ပတ်သက်၍ သက်ဆိုင်သောကျင့်ဝတ်သိက္ခာပိုင်းဆိုင်ရာလိုအပ်ချက်များကို လိုက်နာဆောင်ရွက်ပြီးဖြစ်ကြောင်း တင်ပြချက်တစ်စောင်ကို စီမံခန့်ခွဲမှုကြီးကြပ်သူများသို့ ပေးအပ်ပြီး၊ ကျွန်တော်များ၏ အမှီအခိုကင်းခြင်းအပေါ် သက်ရောက်မှုရှိနိုင်သည်ဟု ကျိုးကြောင်းဆီလျော်စွာယူဆနိုင်သည့် ပတ်သက်ဆက်နွယ်မှုများ၊ အခြားကိစ္စရပ်များအားလုံးနှင့် လိုအပ်ပါက ကျွန်တော်များ၏အမှီအခိုကင်းခြင်းအပေါ် ခြိမ်းခြောက်မှုများကို ဖယ်ရှားရန် ဆောင်ရွက်ခဲ့သည့်အစီအမံများ သို့မဟုတ် ကျင့်သုံးခဲ့သည့် အကာအကွယ်ပေးရေး လုပ်ငန်းစဉ်များကိုလည်း ဆက်သွယ်အသိပေးပါသည်။

စီမံခန့်ခွဲမှုကြီးကြပ်သူများသို့ ဆက်သွယ်ဆောင်ရွက်ခဲ့သည့် ကိစ္စများအနက် လက်ရှိနှစ်၏ စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများကို စာရင်းစစ်ဆေးရာတွင် အရေးပါဆုံးသော ကိစ္စရပ်များကို အဓိကကျသော စာရင်းစစ်ဆေးခြင်းဆိုင်ရာ ကိစ္စရပ်များအဖြစ် သတ်မှတ်ထားပါသည်။ ဥပဒေ သို့မဟုတ် စည်းမျဉ်းများမှ အဆိုပါကိစ္စများနှင့်ပတ်သက်ပြီး အများပြည်သူသို့ထုတ်ဖော်ခြင်းကို တားမြစ်ထားခြင်းမရှိပါက ကျွန်တော်များ၏ စာရင်းစစ်အစီရင်ခံစာတွင် ဤကိစ္စရပ်များကို ဖော်ပြထားပါသည်။ အဆိုပါ ကိစ္စရပ်များကို တင်ပြခြင်း၏ နောက်ဆက်တွဲ ဆိုးကျိုးများသည် အများပြည်သူရရှိမည့် အကျိုးစီးပွားထက် ပိုများနေသည့် အလွန်ရှားပါးသော အခြေအနေများတွင် ကျွန်တော်များ၏အစီရင်ခံစာတွင် အဆိုပါ ကိစ္စရပ်များကို မတင်ပြရန် ဆုံးဖြတ်ပါသည်။

**အခြားဥပဒေနှင့် စည်းကမ်းချက်ဆိုင်ရာ လိုအပ်ချက်များအပေါ် အစီရင်ခံခြင်း**

ကျွန်တော်များအဖွဲ့သည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ

(၁) လိုအပ်သော သတင်းအချက်လက်များနှင့် ရှင်းလင်းချက်များအားလုံးကို ရရှိပြီးဖြစ်ကြောင်း

(၂) ကျွန်တော်များအဖွဲ့၏ အစစ်ဆေးခံ ကုမ္ပဏီနှင့် ၎င်း၏လက်အောက်ခံကုမ္ပဏီသည် မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေပုဒ်မ ၂၅၈ နှင့်အညီ ဘဏ္ဍာရေးဆိုင်ရာမှတ်တမ်းများကို ထိန်းသိမ်းထားရှိကြောင်း အစီရင်ခံအပ်ပါသည်။

ကြည်ဝင်း (ပီအေပီ-၄၉၃)
အစုဝင်
ဝင်းသင်နှင့်အဖွဲ့ လီမိတက်
စာရင်းစစ်လုပ်ငန်းမှတ်ပုံတင်အမှတ် အေအက်ဖ်စီ ၀၀၈

၂၀၂၆ ခုနှစ်၊ ဇွန်လ (၁၂) ရက်။

## မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်းပတ်ဘလစ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်နှင့် ၎င်း၏လက်အောက်ခံကုမ္ပဏီ

## ၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ စုပေါင်းဘဏ္ဍာရေးအခြေအနေပြရှင်းတမ်း

ငွေကြေး - မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း)

| | မှတ်စု | ၂၀၂၆ | ၂၀၂၅ |
|---|---|---|---|
| **ရရန်ပိုင်ခွင့်များ** | | | |
| **လက်ငင်းမဟုတ်သော ရရန်ပိုင်ခွင့်များ** | | | |
| မြေ၊ အဆောက်အဦ၊ စက်နှင့် စက်ပစ္စည်းကိရိယာ | ၈ | **၁၂,၆၉၆,၂၉၇** | ၂,၉၂၁,၈၃၇ |
| ထိတွေ့ကိုင်တွယ်၍မရသောရရန်ပိုင်ခွင့် | ၉ | **၁၁၇** | ၃၂၁ |
| တွဲဖက်ကုမ္ပဏီတွင် ရင်းနှီးမြှုပ်နှံမှု | ၁၀ | **၅၇,၈၁၃,၅၇၉** | ၅၀,၇၄၃,၈၆၈ |
| အခြားရင်းနှီးမြှုပ်နှံမှု | ၁၁ | **၁၀,၀၀၀** | ၁၀,၀၀၀ |
| ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်း | ၁၂ | **၃,၆၇၃,၃၁၁** | ၄,၉၃၃,၂၀၈ |
| ရွှေ့ဆိုင်းထားသောအခွန်ရရန်ပိုင်ခွင့်များ | ၁၃ | **၁၆၅,၉၂၀** | ၁၃၀,၇၂၄ |
| အရစ်ကျရောင်းချခြင်းမှ အသားတင်ရရန်ရှိ | ၁၄ | **၇၈၆,၆၁၄** | ၁၆၂,၉၅၈ |
| အခြားရရန်ပိုင်ခွင့်များ | ၁၅ | **၃၆၁,၃၁၆** | ၃၅၆,၅၁၆ |
| ထုတ်ယူခွင့်ကန့်သတ်ထားသောစာရင်းသေအပ်ငွေ | ၁၆ | **၅,၁၂၁,၂၀၀** | - |
| | | **၈၀,၆၂၈,၃၅၄** | ၅၉,၂၅၉,၄၃၂ |
| **လက်ငင်းရရန်ပိုင်ခွင့်များ** | | | |
| ငွေနှင့် ငွေသားညီမျှခြင်းများ | ၁၇ | **၈,၇၇၂,၅၇၀** | ၁၇,၇၃၃,၀၁၂ |
| ကုန်သွယ်မှုနှင့် အခြားရရန်ရှိများ | ၁၈ | **၂,၅၅၀,၇၅၁** | ၄,၂၁၁,၂၁၁ |
| ကုန်လက်ကျန်များ | ၁၉ | **၂၄,၈၈၇,၅၆၄** | ၂၄,၇၄၀,၄၀၀ |
| | | **၃၆,၂၁၀,၈၈၅** | ၄၆,၆၈၄,၆၂၃ |
| | | **၁၁၆,၈၃၉,၂၃၉** | ၁၀၅,၉၄၄,၀၅၅ |
| **ရင်းနှီးငွေနှင့် ပေးရန်တာဝန်များ** | | | |
| **ရင်းနှီးငွေ** | | | |
| ထုတ်ဝေပေးသွင်းပြီးအစုရှယ်ယာရင်းနှီးငွေ | ၂၀ | **၃၈,၉၂၉,၁၅၀** | ၃၈,၉၂၉,၁၅၀ |
| အမြတ်လက်ကျန်များ | | **၅၈,၃၃၉,၈၂၃** | ၅၄,၄၃၁,၂၅၂ |
| | | **၉၇,၂၆၈,၉၇၃** | ၉၃,၃၆၀,၄၀၂ |
| ထိန်းချုပ်မှုမရှိသောပိုင်ဆိုင်မှုများ | | **၈,၁၈၉,၁၃၄** | ၈,၀၆၈,၄၄၈ |
| | | **၁၀၅,၄၅၈,၁၀၇** | ၁၀၁,၄၂၈,၈၅၀ |
| **လက်ငင်းမဟုတ်သောပေးရန်တာဝန်များ** | | | |
| ချေးယူငွေ | ၂၁ | **၇,၇၀၀,၀၀၀** | - |
| ဝယ်သူများထံမှကြိုတင်ရငွေများ | | **၃၁၄,၃၀၃** | ၆၃,၄၄၅ |
| | | **၈,၀၁၄,၃၀၃** | ၆၃,၄၄၅ |
| **လက်ငင်းပေးရန်တာဝန်များ** | | | |
| ချေးယူငွေ | ၂၁ | **၃၀၀,၀၀၀** | - |
| ကုန်သွယ်မှုနှင့် အခြားပေးရန်ရှိများ | ၂၂ | **၂,၃၁၆,၆၉၄** | ၂,၈၆၂,၃၇၀ |
| လက်ငင်းအခွန်ပေးရန်တာဝန် | | **၇၅၀,၁၃၅** | ၁,၅၈၉,၃၉၀ |
| | | **၃,၃၆၆,၈၂၉** | ၄,၄၅၁,၇၆၀ |
| | | **၁၁၆,၈၃၉,၂၃၉** | ၁၀၅,၉၄၄,၀၅၅ |

စာမျက်နှာ ၁၂ မှ ၅၃ အထိ စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများအပေါ် မှတ်စုများကို ကြည့်ရန်။



**WIN AUNG**
**Chairman**
**MYANMAR THILAWA SEZ HOLDINGS PUBLIC CO., LTD.**

TUN LWIN
Vice Chairman
MYANMAR THILAWA SEZ HOLDINGS PUBLIC CO., LTD.

MYINT ZAW
Chief Executive Officer
Myanmar Thilawa SEZ Holdings Public Co., Ltd.

**Yu War Tun**
**Chief Financial Officer**
**MYANMAR THILAWA SEZ HOLDINGS PUBLIC CO.,LTD.**

**မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်းပတ်ဘလစ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်နှင့် ၎င်း၏လက်အောက်ခံကုမ္ပဏီ**

**၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ကုန်ဆုံးသောနှစ်အတွက် စုပေါင်းဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်း**

ငွေကြေး - မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း)

| | မှတ်စု | ၂၀၂၆ | ၂၀၂၅ |
|---|---|---|---|
| ဝင်ငွေ | ၂၄ | **၁၀,၇၃၄,၉၇၂** | ၂၀,၀၉၅,၈၄၀ |
| ကုန်ရောင်းတန်ဖိုး | ၂၅ | **(၃,၅၅၃,၅၁၇)** | (၁၃,၇၇၁,၂၇၉) |
| **အကြမ်းအမြတ်** | | **၇,၁၈၁,၄၅၅** | ၆,၃၂၄,၅၆၁ |
| အခြားဝင်ငွေ | ၂၆ | **၁၈,၇၃၉** | ၁၂,၀၄၃ |
| အခြားအမြတ်၊ (အရှုံး)များ | ၂၇ | **၂၂၃,၇၁၈** | ၇,၂၃၉,၀၃၃ |
| အရောင်း၊ ဈေးကွက်ရှာဖွေရေးနှင့် လုပ်ငန်းဖွံ့ဖြိုးမှုအတွက် | | | |
| ကုန်ကျစရိတ်များ | ၂၅ | **(၉၈,၄၄၈)** | (၄၉,၆၂၆) |
| စီမံခန့်ခွဲမှုစရိတ်များ | ၂၅ | **(၃,၃၆၁,၄၄၀)** | (၃,၈၈၅,၇၄၆) |
| ဘဏ္ဍာရေးဝင်ငွေ | ၂၈ | **၁,၁၁၆,၂၁၉** | ၇၂၈,၃၈၁ |
| ဘဏ္ဍာရေးစရိတ်များ | | **-** | (၁၄,၉၅၁) |
| **နှစ်အတွက်အမြတ်** | | **၅,၀၈၀,၂၄၃** | ၁၀,၃၅၃,၆၉၅ |
| တွဲဖက်ကုမ္ပဏီ၏ အချိုးကျအသားတင်အမြတ် | ၁၀ | **၇,၀၆၀,၄၉၂** | ၄,၃၉၂,၆၆၉ |
| **အခွန်မလျာထားမီအမြတ်** | | **၁၂,၁၄၀,၇၃၅** | ၁၄,၇၄၆,၃၆၄ |
| ဝင်ငွေခွန်စရိတ် | ၂၉ | **(၇၁၄,၉၃၉)** | (၁,၅၁၅,၁၃၁) |
| **နှစ်အတွက် အသားတင်အမြတ်** | | **၁၁,၄၂၅,၇၉၆** | ၁၃,၂၃၁,၂၃၃ |
| နှစ်အတွက် အခြားဝင်ငွေအလုံးစုံ | | **-** | - |
| **နှစ်အတွက် စုစုပေါင်းဝင်ငွေအလုံးစုံ** | | **၁၁,၄၂၅,၇၉၆** | ၁၃,၂၃၁,၂၃၃ |
| **ခွဲဝေနိုင်သောအမြတ်** | | | |
| ကုမ္ပဏီ၏ပိုင်ရှင်များ | | **၁၁,၃၀၅,၁၁၀** | ၁၂,၉၄၇,၄၂၂ |
| ထိန်းချုပ်မှုမရှိသောပိုင်ဆိုင်မှုများ | | **၁၂၀,၆၈၆** | ၂၈၃,၈၁၁ |
| **ခွဲဝေနိုင်သော စုစုပေါင်းဝင်ငွေအလုံးစုံ** | | | |
| ကုမ္ပဏီ၏ပိုင်ရှင်များ | | **၁၁,၃၀၅,၁၁၀** | ၁၂,၉၄၇,၄၂၂ |
| ထိန်းချုပ်မှုမရှိသောပိုင်ဆိုင်မှုများ | | **၁၂၀,၆၈၆** | ၂၈၃,၈၁၁ |
| **အစုရှယ်ယာတစ်စု၏ ဝင်ငွေ (တစ်စုလျှင်မြန်မာကျပ်)** | | | |
| **အစုရှယ်ယာတစ်စု၏ အခြေခံဝင်ငွေ** | ၃၀ | **၂၉၀** | ၃၃၃ |
| **အစုရှယ်ယာတစ်စု၏ အားပျော့စေသောဝင်ငွေ** | ၃၀ | **၂၉၀** | ၃၃၃ |

စာမျက်နှာ ၁၂ မှ ၅၃ အထိ စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများအပေါ် မှတ်စုများကို ကြည့်ရန်။

## မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်း ပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်နှင့် ၎င်း၏လက်အောက်ခံကုမ္ပဏီ

### ၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ကုန်ဆုံးသောနှစ်အတွက် စုပေါင်းအစုရှင်များ၏ ပိုင်ဆိုင်ခွင့်များ ပြောင်းလဲမှုရှင်းတမ်း

ငွေကြေး - မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း)

| | ထုတ်ဝေပေးသွင်းပြီး အစုရှယ်ယာရင်းနှီးငွေ | ကုမ္ပဏီ၏ပိုင်ရှင်များ အမြတ်လက်ကျန်များ | စုစုပေါင်း | ထိန်းချုပ်မှုမရှိသော ပိုင်ဆိုင်မှုများ | စုစုပေါင်းအစုရှင်များ၏ ပိုင်ဆိုင်ခွင့်များ |
|---|---|---|---|---|---|
| **၂၀၂၅ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန်** | ၃၈,၉၂၉,၁၅၀ | ၅၄,၄၃၁,၂၅၂ | ၉၃,၃၆၀,၄၀၂ | ၈,၀၆၈,၄၄၈ | ၁၀၁,၄၂၈,၈၅၀ |
| **ဝင်ငွေအလုံးစုံ** | | | | | |
| နှစ်အတွက် အမြတ် | - | ၁၁,၃၀၅,၁၁၀ | ၁၁,၃၀၅,၁၁၀ | ၁၂၀,၆၈၆ | ၁၁,၄၂၅,၇၉၆ |
| နှစ်အတွက် အခြားဝင်ငွေအလုံးစုံ | - | - | - | - | - |
| နှစ်အတွက် စုစုပေါင်းဝင်ငွေအလုံးစုံ | - | ၁၁,၃၀၅,၁၁၀ | ၁၁,၃၀၅,၁၁၀ | ၁၂၀,၆၈၆ | ၁၁,၄၂၅,၇၉၆ |
| **ပိုင်ရှင်များသို့/ ပိုင်ရှင်များထံမှ ထည့်ဝင်ငွေများ** | | | | | |
| အစုရှယ်ယာထုတ်ဝေခြင်း | - | - | - | - | - |
| အမြတ်ဝေစု | - | (၇,၃၉၆,၅၃၉) | (၇,၃၉၆,၅၃၉) | - | (၇,၃၉၆,၅၃၉) |
| ပိုင်ရှင်များသို့/ ပိုင်ရှင်များထံမှ စုစုပေါင်းထည့်ဝင်ငွေများ | - | (၇,၃၉၆,၅၃၉) | (၇,၃၉၆,၅၃၉) | - | (၇,၃၉၆,၅၃၉) |
| **၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ စာရင်းပိတ်လက်ကျန်** | ၃၈,၉၂၉,၁၅၀ | ၅၈,၃၃၉,၈၂၃ | ၉၇,၂၆၈,၉၇၃ | ၈,၁၈၉,၁၃၄ | ၁၀၅,၄၅၈,၁၀၇ |
| **၂၀၂၄ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန်** | ၃၈,၉၂၉,၁၅၀ | ၄၃,၄၃၀,၂၈၈ | ၈၂,၃၅၉,၄၃၈ | ၇,၇၈၄,၆၃၇ | ၉၀,၁၄၄,၀၇၅ |
| **ဝင်ငွေအလုံးစုံ** | | | | | |
| နှစ်အတွက် အမြတ် | - | ၁၂,၉၄၇,၄၂၂ | ၁၂,၉၄၇,၄၂၂ | ၂၈၃,၈၁၁ | ၁၃,၂၃၁,၂၃၃ |
| နှစ်အတွက် အခြားဝင်ငွေအလုံးစုံ | - | - | - | - | - |
| နှစ်အတွက် စုစုပေါင်းဝင်ငွေအလုံးစုံ | - | ၁၂,၉၄၇,၄၂၂ | ၁၂,၉၄၇,၄၂၂ | ၂၈၃,၈၁၁ | ၁၃,၂၃၁,၂၃၃ |
| **ပိုင်ရှင်များသို့/ ပိုင်ရှင်များထံမှ ထည့်ဝင်ငွေများ** | | | | | |
| အစုရှယ်ယာထုတ်ဝေခြင်း | - | - | - | - | - |
| အမြတ်ဝေစု | - | (၁,၉၄၆,၄၅၈) | (၁,၉၄၆,၄၅၈) | - | (၁,၉၄၆,၄၅၈) |
| ပိုင်ရှင်များသို့/ ပိုင်ရှင်များထံမှ စုစုပေါင်းထည့်ဝင်ငွေများ | - | (၁,၉၄၆,၄၅၈) | (၁,၉၄၆,၄၅၈) | - | (၁,၉၄၆,၄၅၈) |
| **၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ စာရင်းပိတ်လက်ကျန်** | ၃၈,၉၂၉,၁၅၀ | ၅၄,၄၃၁,၂၅၂ | ၉၃,၃၆၀,၄၀၂ | ၈,၀၆၈,၄၄၈ | ၁၀၁,၄၂၈,၈၅၀ |

စာမျက်နှာ ၁၂ မှ ၅၃ အထိ စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများအပေါ် မှတ်စုများကို ကြည့်ရန်။

## မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်းပတ်ဘလစ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်နှင့် ၎င်း၏လက်အောက်ခံကုမ္ပဏီ

**၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ကုန်ဆုံးသောနှစ်အတွက် စုပေါင်းငွေသားစီးဆင်းမှုရှင်းတမ်း**

ငွေကြေး - မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း)

| | မှတ်စု | ၂၀၂၆ | ၂၀၂၅ |
|---|---|---|---|
| **လုပ်ငန်းဆောင်ရွက်ချက်များမှ ငွေသားစီးဆင်းမှုများ** | | | |
| အခွန်မနုတ်မီ အသားတင်အမြတ် | | **၁၂,၁၄၀,၇၃၅** | ၁၄,၇၄၆,၃၆၄ |
| ငွေသားမဟုတ်သော ကိုက်ညှိရေးဆွဲချက်များ- | | | |
| တန်ဖိုးလျော့ | | **၃၀၄,၅၉၁** | ၃၆၀,၇၃၇ |
| ထိတွေ့ကိုင်တွယ်၍မရသောရရန်ပိုင်ခွင့်တန်ဖိုးလျော့ | | **၂၀၄** | ၂၀၁ |
| ပယ်ဖျက်ခြင်း - မြေ၊ အဆောက်အဦ၊ စက်နှင့် စက်ပစ္စည်းကိရိယာ | | **၂,၃၅၃** | ၅၃ |
| ပယ်ဖျက်ခြင်း - ကုန်လက်ကျန်များ | | **၉၂,၆၉၃** | - |
| မပေါ်ပေါက်ခဲ့သောအမြတ်စာရင်းညှိနှိုင်းမှု | | **(၂၀,၉၄၀)** | (၂၇,၀၃၄) |
| မြေ၊ အဆောက်အဦ၊ စက်နှင့် စက်ပစ္စည်းကိရိယာ ရောင်းချခြင်းမှအမြတ် | | **(၁၅၅,၅၀၀)** | - |
| တွဲဖက်ကုမ္ပဏီ၏ အချိုးကျအသားတင်အမြတ် | | **(၇,၀၆၀,၄၉၂)** | (၄,၃၉၂,၆၆၉) |
| အမှန်မပေါ်ပေါက်ခဲ့သော ငွေကြေးလဲလှယ်မှုအမြတ်များ | | **(၈၃,၅၄၅)** | (၂,၀၉၉,၅၆၃) |
| ဘဏ္ဍာရေးစရိတ်များ | | **-** | ၁၄,၉၅၁ |
| ဘဏ္ဍာရေးဝင်ငွေ | | **(၁,၁၁၆,၂၁၉)** | (၇၂၈,၃၈၁) |
| **လည်ပတ်ရင်းနှီးငွေပြောင်းလဲမှုမတိုင်ခင်လုပ်ငန်းဆောင်ရွက်ချက် အမြတ်** | | **၄,၁၀၃,၈၈၀** | ၇,၈၇၄,၆၅၉ |
| **လည်ပတ်ရင်းနှီးငွေ ပြောင်းလဲမှုများ** | | | |
| အရစ်ကျရောင်းချခြင်းမှ အသားတင်ရရန်ရှိ | | **(၆၂၃,၆၅၆)** | ၁၃၄,၁၄၂ |
| ကုန်သွယ်မှုနှင့် အခြားရရန်ရှိများ | | **၁,၅၈၄,၄၄၈** | (၁,၈၇၄,၄၉၅) |
| ကုန်လက်ကျန်များ | | **၉၁၅,၃၁၁** | (၁၈၃,၃၉၄) |
| ဝယ်သူများထံမှကြိုတင်ရငွေများ | | **၂၅၀,၈၄၃** | ၂၈,၉၁၆ |
| ကုန်သွယ်မှုနှင့် အခြားပေးရန်ရှိများ | | **(၇၅၀,၀၂၈)** | ၁,၂၅၀,၉၈၀ |
| | | **၅,၄၈၀,၇၉၈** | ၇,၂၃၀,၈၀၈ |
| ဝင်ငွေခွန်ပေးသွင်းငွေ | | **(၁,၇၁၂,၁၅၅)** | (၇၀၀,၀၀၀) |
| **လုပ်ငန်းဆောင်ရွက်ချက်များမှ အသားတင်ငွေသား စီးဝင်မှု/ (အသုံးပြုမှု)** | | **၃,၇၆၈,၆၄၃** | ၆,၅၃၀,၈၀၈ |
| **ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်ချက်များမှ ငွေသားစီးဆင်းမှုများ** | | | |
| မြေအဆောက်အအုံ၊စက်နှင့် စက်ပစ္စည်းကိရိယာဝယ်ယူမှု | | **(၉,၉၆၄,၉၅၄)** | (၁၀၂,၀၁၇) |
| မြေ၊ အဆောက်အဦ၊ စက်နှင့် စက်ပစ္စည်းကိရိယာ ရောင်းချရငွေ | | **၁၅၅,၅၀၀** | - |
| ထုတ်ယူခွင့်ကန့်သတ်ထားသောစာရင်းသေအပ်ငွေ | | **(၅,၀၃၈,၉၇၀)** | - |
| အခြားရပိုင်ခွင့်များ | | **(၄,၈၀၀)** | (၄,၈၀၀) |
| အတိုးရငွေ | | **၁,၃၁၅,၂၈၇** | ၃၈၁,၃၈၈ |
| **ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ချက်များအရ အသားတင်ငွေသား စီးဝင်မှု/ (အသုံးပြုမှု)** | | **(၁၃,၅၃၇,၉၃၇)** | ၂၇၄,၅၇၁ |
| **ဘဏ္ဍာရေးဆောင်ရွက်ချက်များမှ ငွေသားစီးဆင်းမှုများ** | | | |
| အစုရှင်များသို့ ထုတ်ပေးခဲ့သောအမြတ်ဝေစု | | **(၇,၁၉၂,၄၇၈)** | (၁,၉၇၄,၁၃၅) |
| အတိုးပေးငွေ | | **-** | (၃၈,၃၈၃) |
| ချေးယူခြင်းမှ ရငွေ | | **၈,၀၀၀,၀၀၀** | ၃၈၅,၀၀၀ |

| | | | |
|---|---|---|---|
| ချေးယူငွေ ပြန်ဆပ်ခြင်း | | - | (၈၂၅,၀၀၀) |
| **ဘဏ္ဍာရေးဆောင်ရွက်ချက်များမှ အသားတင်ငွေသား စီးဝင်မှု/ (အသုံးပြုမှု)** | | **၈၀၇,၅၅၂** | (၂,၄၅၂,၅၁၈) |
| **ငွေနှင့် ငွေသားညီမျှခြင်း အသားတင် အတိုး/ (အလျော့)** | | **(၈,၉၆၁,၇၇၂)** | ၄,၃၅၂,၈၆၁ |
| နှစ်အစရှိ ငွေနှင့် ငွေသားညီမျှခြင်းများ | | **၁၇,၇၃၃,၀၁၂** | ၁၁,၂၈၀,၈၈၄ |
| နိုင်ငံခြားငွေလဲလှယ်နှုန်းပြောင်းလဲမှု၏ အကျိုးသက်ရောက်မှု | | **၁,၃၃၀** | ၂,၀၉၉,၂၆၇ |
| **နှစ်အဆုံးရှိငွေနှင့် ငွေသားညီမျှခြင်းများ** | ၁၇ | **၈,၇၇၂,၅၇၀** | ၁၇,၇၃၃,၀၁၂ |

စာမျက်နှာ ၁၂ မှ ၅၃ အထိ စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများအပေါ် မှတ်စုများကို ကြည့်ရန်။

## ၁။ အထွေထွေ

မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်း ပတ်ဘလစ် အများနှင့် သက်ဆိုင်သော ကုမ္ပဏီ လီမိတက် (ကုမ္ပဏီ) ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ၂၀၁၃ ခုနှစ်၊ မေလ (၃) ရက်နေ့တွင် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရ ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ ထိုအက်ဥပဒေကို မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ (၂၀၁၇) ဖြင့် အစားထိုး ပြင်ဆင်ခဲ့ပါသည်။ အဆိုပါဥပဒေအသစ်အရ ကုမ္ပဏီကို ကုမ္ပဏီမှတ်ပုံတင်အမှတ် ၁၅၁၈၃၀၂၉၃ ဖြင့် ပြန်လည်မှတ်ပုံတင်ခဲ့ပြီး ဖြစ်ပါသည်။

Class A Project အား ရင်းနှီးတည်ဆောက်ခြင်း၊ ဈေးကွက်တင်ရောင်းချခြင်းနှင့် လုပ်ကိုင်လည်ပတ်ခြင်း အလို့ငှာ ဖက်စပ်ကုမ္ပဏီကို တည်ထောင်ရန်အတွက် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်အရ ဤကုမ္ပဏီနှင့် MMST LLP (MMS Thilawa Limited Liability Partnership) တို့အကြား နားလည်မှုမှတ်တမ်းသဝဏ်လွှာတစ်ရပ်ကို ၂၀၁၃ ခုနှစ် မေလ (၂၆) ရက် နေ့၌ လက်မှတ်ရေးထိုးခဲ့ကြပါသည်။

Class A Project အား ရင်းနှီးတည်ဆောက်ခြင်း၊ ဈေးကွက်တင်ရောင်းချခြင်းနှင့် လုပ်ကိုင်လည်ပတ်ခြင်းအလို့ငှာ ဖက်စပ်ကုမ္ပဏီကို တည်ထောင်ရန်အတွက် ဤကုမ္ပဏီသည် သီလဝါ SMC (Thilawa SEZ Management Committee) နှင့် MMSTD (MMS Thilawa Development Company Limited) တို့သည် ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ (၂၉) ရက် နေ့၌ ဖက်စပ်ကုမ္ပဏီသဘောတူညီချက်အား ချုပ်ဆိုဝင်ရောက်ခဲ့ကြပါသည်။ ယင်းဖက်စပ်ကုမ္ပဏီကို မြန်မာဂျပန်သီလဝါ ဒီဗလော့မန့် လီမိတက် (MJTD) အဖြစ် ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။

အချို့သော ကြိုတင်သတ်မှတ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပြီးစီးမှုအပေါ်မူတည်လျက်၊ ဖက်စပ်ကုမ္ပဏီ သဘောတူညီချက်အရ၊ ဤကုမ္ပဏီက ကနဦးအနေဖြင့် ဖက်စပ်ကုမ္ပဏီ၏ရှယ်ယာများတွင် ၄၁% အချိုးဖြစ်သော စုစုပေါင်း အမေရိကန်ဒေါ်လာ ၅၀,၀၀၀,၀၀၀ ကိုထည့်ဝင်ခဲ့ပါသည်။

မှတ်ပုံတင်ထားသောကုမ္ပဏီ၏ လိပ်စာသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ကမ်းနားလမ်း၊ ရွှေဇွဲ့ရေးဗားဗျူးကွန်းပလပ်၊ ၂၃ ဂိုး - ၁၊ အမှတ် - ၃ (ဘီ) တာဝါ - အေ၊ Penthouse – ၀၁ - ၀၂ တွင် တည်ရှိပါသည်။

ဤကုမ္ပဏီ၏ အဓိက စီးပွားရေးလုပ်ငန်းများမှာ

- Class A Project အား ရင်းနှီးတည်ဆောက်ခြင်း၊ ဈေးကွက်တင်ရောင်းချခြင်းနှင့် လုပ်ငန်းများဆောင်ရွက်ခြင်း တို့ကို တာဝန်ယူလုပ်ကိုင်မည့် ဖက်စပ်ကုမ္ပဏီတွင် ရင်းနှီးမြှုပ်နှံကာ ယင်း၏ စီမံအုပ်ချုပ်မှုတွင် ပါဝင်ဆောင်ရွက်ခြင်း။
- Class A Properties အား မြန်မာဆက်နွယ်အဖွဲ့အစည်းများထံ တစ်ဦးတည်းသောအေးဂျင့်အဖြစ် ဈေးကွက်တင်ရောင်းချခြင်းနှင့် Class A Properties အား မြန်မာနှင့်ဆက်နွယ်မှုမရှိသော အဖွဲ့အစည်းများ၊ သို့မဟုတ် ဂျပန်နှင့် မဆက်နွယ်သောအဖွဲ့အစည်းများသို့ ဂျပန်ပူးပေါင်းကော်ပိုရေးရှင်းအဖွဲ့မှ အဖွဲ့ဝင်များဖြင့် လက်တွဲကာ ဈေးကွက်တင်ရောင်းချခြင်းနှင့်

- ကျွန်ုပ်တို့၏ ဒါရိုက်တာများက ၎င်းတို့၏ ဆင်ခြင်တုံတရားအရ ဆုံးဖြတ်ကာ သီလဝါအထူးစီးပွားရေးဇုန် (Class A Area မှအပ) သို့မဟုတ် ၎င်း၏မည်သည့်အစိတ်အပိုင်းတွင်မဆို တည်ဆောက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း။

ကုမ္ပဏီနှင့်ပတ်သက်၍ ထပ်မံသိရှိလိုသောအချက်များအတွက် ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၇) ရက်စွဲပါ ကုမ္ပဏီ၏ အလားအလာညွှန်းတမ်းကို ကြည့်ရှုနိုင်ပါသည်။

ကုမ္ပဏီသည် ၂၀၁၆ ခုနှစ်၊ မေလ (၂၀)ရက် နေ့တွင် ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်ခဲ့ပါသည်။

လက်အောက်ခံကုမ္ပဏီ၏ အဓိက စီးပွားရေးလုပ်ငန်းများမှာ

- သီလဝါအထူးစီးပွားရေးဇုန်အတွင်း မြို့ပြအိမ်ယာဖွံ့ဖြိုးရေး လုပ်ငန်းများဖြစ်သည့် မြေယာများဖော်ထုတ်ခြင်း၊ စီးပွားရေးဇုန်များ၊ လူနေအိမ်ရာများ၊ ရုံးခန်းများနှင့် ဆက်စပ်အဆောက်အဦများ တည်ဆောက်ခြင်း၊ ရောင်းချခြင်းနှင့် ငှားရမ်းခြင်းတို့ဆောင်ရွက်ရန်။
- အကြံအင်ဂျင်နီယာလုပ်ငန်းများဆောင်ရွက်ရန်။
- ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ ကုန်ကြမ်း၊ ကုန်ချောပစ္စည်းများ၊ အထောက်အကူပြု စက်ယန္တရားယာဉ်နှင့် အရန်ဆက်စပ်ပစ္စည်းများကို ပြည်ပမှတင်သွင်းခြင်း၊ ပြည်တွင်း၌ဝယ်ယူခြင်း၊ ငှားရမ်းခြင်းနှင့် ပြန်လည်ရောင်းချခြင်း။
- ကုမ္ပဏီအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ အကျိုးဖြစ်ထွန်းစေမည်ဆိုပါက မည်သည့်ပုဂ္ဂိုလ် (သို့မဟုတ်) ကုမ္ပဏီနှင့်မဆို အစုစပ်ဝင်လုပ်ရန် (သို့မဟုတ်) အမြတ်များအား မျှဝေရန်အတွက် စီစဉ်မှုကိစ္စရပ်တွင် ပါဝင်ရန် (သို့မဟုတ်) အကျိုးအမြတ်အတွက် ပူးပေါင်းဖွဲ့စည်းရန် (သို့မဟုတ်) ဖက်စပ်လုပ်ကိုင်ရန်။
- မြေယာအဆောက်အအုံအပါအဝင် ပိုင်ဆိုင်မှုများ၊ ရပိုင်ခွင့်များ၊ လုပ်ငန်းလုပ်ပိုင်ခွင့်များ၊ လိုင်စင်များ၊ ဂရန်များ၊ မူပိုင်များ၊ ကုန်အမှတ်တံဆိပ်များ၊ မူပိုင်ခွင့်များ၊ ဝယ်ရန် (သို့မဟုတ်) အခြားနည်းလမ်းများဖြင့် ရယူရန်နှင့် ၎င်းပစ္စည်းများနှင့် အခွင့်အရေးများကို သင့်တော်သလို ဖွံ့ဖြိုးတိုးတက်စေရန်၊ အကျိုးရှိစွာအသုံးချရန်နှင့် စီမံဆောင်ရွက်ရန်။

စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများသည် ၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့နှင့် ထိုနေ့ကုန်ဆုံးသော နှစ်အတွက် ကုမ္ပဏီနှင့် ၎င်း၏လက်အောက်ခံကုမ္ပဏီ ("ကုမ္ပဏီအုပ်စု") တို့ပါဝင်ပါသည်။

## ၂။ အရေးပါသော စာရင်းကိုင်မူအချက်အလက်

စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများကို ရေးဆွဲရာတွင် အသုံးပြုခဲ့သော အဓိကစာရင်းကိုင်မူများကို အောက်တွင် ဖော်ပြထားပါသည်။ အခြားတစ်စုံတစ်ရာဖော်ပြထားခြင်းမရှိပါက ဤမူများကို နှစ်စဉ် တစ်သမတ်တည်း ကျင့်သုံးပါသည်။

### ၂.၁ စာရင်းရေးဆွဲခြင်းဆိုင်ရာအခြေခံမှု

(၁) နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများ နှင့် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာမှုရှိကြောင်းထုတ်ပြန်ချက်

ကုမ္ပဏီအုပ်စု၏စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများကို နိုင်ငံတကာစာရင်းကိုင်စံဘုတ်အဖွဲ့မှထုတ်ပြန်ထားသော နိုင်ငံတကာ ဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများနှင့် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ရေးဆွဲထားပါသည်။

(၂) မူရင်းကုန်ကျစရိတ်သဘောတူညီချက်

ကုမ္ပဏီအုပ်စု၏စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများကို သက်ဆိုင်သည့်စာရင်းကိုင်မူများတွင် ဖော်ပြထားသည့်အချို့အချက်များမှလွဲ၍ မူရင်းကုန်ကျစရိတ်အခြေခံမူဖြင့်ရေးဆွဲထားပါသည်။

(၃) စတင်အကျိုးသက်ရောက်မှုရှိသောအသစ်ပြဋ္ဌာန်းသည့်စာရင်းကိုင်စံများ၊ ပြင်ဆင်ထားသည့်စာရင်းကိုင်စံများနှင့် ရှင်းလင်းချက်များ

အောက်ပါပြင်ဆင်ချက်များသည် ၂၀၂၅ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှစတင်၍ နှစ်စဉ်အစီရင်ခံကာလအတွက် အကျိုးသက်ရောက်ပါသည်။

- လဲလှယ်နိုင်မှုမရှိခြင်း (နိုင်ငံတကာစာရင်းကိုင်စံ ၂၁ ကို ပြင်ဆင်ချက် နိုင်ငံခြားငွေလဲလှယ်နှုန်းများ အပြောင်းအလဲများ၏ အကျိုးသက်ရောက်မှုများ)

ဤပြင်ဆင်ချက်သည် ကုမ္ပဏီအုပ်စု၏ စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများအပေါ် သိသာထင်ရှားသောသက်ရောက်မှု တစ်စုံတစ်ရာမရှိပါ။

(၄) စတင်အကျိုးသက်ရောက်မှုမရှိသေးသော အသစ်ပြဋ္ဌာန်းသည့်စာရင်းကိုင်စံများ၊ ပြင်ဆင်ထားသည့်စာရင်းကိုင်စံများနှင့် ရှင်းလင်းချက်များ

ကုမ္ပဏီအုပ်စုက ဆောလျှင်စွာ လက်ခံကျင့်သုံးခြင်းမပြုရန် ဆုံးဖြတ်ထားသည့် အနာဂတ်စာရင်းကာလများတွင် အကျိုးသက်ရောက်မည့် နိုင်ငံတကာစာရင်းကိုင်စံဘုတ်အဖွဲ့မှထုတ်ပြန်ထားသော အချို့သောအသစ်ပြဋ္ဌာန်းသည့်စာရင်းကိုင်စံများ၊ ပြင်ဆင်ထားသည့်စာရင်းကိုင်စံများနှင့် ရှင်းလင်းချက်များရှိပါသည်။

အောက်ပါပြင်ဆင်ချက်များသည် ၂၀၂၆ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှစတင်၍ နှစ်စဉ်အစီရင်ခံကာလအတွက် အကျိုးသက်ရောက်ပါသည်။

- ဘဏ္ဍာရေးဆိုင်ရာ စာချုပ်စာတမ်းများ အမျိုးအစားခွဲခြင်းနှင့် တိုင်းတာခြင်းကို ပြင်ဆင်ချက်များ (နိုင်ငံတကာ ဘဏ္ဍာရေးအစီရင်ခံခြင်းစံ ၉ ဘဏ္ဍာရေးဆိုင်ရာ စာချုပ်စာတမ်းများ နှင့် နိုင်ငံတကာ ဘဏ္ဍာရေး အစီရင်ခံခြင်းစံ ၇ ကို ပြင်ဆင်ချက်များ)

ဤပြင်ဆင်ချက်များသည် ကုမ္ပဏီအုပ်စု၏ စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများအပေါ် သက်ရောက်မှုရှိမည်ဟု ကုမ္ပဏီအုပ်စုမှ မျှော်လင့်မထားပါ။

အောက်ပါနိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းစံသည် ၂၀၂၇ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစတင်၍ နှစ်စဉ်အစီရင်ခံကာလအတွက် အကျိုးသက်ရောက်ပါသည်။

- နိုင်ငံတကာ ဘဏ္ဍာရေးအစီရင်ခံခြင်းစံ ၁၈ ဘဏ္ဍာရေးရှင်းတမ်းများတွင် တင်ပြခြင်းနှင့် ထုတ်ဖော်ခြင်း။

ကုမ္ပဏီအုပ်စုသည် ၎င်း၏မဖြစ်မနေအသက်ဝင်မည့် ၂၀၂၇ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှစတင်၍ နိုင်ငံတကာဘဏ္ဍာရေး အစီရင်ခံခြင်းစံအသစ်ကို ကျင့်သုံးမည်ဖြစ်သည်။ နောက်ကြောင်းပြန်ကျင့်သုံးမှု လိုအပ်ပါသည်။ ထို့ကြောင့် ၂၀၂၇ ခုနှစ်၊ မတ်လ (၃၁)ရက် ကုန်ဆုံးမည့်ဘဏ္ဍာရေးနှစ်အတွက် နှိုင်းယှဉ်အချက်အလက်များကို နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံ ခြင်းစံ ၁၈ နှင့်အညီ ပြန်လည်ဖော်ပြမည်ဖြစ်ပါသည်။

အောက်ပါနိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းစံသည် ၂၀၂၇ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှစတင်၍ နှစ်စဉ်အစီရင်ခံကာ လအတွက် အကျိုးသက်ရောက်ပါသည်။

- နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းစံ ၁၉ အများပြည်သူတာဝန်ခံမှုမရှိဘဲ လက်အောက်ခံကုမ္ပဏီများ - ထုတ်ဖော်မှုများ

ဤနိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းစံသည် ကုမ္ပဏီအုပ်စု၏ စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများအပေါ် သက်ရောက်မှုရှိမည်ဟု ကုမ္ပဏီအုပ်စု မှ မျှော်လင့်မထားပါ။

## (၂.၂) နိုင်ငံခြားငွေကြေးအား ပြောင်းလဲသတ်မှတ်ခြင်း

### (၁) လုပ်ငန်းလုပ်ဆောင်သည့် ငွေကြေးနှင့် စာရင်းတင်ဖော်ပြသည့်ငွေကြေး

ကုမ္ပဏီအုပ်စု၏ စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများတွင်ပါဝင်သော အကြောင်းအရာများကို ကုမ္ပဏီအုပ်စု၏ အဓိကကျသော စီးပွားရေးနယ်ပယ်တွင် အသုံးပြုသော ငွေကြေး (Functional currency) ဖြင့်တိုင်းတာပါသည်။ စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများတွင် မြန်မာကျပ်ငွေဖြင့် ဖော်ပြထားပြီး ယင်းမြန်မာကျပ်ငွေသည် ကုမ္ပဏီအုပ်စု၏ စာရင်းတင်ဖော်ပြသည့်ငွေကြေး (Presentation currency) ဖြစ်သည့်အပြင် လုပ်ငန်းလုပ်ဆောင်သည့် ငွေကြေး (Functional currency) လည်း ဖြစ်သည်။ ငွေကြေးများအားလုံးကို အခြားနည်းလမ်းများဖြင့် ဖော်ပြထားခြင်းမရှိဘဲ အနီးစပ်ဆုံး ကျပ်ထောင်ပေါင်းဖြင့် ဖော်ပြထားပါသည်။

### (၂) လုပ်ငန်းဆောင်ရွက်ချက်နှင့် စာရင်းလက်ကျန်များ

နိုင်ငံခြားငွေဖြင့်ပြုလုပ်သော လုပ်ငန်းလုပ်ဆောင်ချက်များကို လုပ်ဆောင်ချက်ဖြစ်ပေါ်သည့် နေ့တွင်ရှိသော ငွေလဲနှုန်းဖြင့် လုပ်ငန်းဆောင်ရွက်သည့် ငွေကြေးအဖြစ်သို့ ပြောင်းလဲထားပါသည်။ နိုင်ငံခြားငွေဖြင့် ဖော်ပြသော ငွေကြေးနှင့် သက်ဆိုင်သည့် ပိုင်ဆိုင်ပစ္စည်းနှင့် ပေးရန်တာဝန်များကို ဘဏ္ဍာရေးနှစ်ကုန်ဆုံးချိန်ရှိ ငွေလဲနှုန်းဖြင့် ပြောင်းလဲသတ်မှတ်ရမှာသော်လည်းကောင်း၊ ၎င်းနိုင်ငံခြားငွေကြေးများကို စာရင်းရှင်းလင်းရာမှာသော်လည်းကောင်း ဖြစ်ပေါ်လာသော နိုင်ငံခြားငွေအမြတ်၊ အရှုံးများကို စုပေါင်းဝင်ငွေရှင်းတမ်းတွင် အသိအမှတ်ပြုစာရင်းရေးသွင်းပါသည်။

## (၂.၃) ကုမ္ပဏီအုပ်စုစာရင်းရေးဆွဲခြင်း

### (က) လက်အောက်ခံကုမ္ပဏီများ

စာရင်းစုပေါင်းမှု

လက်အောက်ခံကုမ္ပဏီများဆိုသည်မှာ ကုမ္ပဏီအုပ်စုက ယင်းကုမ္ပဏီများ၏ လုပ်ငန်းဆောင်ရွက်ချက်များမှ ပေါ်ပေါက်လာသော အကျိုးအမြတ်များကို ရရှိရန်နှင့် ဘဏ္ဍာရေးနှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ မူဝါဒများကို ကုမ္ပဏီအုပ်စုက

ထိန်းချုပ်ပိုင်ခွင့်ရှိသော အဖွဲ့အစည်းများ (အထူးလုပ်ငန်းဆောင်ရွက်ရန် အဖွဲ့အစည်းများ အပါအဝင်) ဖြစ်ပြီး ယေဘုယျအားဖြင့် အဓိကမဲပေးပိုင်ခွင့်ရှိသည့် ရှယ်ယာပိုင်ဆိုင်မှုဖြစ်ပါသည်။ ကုမ္ပဏီအုပ်စုက အခြားအဖွဲ့အစည်းကို ထိန်းချုပ်မှုရှိ၊ မရှိ အကဲဖြတ်သောအခါ လက်ရှိကျင့်သုံးခွင့်ရှိသော (သို့မဟုတ်) ပြောင်းလဲခွင့် ရှိသော အလားအလာရှိသည့် မဲပေးပိုင်ခွင့်၏ တည်ရှိမှုနှင့် အကျိုးဆက်ကို ထည့်သွင်းစဉ်းစားပါသည်။ လက်အောက်ခံ ကုမ္ပဏီများကို ကုမ္ပဏီအုပ်စုသို့ ထိန်းချုပ်မှုလွှဲပြောင်းသည့်နေ့ရက်မှစ၍ စာရင်းစုပေါင်းရေးဆွဲပါသည်။ ၎င်းတို့ကို ထိန်းချုပ်မှုရပ်စဲသည့်နေ့ရက်မှစ၍ စာရင်းစုပေါင်းချုပ်ရေးဆွဲခြင်းကို ရပ်စဲပါသည်။

စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများရေးဆွဲရာတွင် လုပ်ငန်းဆောင်ရွက်ချက်များ၊ လက်ကျန်များနှင့် ကုမ္ပဏီအုပ်စုများ အကြားရှိ လုပ်ငန်းဆောင်ရွက်ချက်များအပေါ် အမှန်မရရှိသေးသော (Unrealised) အမြတ်များကိုဖယ်ထုတ်ထားပါသည်။ အမှန်မပေါ်ပေါက်သေးသော (Unrealised) အရှုံးများကိုလည်း ဖယ်ထုတ်ထားပါသည်။ သို့သော် ယင်းတို့ကို လွှဲပြောင်းပေးသောရပိုင်ခွင့်၏ တန်ဖိုးကျဆွန်းကိန်းတစ်ခုအဖြစ် ထည့်သွင်းစဉ်းစားပါသည်။ လက်အောက်ခံကုမ္ပဏီများ၏ စာရင်းဆိုင်ရာမူဝါဒများကို ကုမ္ပဏီအုပ်စုက လက်ခံကျင့်သုံးသော မူဝါဒများနှင့် လိုက်လျောညီထွေ ဖြစ်စေရန် လိုအပ်သည့်အခါ ပြောင်းလဲထားပါသည်။

ထိန်းချုပ်နိုင်ခွင့်မရှိသောပိုင်ဆိုင်သူများဆိုသည်မှာ ကုမ္ပဏီအုပ်စုကိုပိုင်ဆိုင်သူများက တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း မပိုင်ဆိုင်သောအကျိုးစီးပွားများ (Interests) က ဖြစ်ပေါ်စေသော လက်အောက်ခံ ကုမ္ပဏီတစ်ခု၏ အသားတင်ပိုင်ဆိုင်မှုများနှင့် လုပ်ငန်းဆောင်ရွက်မှု အသားတင်ရလဒ်များကို ခွဲဝေ၍ပေးရသော အပိုင်းဖြစ်ပါသည်။ ၎င်းတို့ကို စုပေါင်းဘဏ္ဍာရေးအခြေအနေပြရှင်းတမ်းတွင် ပါဝင်သော စုပေါင်းဝင်ငွေအလုံးစုံပါဝင်သော ရှင်းတမ်းနှင့် စုပေါင်းအစုရှင်များ၏ ပိုင်ဆိုင်ခွင့်များပြောင်းလဲမှုရှင်းတမ်းတို့တွင် ခွဲခြားဖော်ပြပါသည်။ ဝင်ငွေအလုံးစုံ ပါဝင်သောရှင်းတမ်း (Comprehensive income) မှာ ထိန်းချုပ်နိုင်ခြင်းမရှိသော အကျိုးစီးပွားသည် လိုငွေလက်ကျန် ဖြစ်နေသည့်တိုင်အောင် သက်ဆိုင်ရာလက်အောက်ခံကုမ္ပဏီတစ်ခုတွင် ယင်းတို့၏သက်ဆိုင်ရာ အကျိုးစီးပွား (Interests) အပေါ် အခြေခံသော ထိန်းချုပ်မှုမရှိသော ပိုင်ဆိုင်မှုများကြောင့် ဖြစ်ပေါ်လာသည့်ငွေများ ဖြစ်ပါသည်။

(ခ) တွဲဖက်ကုမ္ပဏီများ

တွဲဖက်ကုမ္ပဏီများမှာ ကုမ္ပဏီအုပ်စုက ၎င်းတို့အပေါ် သိသာထင်ရှားသော ဩဇာသက်ရောက်မှုရှိသော်လည်း ထိန်းချုပ်နိုင်မှုမရှိသောအဖွဲ့အစည်းများ ဖြစ်ပါသည်။ ယေဘုယျအားဖြင့် ရှယ်ယာတစ်စုပိုင်ဆိုင်မှုအရေအတွက် ၂၀% နှင့် ၅၀% ထက်မပိုသော မဲပေးခွင့်ရှိသည့်အဖွဲ့အစည်းများ ဖြစ်ပါသည်။ တွဲဖက်ကုမ္ပဏီများတွင် ရင်းနှီးမြှုပ်နှံမှုများကို Equity နည်းဖြင့် စာရင်းဖော်ပြပြီး တန်ဖိုးကျဆုံးရှုံးမှုများကို နုတ်၍ စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများတွင် စာရင်းဖော်ဆောင် ပါသည်။

(ဂ) Equity နည်းဖြင့် စာရင်းရေးဆွဲခြင်း

Equity နည်းဖြင့်စာရင်းရေးဆွဲရာတွင် တွဲဖက်ကုမ္ပဏီများတွင် ကနဦးရင်းနှီးမြှုပ်နှံမှုပြုပြီး နောက်ပိုင်းပေါ်ပေါက်လာသော အရှုံး၊ အမြတ်ဝေစုကို အရှုံး၊ အမြတ်စာရင်းတွင် အသိအမှတ်ပြုစာရင်းရေးသွင်းပြီး ၎င်းကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှု နောက်ပိုင်း ကာလ အခြားအလုံးစုံပါဝင်သောဝင်ငွေကို အခြားအလုံးစုံပါဝင်သောဝင်ငွေတွင် အသိအမှတ်ပြုစာရင်းရေး သွင်းပါသည်။ ထို ရင်းနှီးမြှုပ်နှံမှု နောက်ပိုင်းကာလ ဆောင်ရွက်မှုများနှင့် တွဲဖက်ကုမ္ပဏီများထံမှ ခွဲဝေရရှိမှုများကို ရင်းနှီးမြှုပ်နှံမှုများ၏ သယ်ဆောင်တန်ဖိုး (Carrying amount) တွင် စာရင်းညှိနှိုင်းပါသည်။ အခြားမည်သည့် လက်ငင်း မဟုတ်သော အကာအကွယ်မဲ့ ရပိုင်ခွင့်များအပါအဝင် တွဲဖက်ကုမ္ပဏီတစ်ခုတွင် ကုမ္ပဏီအုပ်စု၏ အရှုံးဝေစုသည် တွဲဖက်ကုမ္ပဏီရှိ ၎င်း၏ပိုင်ဆိုင်မှုနှင့် တူညီသောအခါ (သို့မဟုတ်) ကျော်လွန်သောအခါ ကုမ္ပဏီအုပ်စုသည်

ပေးရန်တာဝန်မရှိခဲ့လျှင် (သို့မဟုတ်) တွဲဖက်ကုမ္ပဏီ၏ ကိုယ်စားပေးချေမှု မပြုလုပ်ခဲ့လျှင် နောက်ထပ်အရှုံးများကို စာရင်းရေးသွင်းအသိ အမှတ်မပြုပါ။

တွဲဖက်ကုမ္ပဏီများနှင့် ကုမ္ပဏီအုပ်စုအကြား စာရင်းရေးသွင်းချက်များအပေါ် (Unrealised gains) ကို တွဲဖက်ကုမ္ပဏီများတွင် ကုမ္ပဏီအုပ်စု၏ ပိုင်ဆိုင်မှုနှင့်ညီမျှသည်အထိ စာရင်းပယ်ဖျက်သည်။ လုပ်ဆောင်ချက်များသည် လွှဲပြောင်းလိုက်သော ပိုင်ဆိုင်မှုများ၏ တန်ဖိုးလျော့ကျမှုကို အထောက်အထားမပြသလျှင် (Unrealised loss) ကိုလည်း စာရင်းပယ်ဖျက်ပါသည်။ တွဲဖက်ကုမ္ပဏီများ၏ စာရင်းဆိုင်ရာမူဝါဒများကို ကုမ္ပဏီအုပ်စုက လက်ခံကျင့်သုံးသော စာရင်းဆိုင်ရာမူဝါဒများနှင့် တသမတ်တည်းဖြစ်စေရန် လိုအပ်ပါက ပြုပြင်ပြောင်းလဲထားပါသည်။

(၂.၄) မြေ၊ အဆောက်အဦ၊ စက်နှင့် စက်ပစ္စည်းကိရိယာ

မြေ၊ အဆောက်အဦ၊ စက်နှင့် စက်ပစ္စည်းကိရိယာကို မူရင်းတန်ဖိုးမှ စုစုပေါင်းတန်ဖိုးလျော့နှင့် တန်ဖိုးကျ၍ ဆုံးရှုံးငွေပမာဏတို့ကိုနုတ်၍ ဖော်ပြထားပါသည်။ ကုန်ကျစရိတ်တွင် စီမံအုပ်ချုပ်သူကရည်ရွယ်ထားသည့်ပုံစံအတိုင်း ထိုရပိုင်ခွင့်ကိုလုပ်ငန်းခွင်သို့ ရောက်ရှိရန်သယ်ဆောင်ခြင်းနှင့် လည်ပတ်နိုင်ရန်လိုအပ်သည့်အခြေအနေရောက်ရှိရန်အတွက် တိုက်ရိုက်သက်ဆိုင်သော အသုံးစရိတ်များအားလုံး ပါဝင်ပါသည်။

နောက်ဆက်တွဲကုန်ကျစရိတ်များကို စာရင်းရေးသွင်းရာတွင် ရရန်ပိုင်ခွင့်၏ကုန်ကျစရိတ်ကို တိတိကျကျ တိုင်းတာနိုင်သောအခါနှင့် ပစ္စည်းနှင့်သက်ဆိုင်သောအနာဂတ်စီးပွားရေးအကျိုးကျေးဇူးများ ကုမ္ပဏီအုပ်စုအတွင်းသို့ စီးဝင်လာနိုင်ဖွယ်ရှိသောအခါတို့တွင်သာလျှင် အသားတင်သင့်ငွေပမာဏ (သို့မဟုတ်) သီးခြားရပိုင်ခွင့်အနေဖြင့် စာရင်းဖော်ဆောင်ပါသည်။ အစားထိုးလဲလှယ်လိုက်သော ပစ္စည်းအစိတ်အပိုင်း၏အရင်းအရ တန်ဖိုးငွေကို ပယ်ဖျက်ပေးရပါမည်။ အခြားပြင်ဆင်စရိတ်နှင့် ပြုပြင်ထိန်းသိမ်းရေးစရိတ်များအားလုံးကို သက်ဆိုင်ရာကာလ၏ အရှုံး၊ အမြတ်တွင် ကျခံရပါသည်။

သတ်မှတ်ထားသည့်လုပ်ငန်းအတွက်အသုံးပြုရန် အဆင်သင့်ဖြစ်သည့်အချိန်မှစ၍ တည်ဆောက်ဆဲရရန်ပိုင်ခွင့်များအပေါ် တန်ဖိုးလျော့တွက်ချက်ခြင်းကို စတင်ပါသည်။ မြေ၊ အဆောက်အဦ၊ စက်နှင့် စက်ပစ္စည်းကိရိယာ၏ကုန်ကျ စရိတ်ကို တန်ဖိုးလျော့ကိုတွက်ချက်ရာတွင် ၎င်းပစ္စည်း၏ အကြွင်းတန်ဖိုး နုတ်ပြီးသားတန်ဖိုးနှင့် ခန့်မှန်းအသုံးဝင်မှုသက်တမ်းပေါ်တွင်မူတည်၍ မျဉ်းဖြောင့်နည်းဖြင့် တွက်ချက်ထားပါသည်။ ခန့်မှန်းတန်ဖိုးလျော့ရာခိုင်နှုန်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| | |
|---|---|
| ငှားရမ်းထားသောမြေ | ၂.၁၉% |
| စက်ရုံ | ၅% |
| မီးအားမြှင့်စက် | ၂.၁၇% |
| အဆောက်အဦ | ၂% / ၂.၁၇% |
| စွန့်ပစ်ပစ္စည်းသိုလှောင်ကန် | ၅% |
| စက်နှင့် စက်ပစ္စည်းများ | ၂၀% |
| မော်တော်ယာဉ် | ၂၀% |
| ကွန်ပျူတာနှင့် စက်ပစ္စည်းများ | ၂၀% |
| ပရိဘောဂနှင့် ကိရိယာများ | ၁၀% - ၄၀% |
| ရုံးခန်းပြန်လည်ပြုပြင်မွမ်းမံခြင်း | ၅% / ၂၀% |
| နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားစနစ် | ဝ.ဝ၈၃% - ၂၀% |

ရရန်ပိုင်ခွင့်များ၏ ခန့်မှန်းအသုံးဝင်သက်တမ်းနှင့် တန်ဖိုးလျော့နည်းစနစ်ကို စုပေါင်းဘဏ္ဍာရေးအခြေအနေပြရှင်းတမ်းရေးဆွဲသည့်နေ့တွင် ပြန်လည်သုံးသပ်၍ သင့်တော်သော ညှိနှိုင်းမှုများကို လုပ်ဆောင်ပါသည်။ ပြောင်းလဲမှုများဖြစ်ပေါ်လာသောအခါ ပြင်ဆင်ချက်တိုင်း၏ အကျိုးသက်ရောက်မှုကို အရှုံး၊အမြတ်ထဲတွင် အသိအမှတ်ပြုစာရင်းရေးသွင်းပါသည်။

ထုခွဲရောင်းချခြင်း၏ အရှုံး၊ အမြတ်ကို တွက်ချက်ရာတွင် ဝင်ငွေနှင့် အသားတင်သင့်ငွေပမာဏတို့ကို နှိုင်းယှဉ်ခြင်းအားဖြင့် ဆုံးဖြတ်၍ စုပေါင်းဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်းရှိ အခြားအမြတ်၊အရှုံးစာရင်းတွင် အသိအမှတ်ပြုစာရင်းရေးသွင်းပါသည်။

(၂.၅) ထိတွေ့ကိုင်တွယ်၍မရသောရရန်ပိုင်ခွင့်များ

စာရင်းကိုင်နှင့် လုပ်ခလစာစာရင်းဆော့ဝဲ(လ်) (Accounting and payroll software)

စာရင်းကိုင်နှင့် လုပ်ခလစာစာရင်းဆော့ဝဲ(လ်)လိုင်စင်ကို ကနဦးတွင် မူရင်းတန်ဖိုးဖြင့် စာရင်းသွင်းပြီးဝယ်ဈေး (လျှော့ပေးငွေများနှင့် ပြန်ရငွေများကိုနှုတ်ပြီးအသားတင်) ပါဝင်သော မူရင်းတန်ဖိုးနှင့် ၎င်း၏ ရည်ရွယ်ထားသောအသုံးပြုမှုအတွက် မွမ်းမံခြင်းဆိုင်ရာ တိုက်ရိုက်ကုန်ကျသော အခြားစရိတ်များကိုပါ စာရင်းသွင်းဖော်ပြပါသည်။ တိုက်ရိုက်ကုန်ကျ စရိတ်များကို ဆော့ဝဲ(လ်)၏ မူရင်းတန်ဖိုးတွင် ထည့်ပေါင်းသည်။ စာရင်းကိုင်ဆော့ဝဲ(လ်)လိုင်စင်ပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာစရိတ်များကို ကုန်ကျသည့်အချိန်တွင် အသုံးစရိတ်အဖြစ် စာရင်းဖော်ဆောင်သည်။

စာရင်းကိုင်ဆော့ဝဲ(လ်)လိုင်စင်ကို မူရင်းတန်ဖိုးတွင် စုစုပေါင်းတန်ဖိုးလျော့နှင့် စုစုပေါင်းတန်ဖိုးကျ အရှုံးများကိုနှုတ်ပယ်၍ နောက်ပိုင်းစာရင်းရေးသွင်းပါသည်။ ၎င်းစရိတ်များကို မျဉ်းဖြောင့်နည်းဖြင့် ၂၀% နှင့်ညီမျှသော ခန့်မှန်းအသုံးဝင်သက်တမ်းငါးနှစ်ပေါ်တွင် တန်ဖိုးလျော့၍ အရှုံး၊ အမြတ်စာရင်းတွင် ကျခံပါသည်။

ထိတွေ့ကိုင်တွယ်၍မရသော ရရန်ပိုင်ခွင့်များ၏ တန်ဖိုးလျော့နှစ်နှင့် တန်ဖိုးလျော့သည့်နည်းစနစ်ကို အနည်းဆုံး စုပေါင်းဘဏ္ဍာရေးအခြေအနေပြရှင်းတမ်းရေးဆွဲသည့်နေ့တွင် တစ်ကြိမ် ပြန်လည်သုံးသပ်ပါသည်။ ယင်းပြောင်းလဲမှုများ၏အကျိုးသက်ရောက်မှုများကို အရှုံးအမြတ်စာရင်းတွင် အသိအမှတ်ပြုစာရင်းရေးသွင်းပါသည်။

(၂.၆) တွဲဖက်ကုမ္ပဏီတွင်ရင်းနှီးမြှုပ်နှံမှု

တွဲဖက်ကုမ္ပဏီတွင် ရင်းနှီးမြှုပ်နှံမှုကို Equity နည်းဖြင့် လုပ်ဆောင်မှုဈေးနှုန်း (လုပ်ဆောင်မှုကုန်ကျစရိတ် အပါအဝင်) ဖြင့် ကနဦး အသိအမှတ်ပြုစာရင်းရေးသွင်းပါသည်။ ဝယ်ယူပြီးသည့်နေ့ နောက်ပိုင်းတွင် သယ်ဆောင်လာသည့်ငွေပမာဏကို အတိုး အလျော့ပြုလုပ်ပြီး ရင်းနှီးမြှုပ်နှံသူ၏ အရှုံးအမြတ်ဝေစုကို စာရင်းတင်ပါသည်။

ရင်းနှီးမြှုပ်နှံသူ၏ အရှုံး၊ အမြတ်ဝေစုကို ရင်းနှီးမြှုပ်နှံသူ၏ အရှုံး၊ အမြတ်စာရင်းတွင် အသိအမှတ်ပြုစာရင်းရေးသွင်းပါသည်။ ရင်းနှီးမြှုပ်နှံထားသည့်အဖွဲ့အစည်းမှ ခွဲဝေရရှိမှုများသည် ရင်းနှီးမြှုပ်နှံမှု၏ သယ်ယူလာသည့်ငွေပမာဏ (လက်ကျန်) ကိုလျော့ကျစေပါသည်။

(၂.၇) ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်း

ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်းကို ငှားရမ်းခရရန် (သို့မဟုတ်) တန်ဖိုးတိုးလာရန် (သို့မဟုတ်) နှစ်ခုလုံးအတွက် လက်ဝယ်ကိုင်ဆောင်ထားခြင်းဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်းကို ကနဦးစာရင်းသွင်းရာတွင် မူရင်းတန်ဖိုးဖြင့်သာ အသိအမှတ်ပြုစာရင်းရေးသွင်း၍ နောက်ပိုင်းကာလများတွင် မူရင်းတန်ဖိုးမှ စုစုပေါင်းတန်ဖိုးလျော့နှင့် ပစ္စည်း၏ တန်ဖိုးကျ၍ဆုံးရှုံးငွေပမာဏ စုစုပေါင်းကို နုတ်၍ စာရင်းသယ်ဆောင်ပါသည်။ တန်ဖိုးလျော့ကို ခွဲဝေရာတွင် တန်ဖိုးလျော့ရမည့် သင့်ငွေပမာဏ၏ ခန့်မှန်းအသုံးဝင်မှုသက်တမ်း နှစ်ငါးဆယ်အပေါ်တွင် မျဉ်းဖြောင့်နည်းဖြင့် တွက်ချက်ထားပါသည်။

ရင်းနှီးမြှုပ်နှံထားသောပိုင်ဆိုင်ပစ္စည်း၏ ခန့်မှန်းအသုံးဝင်သက်တမ်းနှင့်တန်ဖိုးလျော့နည်းစနစ်ကို စုပေါင်းဘဏ္ဍာရေးအခြေအနေပြရှင်းတမ်းရေးဆွဲသည့်နေ့တွင် ပြန်လည်သုံးသပ်ပြီး သင့်လျော်သလို ညှိနှိုင်းပါသည်။ ပြောင်းလဲမှုများဖြစ်ပေါ်လာပါက ပြင်ဆင်ချက်တိုင်း၏ အကျိုးသက်ရောက်မှုသည် အရှုံး၊ အမြတ်ထဲတွင် ပါဝင်ပါသည်။

(၂.၈) ဘဏ္ဍာရေးဆိုင်ရာ စာချုပ်စာတမ်းများ

(က) အသိအမှတ်ပြုစာရင်းရေးသွင်းခြင်းနှင့် ကနဦးတိုင်းတာတွက်ချက်မှု

ကုမ္ပဏီအုပ်စုသည် စာရွက်စာတမ်း၏ စာချုပ်ပါပြဋ္ဌာန်းချက်များတွင် ပါဝင်သည့်နေ့မှစတင်၍ ဘဏ္ဍာရေးဆိုင်ရာရရန်ပိုင်ခွင့်များနှင့် ဘဏ္ဍာရေးဆိုင်ရာပေးရန်တာဝန်များကို ကနဦးအသိအမှတ်ပြုစာရင်းရေးသွင်းပါသည်။

ဘဏ္ဍာရေးဆိုင်ရာရရန်ပိုင်ခွင့်များနှင့် ဘဏ္ဍာရေးဆိုင်ရာပေးရန်တာဝန်များကို မျှတသောတန်ဖိုးဖြင့် ကနဦးတိုင်းတာပါသည်။ ဘဏ္ဍာရေးဆိုင်ရာရရန်ပိုင်ခွင့်များ သို့မဟုတ် ဘဏ္ဍာရေးဆိုင်ရာပေးရန်တာဝန်များ (သင့်တင့်မျှတသောတန်ဖိုးကို အမြတ် သို့မဟုတ် အရှုံးတွင်စာရင်းတင်ပြီး တိုင်းတာတွက်ချက်ထားသော ဘဏ္ဍာရေးဆိုင်ရာရရန်ပိုင်ခွင့်များ သို့မဟုတ် ဘဏ္ဍာရေးဆိုင်ရာပေးရန်တာဝန်များမှလွဲ၍) ဝယ်ယူခြင်း သို့မဟုတ် ထုတ်ဝေခြင်း နှင့် တိုက်ရိုက်သက်ဆိုင်သည့် ကုန်ကျစရိတ်များကို ကနဦးအသိအမှတ်ပြုစာရင်းရေးသွင်းရာတွင် သင့်တင့်မျှတသောတန်ဖိုးတွင် ပေါင်းထည့် သို့မဟုတ် နုတ်ယူပါသည်။

(ခ) အမျိုးအစားခွဲခြားခြင်းနှင့်နောက်ဆက်တွဲတိုင်းတာတွက်ချက်မှု

ဘဏ္ဍာရေးဆိုင်ရာရရန်ပိုင်ခွင့်များ

ဘဏ္ဍာရေးဆိုင်ရာရရန်ပိုင်ခွင့်များကို ဘဏ္ဍာရေးဆိုင်ရာရရန်ပိုင်ခွင့်များနှင့် ငွေသားစီးဆင်းမှုဆိုင်ရာ စာချုပ်ပါစည်းကမ်းချက်များကို စီမံခန့်ခွဲခြင်းအတွက် ကုမ္ပဏီအုပ်စု၏လုပ်ငန်းပုံစံအပေါ် အခြေခံ၍ အောက်ပါအမျိုးအစားများထဲမှ တစ်ခုအဖြစ် အမျိုးအစားခွဲခြားပါသည်။

- တန်ဘိုးလျော့စရိတ်
- သင့်တင့်မျှတသောတန်ဖိုးကို အခြားဝင်ငွေအလုံးစုံပါဝင်သော ရှင်းတမ်း (သို့မဟုတ်)
- သင့်တင့်မျှတသောတန်ဖိုးကို အမြတ် သို့မဟုတ် အရှုံး ရှင်းတမ်း

အောက်ပါအခြေအနေနှစ်ခုလုံးကို ကိုက်ညီပါက ဘဏ္ဍာရေးဆိုင်ရာရရန်ပိုင်ခွင့်တစ်ခုအား တန်ဘိုးလျှော့စရိတ်ဖြင့် တိုင်းတာတွက်ချက်ပါသည်။

- ပိုင်ဆိုင်မှုများကို ကိုင်ဆောင်ပြီး စာချုပ်အရ ငွေသားစီးဆင်းမှု ကောက်ခံရန် ရည်ရွယ်ထားသည့် လုပ်ငန်းပုံစံ တစ်ခုအတွင်း ကိုင်ဆောင်ထားသော ပိုင်ဆိုင်မှုဖြစ်ပါသည်။
- စာချုပ်ပါစည်းကမ်းချက်များသည် ကျန်ရှိသောငွေရင်းပမာဏအပေါ် အရင်းနှင့်အတိုးတစ်ခုတည်းသာပေးချေ သည့် ငွေသားစီးဆင်းမှုအား သတ်မှတ်ထားသည့်ရက်စွဲများတွင် ဖြစ်ပေါ်စေပါသည်။

အောက်ပါအခြေအနေနှစ်ခုလုံးနှင့် ကိုက်ညီပြီး သင့်တင့်မျှတသောတန်ဖိုးကို အမြတ် သို့မဟုတ် အရှုံး ရှင်းတမ်းကို ရွေးချယ်သတ်မှတ်ထားခြင်းမရှိပါက ချေးငွေစာချုပ်စာတမ်းတစ်ခုအား သင့်တင့်မျှတသောတန်ဖိုးကို အခြားဝင်ငွေ အလုံးစုံပါဝင်သော ရှင်းတမ်း၌ တိုင်းတာတွက်ချက်ပါသည်။

- စာချုပ်အရ ငွေသားစီးဆင်းမှု ကောက်ခံခြင်းနှင့် ဘဏ္ဍာရေးဆိုင်ရာရရန်ပိုင်ခွင့်များကို ရောင်းချခြင်းဖြင့် ရည်မှန်းချက်အောင်မြင်ရန် ရည်ရွယ်ထားသည့် လုပ်ငန်းပုံစံတစ်ခုအတွင်း ကိုင်ဆောင်ထားသော ပိုင်ဆိုင်မှု ဖြစ်ပါသည်။
- စာချုပ်ပါစည်းကမ်းချက်များသည် ကျန်ရှိသောငွေရင်းပမာဏအပေါ် အရင်းနှင့်အတိုးတစ်ခုတည်းသာပေးချေ သည့် ငွေသားစီးဆင်းမှုအား သတ်မှတ်ထားသည့်ရက်စွဲများတွင် ဖြစ်ပေါ်စေပါသည်။

တန်ဘိုးလျှော့စရိတ်(သို့မဟုတ်) သင့်တင့်မျှတသောတန်ဖိုးကို အခြားဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်းဖြင့် မတိုင်းတာ သော ဘဏ္ဍာရေးဆိုင်ရာရရန်ပိုင်ခွင့်များကို သင့်တင့်မျှတသောတန်ဖိုးကို အမြတ် သို့မဟုတ် အရှုံးရှင်းတမ်းတွင် တိုင်းတာ ပါသည်။ သင့်တင့်မျှတသောတန်ဖိုး အပြောင်းအလဲကြောင့် အမြတ် သို့မဟုတ် အရှုံးကို အမြတ် သို့မဟုတ် အရှုံးစာရင်း တွင် အသိအမှတ်ပြုစာရင်းရေးသွင်းပါသည်။

တန်ဘိုးလျှော့စရိတ်ဖြင့် ဘဏ္ဍာရေးဆိုင်ရာရရန်ပိုင်ခွင့်များကို ထိရောက်သောအတိုးနည်းလမ်းဖြင့် နောက်ဆက်တွဲတိုင်း တာပြီး တန်ဖိုးကျငွေပမာဏကိုလည်းကျခံရပါသည်။ ဘဏ္ဍာရေးဆိုင်ရာရရန်ပိုင်ခွင့်အား အသိအမှတ်ပြုစာရင်းရေးသွင်း ခြင်းမှဖယ်ရှားခြင်း၊ ပြုပြင်မွမ်းမံခြင်း သို့မဟုတ် တန်ဖိုးကျခြင်းရှိလာသောအခါ အမြတ် သို့မဟုတ် အရှုံးတွင် အသိအမှတ် ပြုစာရင်းရေးသွင်းပါသည်။

တန်ဘိုးလျှော့စရိတ်ဖြင့် ကုမ္ပဏီအုပ်စု၏ဘဏ္ဍာရေးဆိုင်ရာရရန်ပိုင်ခွင့်များတွင် အရစ်ကျရောင်းချခြင်းမှ အသားတင် ရရန်ရှိငွေ၊ ကုန်သွယ်မှုနှင့် အခြားရရန်ရှိများနှင့် ငွေနှင့် ငွေသားညီမျှခြင်းများ ပါဝင်ပါသည်။

ဘဏ္ဍာရေးဆိုင်ရာပေးရန်တာဝန်များ

ဘဏ္ဍာရေးဆိုင်ရာပေးရန်တာဝန်များကို အောက်ပါအချက်များမှလွဲ၍ တန်ဘိုးလျှော့စရိတ်ဖြင့် အမျိုးအစားခွဲခြားပြီး တိုင်းတာပါသည်။

- သင့်တင့်မျှတသောတန်ဖိုးကို အမြတ် သို့မဟုတ် အရှုံးရှင်းတမ်းဖြင့် တိုင်းတာသော ကုန်သွယ်မှုအတွက် ကိုင်ဆောင်ထားသော ဘဏ္ဍာရေးဆိုင်ရာပေးရန်တာဝန်များ
- ကနဦးအသိအမှတ်ပြုစာရင်းရေးသွင်းချိန်တွင် သင့်တင့်မျှတသောတန်ဖိုးကို အမြတ် သို့မဟုတ် အရှုံးရှင်းတမ်း တွင် အသိအမှတ်ပြုစာရင်းရေးသွင်းသည့် ဘဏ္ဍာရေးဆိုင်ရာပေးရန်တာဝန်များ

တန်ဘိုးလျော့စရိတ်ဖြင့် ဘဏ္ဍာရေးဆိုင်ရာပေးရန်တာဝန်များကို ထိရောက်သောအတိုးနည်းလမ်းဖြင့် နောက်ဆက်တွဲတိုင်းတာပါသည်။ သင့်တင့်မျှတသောတန်ဖိုးကို အမြတ် သို့မဟုတ် အရှုံးရှင်းတမ်းတွင် အသိအမှတ်ပြုစာရင်းရေးသွင်းသည့် ဘဏ္ဍာရေးဆိုင်ရာပေးရန်တာဝန်များကို သင့်တင့်မျှတသောတန်ဖိုးဖြင့် နောက်ဆက်တွဲတိုင်းတာပြီး အမြတ် သို့မဟုတ် အရှုံးကို အမြတ် သို့မဟုတ် အရှုံးစာရင်းတွင် အသိအမှတ်ပြုစာရင်း ရေးသွင်းပါသည်။

ကုမ္ပဏီအုပ်စု၏ ဘဏ္ဍာရေးဆိုင်ရာပေးရန်တာဝန်များတွင် ကုန်သွယ်မှုနှင့် အခြားပေးရန်ရှိများ၊ပေးရန်ရှိစရိတ်များနှင့် ချေးယူငွေတို့ ပါဝင်ပါသည်။

(ဂ) အသိအမှတ်ပြုစာရင်းသွင်းခြင်းမှ ဖယ်ရှားခြင်း

ဘဏ္ဍာရေးဆိုင်ရာရရန်ပိုင်ခွင့်မှ ငွေသားစီးဆင်းမှုဆိုင်ရာ စာချုပ်ပါအခွင့်အရေးများ ကုန်ဆုံးသွားသောအခါ၊ သို့မဟုတ် ဘဏ္ဍာရေးဆိုင်ရာရရန်ပိုင်ခွင့်ကို လွှဲပြောင်းပေးသည့်အခါ၊ ရပိုင်ခွင့်၏ ဆုံးရှုံးနိုင်ခြေများနှင့် အကျိုးခံစားခွင့်များ အားလုံးကို အခြားပုဂ္ဂိုလ်သို့ အကုန်လုံးနီးပါးလွှဲပြောင်းပေးသည့်အခါတွင် ကုမ္ပဏီအုပ်စုသည် ဘဏ္ဍာရေးဆိုင်ရာရရန်ပိုင်ခွင့်ကို အသိအမှတ်ပြုစာရင်းသွင်းခြင်းမှ ဖယ်ရှားပါသည်။

ကုမ္ပဏီအုပ်စုသည်၎င်း၏ စာချုပ်ပါတာဝန်ဝတ္တရားများကို ဆောင်ရွက်ပြီးသောအခါ၊ ဖျက်သိမ်းသောအခါ သို့မဟုတ် သက်တမ်းကုန်သွားသောအခါ ဘဏ္ဍာရေးဆိုင်ရာပေးရန်တာဝန်ကို အသိအမှတ်ပြုစာရင်းရေးသွင်းခြင်းမှ ဖယ်ရှားပါသည်။

(ဃ) တန်ဖိုးကျခြင်း

ကုမ္ပဏီအုပ်စုသည် သင့်တင့်မျှတသောတန်ဖိုးကို အခြားဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်း (သို့မဟုတ်) တန်ဖိုးလျော့စရိတ်ဖြင့် တိုင်းတာထားသော ဘဏ္ဍာရေးဆိုင်ရာရရန်ပိုင်ခွင့်များအပေါ်တွင် မျှော်မှန်းထားသော ကြွေးမြီ အရှုံးငွေ (ECL) များအတွက် ခွင့်ပြုအရှုံးငွေကို အသိအမှတ်ပြုစာရင်းရေးသွင်းပါသည်။ သက်ဆိုင်သည့် ဘဏ္ဍာရေး ဆိုင်ရာရရန်ပိုင်ခွင့်ကို ကနဦးအသိအမှတ်ပြုချိန်မှစပြီး ကြွေးမြီဆုံးရှုံးနိုင်ခြေ အန္တရာယ်ပြောင်းလဲမှုများကို ထင်ဟပ်စေရန် မျှော်မှန်းထားသော အကြွေးအရှုံးငွေပမာဏကို အစီရင်ခံသည့်ရက်စွဲတစ်ခုစီတွင် ပြန်လည်ညှိနှိုင်းပါသည်။

(င) ခုနှိမ်ခြင်း

ကုမ္ပဏီအုပ်စုသည်အသိအမှတ်ပြုစာရင်းရေးသွင်းထားသည့်ငွေပမာဏကို ခုနှိမ်ရန် ဥပဒေအရအတည်ပြုနိုင်သော အခွင့်အရေးရှိပြီး အသားတင်အခြေခံအပေါ်တွင်စာရင်းရှင်းလင်းရန်နှင့် ရရန်ပိုင်ခွင့်ကို ရောင်းချ၍ ပေးရန်တာဝန်ကို တပြိုင်နက်တည်း စာရင်းရှင်းလင်းရန် ရည်ရွယ်ထားပါက ဘဏ္ဍာရေးဆိုင်ရာရရန်ပိုင်ခွင့်များနှင့် ဘဏ္ဍာရေးဆိုင်ရာပေးရန်တာဝန်များကိုခုနှိမ်ပြီး အသားတင်ငွေပမာဏကို စုပေါင်းဘဏ္ဍာရေးအခြေအနေပြရှင်းတမ်းတွင် တင်ပြထားပါသည်။

(၂.၉) ဘဏ္ဍာရေးဆိုင်ရာမဟုတ်သည့် ရရန်ပိုင်ခွင့်များတန်ဖိုးကျမှု

အစီရင်ခံသည့်ရက်စွဲတစ်ခုစီတွင် ကုမ္ပဏီအုပ်စုသည် တန်ဖိုးကျမှု ညွှန်ပြချက်ရှိ၊မရှိ ဆုံးဖြတ်ရန် ဘဏ္ဍာရေးဆိုင်ရာမဟုတ်သည့် ရရန်ပိုင်ခွင့်များ၏ သယ်ဆောင်သည့်ပမာဏကို သုံးသပ်ပါသည်။ ထိုသို့သော အညွှန်းကိန်းများ တည်ရှိပါက ရပိုင်ခွင့်၏ ပြန်လည်ရရှိနိုင်မည့်ပမာဏကို ခန့်မှန်းပါသည်။

ရပိုင်ခွင့်တစ်ခု၏ ပြန်လည်ရရှိနိုင်သောပမာဏသည် သင့်တင့်မျှတသောတန်ဖိုး (ရောင်းချရန် ကုန်ကျစရိတ်နုတ်ပြီး) နှင့် အသုံးပြုမှုတန်ဖိုး၏များရာ ဖြစ်ပါသည်။ အသုံးပြုမှုတန်ဖိုးသည် ခန့်မှန်းခြေ အနာဂတ်ငွေသားစီးဆင်းမှုအပေါ် အခြေခံပြီး၊ ကုမ္ပဏီအုပ်စုသည် ငွေကြေး၏အချိန်တန်ဖိုးနှင့် ရပိုင်ခွင့်အတွက် သီးခြားအန္တရာယ်များကို ရောင်ပြန်ဟပ်သည့် အကြို အခွန်ကြိုလျှော့နှုန်းဖြင့် ၎င်းတို့၏ လက်ရှိတန်ဖိုးကို လျှော့ဈေးဖြင့် ရပိုင်ခွင့်မှရရှိရန် မျှော်လင့်ပါသည်။

ပစ္စည်းတစ်ခု၏ သယ်ဆောင်သည့်ပမာဏသည် ပြန်လည်ရရှိနိုင်သောပမာဏထက်ကျော်လွန်ပါက တန်ဖိုးကျဆုံးရှုံးမှုကို အသိအမှတ်ပြုစာရင်းရေးသွင်းပါသည်။

တန်ဖိုးကျဆုံးရှုံးမှုကို အမြတ် သို့မဟုတ် အရှုံး တွင် အသိအမှတ်ပြုစာရင်းရေးသွင်းပါသည်။

တန်ဖိုးကျဆုံးရှုံးမှုကို အသိအမှတ်ပြုစာရင်းရေးသွင်းခြင်းမရှိလျှင် ရပိုင်ခွင့်၏သယ်ဆောင်ပမာဏသည် အသားတင် တန်ဖိုးလျှော့ထားသော သယ်ဆောင်ပမာဏထက်မကျော်လွန်သည့်အတိုင်းအတာအထိ တန်ဖိုးကျဆုံးရှုံးမှုကို ပြောင်းပြန် စာရင်းရေးသွင်းပါသည်။ ငွေရှာဖွေပေးနိုင်သည့် ယူနစ်တစ်ခုအတွက် တန်ဖိုးကျဆုံးရှုံးမှု၏ ပြောင်းပြန် စာရင်းရေး သွင်းမှုကို ထိုရပိုင်ခွင့်များ၏ သယ်ဆောင်လာသောပမာဏနှင့်အတူ ယူနစ်၏ရပိုင်ခွင့်များသို့အချိုးကျခွဲဝေပါသည်။ သယ်ဆောင်လာသည့်ပမာဏ တိုးလာမှုကို ရပိုင်ခွင့်တစ်ခုချင်းအတွက် တန်ဖိုးကျဆုံးရှုံးမှုကို ပြောင်းပြန်လှန်ခြင်းအဖြစ် သဘောထားကာ အမြတ် သို့မဟုတ် အရှုံးစာရင်းတွင် အသိအမှတ်ပြုစာရင်းရေးသွင်းပါသည်။

(၂.၁၀) ကုန်လက်ကျန်များ

ကုန်လက်ကျန်များကို ကုန်ကျစရိတ်နှင့် ရောင်းချလျှင်ရနိုင်မည့် အသားတင်ကုန်ရောင်းရငွေတို့အနက် နည်းရာ ပမာဏဖြင့် တန်ဖိုးသင့်ရန် ဖြစ်ပါသည်။ ကုန်ကျစရိတ်တွင် မြေယာပြုပြင်ကုန်ကျစရိတ်၊ အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်မှုကုန်ကျစရိတ်၊ တိုက်ရိုက်အလုပ်သမားနှင့် အခြားတိုက်ရိုက်ကုန်ကျစရိတ်များပါဝင်သည်။ အသားတင် ရောင်းရငွေဆိုသည်မှာ သာမန်စီးပွားရေးလုပ်ငန်းတစ်ခုတွင် ပြီးဆုံးမှုအတွက် ခန့်မှန်းကုန်ကျစရိတ်နှင့် ပုံသေမဟုတ်သော အရောင်းကုန်ကျစရိတ်တို့ကို နုတ်ပြီးကျန်ရှိမည့် ခန့်မှန်းရောင်းဈေးဖြစ်ပါသည်။

(၂.၁၁) ငွေနှင့် ငွေသားညီမျှခြင်းလက်ကျန်များ

ငွေနှင့် ငွေသားညီမျှခြင်းလက်ကျန်များတွင် လက်ဝယ်ရှိ ငွေသားလက်ကျန်နှင့် ဘဏ်ရှိငွေလက်ကျန်များ ပါဝင်ပါသည်။

(၂.၁၂) ကုန်သွယ်မှုနှင့် အခြားရရန်ရှိများ

ရရန်ရှိတစ်ခုသည် ခြွင်းချက်မရှိသော အဖိုးစားနား၏ပမာဏတစ်ခုအတွက် ကုမ္ပဏီအုပ်စု၏ရပိုင်ခွင့်ကို ကိုယ်စား ပြုသည် (ဆိုလိုသည်မှာ အဖိုးစားနားပေးချေမှု အချိန်မစေ့ရောက်မီ အချိန်ကုန်ဆုံးရန် လိုအပ်သည်)။
ကုန်သွယ်မှုနှင့် အခြားရရန်ရှိများကို ကနဦးတွင် မျှတသောတန်ဖိုး (fair value) ဖြင့် စာရင်းရေးသွင်းပြီးနောက် effective interest method ကိုအသုံးပြု၍ နောက်ပိုင်းနှစ်တွင် လျော့ချပြီးတန်ဖိုးမှ ပျက်စီးဆုံးရှုံးမှုအတွက် လျာထားသောတန်ဖိုးကို နုတ်၍ စာရင်းသယ်ဆောင်ပါသည်။ ပြန်၍မရနိုင်သော ခန့်မှန်းပမာဏအတွက် သင့်လျော်သော ခွင့်ပြုချက်ဖြင့် ကုန်သွယ်မှုနှင့် အခြားရရန်ရှိများတွင် လျှော့ချရပါသည်။

(၂.၁၃) ကန်ထရိုက် ရရန်ပိုင်ခွင့်များ

ကန်ထရိုက်ရရန်ပိုင်ခွင့်သည် ဝယ်ယူသူထံလွှဲပြောင်းပေးခဲ့သည့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများအတွက် လဲလှယ်ရာတွင် အဖိုးစားနားကို ရပိုင်ခွင့်ဖြစ်ပါသည်။ ဝယ်ယူသူသည် အဖိုးစားနားမပေးမီ သို့မဟုတ် ငွေပေးချေမှုအချိန်မစေ့ရောက်မီ ကုမ္ပဏီအုပ်စုသည် ဝယ်ယူသူတစ်ဦးထံ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများ လွှဲပြောင်းခြင်းကို လုပ်ဆောင်ပါက ကန်ထရိုက်ရရန်ပိုင်ခွင့်ကို ခြွင်းချက်ရှိသော ရရှိခဲ့သည့်အဖိုးစားနားအတွက် အသိအမှတ်ပြုစာရင်းရေးသွင်းပါသည်။

(၂.၁၄) ကုန်သွယ်မှုနှင့် အခြားပေးရန်ရှိများ

ကုန်သွယ်မှုနှင့် အခြားပေးရန်ရှိများသည် အစီရင်ခံကာလမကုန်မီတွင် ကုမ္ပဏီအုပ်စုမှရရှိထားသည့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများအတွက်ဖြစ်ပြီး အစီရင်ခံသည့်ရက်တွင် ကျန်ရှိနေသော ပေးချေမှုမပြုရသေးသည့် ပေးရန်တာဝန်များ ဖြစ်ပါသည်။

ကုန်သွယ်မှုနှင့် အခြားပေးရန်ရှိများကို ကုမ္ပဏီအုပ်စုသည် အစီရင်ခံသည့်ရက်ပြီးနောက် အနည်းဆုံး ၁၂ လကြာ ပေးရန်တာဝန်စာရင်းရှင်းလင်းမှုကို ခြွင်းချက်မရှိ ဆိုင်းငံ့ထားခြင်းမရှိပါက လက်ငင်းပေးရန်တာဝန်များအဖြစ် အမျိုးအစားခွဲခြားထားပါသည်။

ကုန်သွယ်မှုနှင့် အခြားပေးရန်ရှိများကို ကနဦးတွင် မျှတသောတန်ဖိုး (fair value) ဖြင့် စာရင်းရေးသွင်းပြီးနောက် ထိရောက်သောအတိုးနည်းလမ်းကိုအသုံးပြု၍ နောက်ပိုင်းတွင် တန်ဘိုးလျော့စရိတ်ဖြင့် တိုင်းတာတွက်ချက်ပါသည်။

ကုမ္ပဏီအုပ်စုသည်ပေးရန်တာဝန်ဝတ္တရားများကို ဆောင်ရွက်ပြီးသောအခါ၊ ဖျက်သိမ်းသောအခါ သို့မဟုတ် သက်တမ်းကုန်သွားသောအခါ ပေးရန်ရှိတစ်ခုကို အသိအမှတ်ပြုစာရင်းရေးသွင်းခြင်းမှ ဖယ်ရှားပါသည်။

(၂.၁၅) ကန်ထရိုက် ပေးရန်တာဝန်များ

ကန်ထရိုက်ပေးရန်တာဝန်သည် ဝယ်သူထံမှ ရရှိခဲ့သည့် အဖိုးစားနား (သို့မဟုတ် အဖိုးစားနားသည် အချိန်စေ့ရောက်သည်) အတွက် ဝယ်သူထံသို့ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများကိုလွှဲပြောင်းပေးရန် ကုမ္ပဏီအုပ်စု၏တာဝန်ဖြစ်ပါသည်။ ကုမ္ပဏီအုပ်စုမှ ဝယ်သူထံသို့ ကုန်ပစ္စည်းများ သို့မဟုတ် ဝန်ဆောင်မှုများမလွှဲပြောင်းမီ ဝယ်သူတစ်ဦးသည် အဖိုးစားနားပေးမည်ဆိုပါက ကန်ထရိုက်ပေးရန်တာဝန်တစ်ခုကို ငွေပေးချေမှုပြုလုပ်သည့်အခါ သို့မဟုတ် ငွေပေးချေမှုအချိန်စေ့ရောက်သည့်အခါ (စောရာ) အသိအမှတ်ပြုစာရင်းရေးသွင်းပါသည်။ ကုမ္ပဏီအုပ်စုသည် ကန်ထရိုက်ပါတာဝန်ဝတ္တရားများကို ကျေနပ်ဖွယ်ရာဆောင်ရွက်ပြီးစီးသည့်အခါ ကန်ထရိုက်ပေးရန်တာဝန်ကို အသိအမှတ်ပြုစာရင်းရေးသွင်းခြင်းမှ ဖယ်ရှားပြီး ဝင်ငွေစာရင်းတွင် အသိအမှတ်ပြုစာရင်းရေးသွင်းပါသည်။

(၂.၁၆) ငှားရမ်းမှု

ကုမ္ပဏီအုပ်စုသည် စာချုပ်စတင်ချိန်တွင် စာချုပ်တစ်ခုသည် ငှားရမ်းမှု ပါဝင်ခြင်းရှိမရှိ အကဲဖြတ်ပါသည်။ ဆိုလိုသည်မှာ စာချုပ်သည် သတ်မှတ်ထားသောပစ္စည်းတစ်ခု၏ အသုံးပြုခွင့်ကို အချိန်တစ်ခုအတွင်း ထိန်းချုပ်နိုင်စွမ်းရှိစေရန်အတွက် အခကြေးငွေတစ်ရပ်ဖြင့် ပေးအပ်ခြင်းကို ရည်ညွှန်းပါသည်။

ငှားရမ်းသူအနေဖြင့်

(က) အသုံးပြုခွင့်ရှိသောပစ္စည်း

ကုမ္ပဏီအုပ်စုသည် ငှားရမ်းမှုစတင်သည့်နေ့တွင် (ဥပမာ - အရင်းခံပစ္စည်းကို အသုံးပြုနိုင်သည့်နေ့စွဲ) တွင် အသုံးပြုခွင့်ရှိသောပစ္စည်းကို အသိအမှတ်ပြုစာရင်းရေးသွင်းပါသည်။ အသုံးပြုခွင့်ရှိသော ပစ္စည်းကို ကုန်ကျစရိတ်မှ စုစုပေါင်းတန်ဖိုးလျော့နှင့် တန်ဖိုးကျဆင်းမှုများကိုနုတ်၍ တိုင်းတာတွက်ချက်ပါသည်။ ထို့အပြင် ငှားရမ်းမှုပေးရန်တာဝန်ကို ပြန်လည်တိုင်းတာတွက်ချက်ရာမှ ဖြစ်ပေါ်လာသော ပြင်ဆင်မှုများကိုလည်း ထည့်သွင်းညှိနှိုင်းပါသည်။ အသုံးပြုခွင့်ရှိသော ပစ္စည်း၏စရိတ်တွင် အငှားစာချုပ်စတင်သည့်နေ့တွင် သို့မဟုတ် ထိုနေ့မတိုင်မီတွင်ပေးချေထားသည့် ငှားရမ်းခငွေများကို ညှိနှိုင်းထားသည့် ငှားရမ်းမှုပေးရန်တာဝန်၏ ကနဦးပမာဏမှ လက်ခံရရှိသောငှားရမ်းခ အကျိုးခံစားခွင့်များကိုနုတ်ပြီး ငွေပမာဏနှင့် အစပိုင်းတွင် တိုက်ရိုက်ကျခံထားသည့်အသုံးစရိတ်များပါဝင်ပါသည်။ အသုံးပြုခွင့်ရှိသောပစ္စည်းသည် အငှားသက်တမ်း သို့မဟုတ် ပစ္စည်း၏ ခန့်မှန်းအသုံးဝင်နိုင်သောသက်တမ်းအနက်မှ နည်းသည့်ကာလအတွင်း မျဉ်းဖြောင့်နည်းဖြင့် တန်ဖိုးလျော့ပါသည်။ ထို့အပြင် အငှားသက်တမ်း ကုန်ဆုံးသည့်အချိန်တွင် ကုမ္ပဏီအုပ်စုသို့ ငှားရမ်းပစ္စည်း၏ပိုင်ဆိုင်မှုကို လွှဲပြောင်းပါက သို့မဟုတ် ကုန်ကျစရိတ်က ဝယ်ယူခွင့်ရွေးချယ်မှုတစ်ခု၏ အသုံးချမှုကို ရည်ရွယ်ထားသည်ဟု ဖော်ပြနေပါက ပစ္စည်း၏ခန့်မှန်းအသုံးဝင်နိုင်သောသက်တမ်းအပေါ်မူတည်၍ တန်ဖိုးလျော့ချမှုကို တွက်ချက်ပါသည်။ ထို့အပြင် အသုံးပြုခွင့်ရှိသောပစ္စည်း တန်ဖိုးလျော့ကျမှုရှိပါက အချိန်ကာလအလိုက် လျော့ချသတ်မှတ်ပြီး၊ ငှားရမ်းမှုပေးရန်တာဝန်၏အချို့သောပြန်လည်တိုင်းတာမှုအတွက် ထည့်သွင်းညှိနှိုင်းပါသည်။

(ခ) ငှားရမ်းမှုပေးရန်တာဝန်များ

ငှားရမ်းမှုစတင်သောနေ့တွင် ကုမ္ပဏီအုပ်စုသည် ငှားရမ်းသက်တမ်းကာလအတွင်း ပေးချေရမည့်ငှားရမ်းခငွေများ၏ လက်ရှိတန်ဖိုးဖြင့် တိုင်းတာထားသော ငှားရမ်းမှုပေးရန်တာဝန်များကို အသိအမှတ်ပြုစာရင်းရေးသွင်းပါသည်။ အငှားစာချုပ်သက်တမ်းသည် ရပ်ဆိုင်းရန်ရွေးချယ်မှုကိုကျင့်သုံးနေသော ကုမ္ပဏီအုပ်စုကို ထင်ဟပ်စေလျှင် ငှားရမ်းခ ပေးငွေများတွင် ပုံသေပေးချေငွေများမှ (ပစ္စည်းပုံသေပေးချေမှုများအပါအဝင်) လျှော့ဈေးအဖြစ် လက်ခံရရှိမည့် ငှားရမ်းခ အကျိုးခံစားခွင့်များကို နုတ်ပယ်ထားငွေ၊ အညွှန်းတစ်ခု သို့မဟုတ် နှုန်းထားတစ်ခုအပေါ် မူတည်၍ ပြောင်းလဲနိုင်သော အငှားပေးချေမှုများ၊ကျန်တန်ဖိုးအာမခံချက်များအောက်တွင် ပေးချေရန်မျှော်လင့်ထားသည့် ပမာဏများ၊ ကုမ္ပဏီအုပ်စုအနေဖြင့် ဝယ်ယူခွင့်ကို အသုံးပြုမည်ဟု ကျိုးကြောင်းဆီလျော်စွာ သတ်မှတ်ထားသော ဝယ်ယူမှုတစ်ခု၏ဈေးနှုန်းနှင့် အငှားစာချုပ်ကို ရပ်ဆိုင်းခြင်းအတွက် ပေးရမည့်ဒဏ်ငွေများ ပါဝင်ပါသည်။

အညွှန်းတစ်ခု သို့မဟုတ် နှုန်းထားအပေါ်မူတည်မှုမရှိသော ပြောင်းလဲနိုင်သော ငှားရမ်းခပေးငွေများကို ၎င်းတို့ ပေါ်ပေါက်သည့်ကာလအတွင်း ကုန်ကျစရိတ်အဖြစ် အသိအမှတ်ပြုစာရင်းရေးသွင်းပါသည်။

ငှားရမ်းမှုပေးရန်တာဝန်ကို ထိရောက်သောအတိုးနှုန်းနည်းလမ်းအရ တန်ဖိုးလျော့စရိတ်ဖြင့် တိုင်းတာတွက်ချက်ပါသည်။ အညွှန်းတစ်ခု သို့မဟုတ် နှုန်းထားပြောင်းလဲမှုတစ်ခုမှ ဖြစ်ပေါ်လာသည့် အနာဂတ်ငှားရမ်းခပေးချေမှုများတွင် အပြောင်းအလဲရှိသည့်အခါ ကုမ္ပဏီအုပ်စု၏ကျန်ရှိသောတန်ဖိုးအာမခံချက်ဖြင့်ပေးချေရမည့်ပမာဏ၏ ခန့်မှန်းချက်တွင် အပြောင်းအလဲရှိပါက ကုမ္ပဏီအုပ်စုမှ ဝယ်ယူမှု၊ သက်တမ်းတိုးခြင်း သို့မဟုတ် ရပ်စဲခြင်းရွေးချယ်ခွင့်ကို အသုံးပြုလျှင် သို့မဟုတ် ပြန်လည်ပြင်ဆင်ထားသည့် ပုံသေငှားရမ်းခပေးချေမှုရှိလျှင်ပြန်လည်တိုင်းတာတွက်ချက်ပါသည်။

ဤနည်းဖြင့် ငှားရမ်းမှုပေးရန်တာဝန်ကို ပြန်လည်တိုင်းတာသောအခါ အသုံးပြုခွင့်ရှိသောပစ္စည်းတန်ဖိုး၏ သယ်ဆောင်ပမာဏကိုလည်း အလားတူညှိနှိုင်းမှုပြုလုပ်ပါသည် သို့မဟုတ် အသုံးပြုခွင့်ရှိသောပစ္စည်းတန်ဖိုး၏ သယ်ဆောင်ပမာဏသည် သုညပမာဏကိုလျှော့သွားပါက အမြတ် သို့မဟုတ် အရှုံးတွင် ရေးသွင်းပါသည်။

(ဂ) ကာလတိုငှားရမ်းမှုနှင့် တန်ဖိုးနည်းပစ္စည်းများ၏ ငှားရမ်းမှု

ကုမ္ပဏီအုပ်စုသည် ကာလတိုငှားရမ်းမှုနှင့် တန်ဖိုးနည်းပစ္စည်းများ၏ ငှားရမ်းမှုအတွက် အသုံးပြုခွင့်ရှိသောပစ္စည်းနှင့် ငှားရမ်းမှုပေးရန်တာဝန်များကို အသိအမှတ်ပြုစာရင်းမရေးသွင်းရန် ရွေးချယ်ထားပါသည်။ ကာလတိုငှားရမ်းခနှင့် တန်ဖိုးနည်းပစ္စည်းများ၏ ငှားရမ်းမှုအပေါ် ငှားရမ်းခပေးငွေများကို ငှားရမ်းမှုသက်တမ်းတစ်လျှောက် မျဉ်းဖြောင့်နည်းဖြင့် ကုန်ကျစရိတ်အဖြစ် အသိအမှတ်ပြုစာရင်းရေးသွင်းပါသည်။

ငှားသူအနေဖြင့်

ကုမ္ပဏီအုပ်စုသည် ပစ္စည်းတစ်ခု၏ ပိုင်ဆိုင်မှုသို့ မတော်တဆဖြစ်နိုင်သော အန္တရာယ်များနှင့် အကျိုးခံစားခွင့်များ အားလုံးကို မည်မည်ရရ လွှဲပြောင်းမပေးသော အငှားများကို လုပ်ငန်းလည်ပတ်ခြင်းအတွက် အငှားချထားမှုအဖြစ် အမျိုးအစားခွဲခြားပါသည်။ ပေါ်ပေါက်လာသောငှားရမ်းခဝင်ငွေကို ငှားရမ်းကာလအတွင်း မျဉ်းဖြောင့်နည်းဖြင့် တွက်ချက်ပြီး ၎င်း၏ လုပ်ငန်းလည်ပတ်မှု သဘောသဘာဝကြောင့် အမြတ် သို့မဟုတ် အရှုံးရှင်းတမ်းတွင် ထည့်သွင်းပါသည်။ လုပ်ငန်းလည်ပတ်ခြင်းအတွက် အငှားချထားမှုတစ်ခုရရှိရေးတွင်ကျခံထားသည့် ကနဦးတိုက်ရိုက်ကုန်ကျစရိတ်များကို ငှားရမ်းထားသော ပစ္စည်း၏သယ်ဆောင်ပမာဏသို့ ပေါင်းထည့်ကာ ငှားရမ်းမှုဝင်ငွေအဖြစ် တူညီသော အခြေခံမှုအပေါ် ငှားရမ်းကာလအတွင်း အသုံးစရိတ်အဖြစ် အသိအမှတ်ပြုစာရင်းရေးသွင်းပါသည်။

(၂.၁၇) ထုတ်ဝေပေးသွင်းပြီး အစုရှယ်ယာရင်းနှီးငွေ

သာမန်အစုရှယ်ယာများကို အစုရှင်များ၏ ပိုင်ဆိုင်ခွင့်များအဖြစ် အမျိုးအစားသတ်မှတ်ထားပါသည်။ သာမန်အစု ရှယ်ယာ ထုတ်ပေးခြင်းနှင့် တိုက်ရိုက်သက်ဆိုင်သော စရိတ်များကို အစုရှင်များ၏ ပိုင်ဆိုင်ခွင့်များမှ နုတ်၍ အသိအမှတ်ပြု စာရင်းရေးသွင်းပါသည်။ ကျသင့်အခွန်မှန်သမျှ နုတ်ပြီးသော အသားတင်ဖြစ်ပါသည်။

(၂.၁၈) ချေးယူငွေ

စုပေါင်းဘဏ္ဍာရေးအခြေအနေပြရှင်းတမ်းရေးဆွဲသည့်နေ့ နောက်ပိုင်း အနည်းဆုံး ၁၂ လ ကြာသည်အထိ ရွှေ့ဆိုင်းခွင့် မရှိပါက ကုမ္ပဏီအုပ်စုသည် ချေးယူငွေကို လက်ငင်းပေးရန်တာဝန်အဖြစ်ဖော်ပြပြီး၊ ထိုသို့မဟုတ်ပါက လက်ငင်းမဟုတ်သော ပေးရန်တာဝန်အဖြစ် ဖော်ပြပါသည်။

ချေးယူငွေများကို ကနဦးစာရင်းသွင်းရာတွင် သင့်တင့်မျှတသောတန်ဖိုး (လုပ်ဆောင်မှုကုန်ကျစရိတ်၏အသားတင်) ဖြင့် အသိအမှတ်ပြုစာရင်းရေးသွင်း၍ နောက်ပိုင်းတွင် တန်ဘိုးလျော့ကုန်ကျစရိတ်ဖြင့် စာရင်းသယ်ဆောင်ပါသည်။ ရငွေ (လုပ်ဆောင်မှု ကုန်ကျစရိတ်၏ အသားတင်) နှင့် သတ်မှတ်တန်ဖိုးအကြားကွာခြားချက်ကို ချေးငွေကာလအတွင်း Effective interest method ကို အသုံးပြု၍ အရှုံးအမြတ်စာရင်းတွင် အသိအမှတ်ပြုစာရင်းရေးသွင်းပါသည်။

(၂.၁၉) အမြတ်ဝေစုများ

ကုမ္ပဏီ၏အစုရှယ်ယာရှင်များသို့ အမြတ်ဝေစုများပေးရန် သဘောတူခွင့်ပြုပြီးသည့်အခါမှသာ အမြတ်ဝေစုများကို အသိအမှတ်ပြုစာရင်းရေးသွင်းပါသည်။

(၂.၂၀) ဝန်ထမ်းအကျိုးအမြတ်စရိတ်များ

ဆက်စပ်သောဝန်ဆောင်မှုကိုလုပ်ဆောင်ပေးသောကြောင့် ကာလတိုဝန်ထမ်းအကျိုးခံစားခွင့်များကို ကျခံသုံးစွဲပါသည်။ ကုမ္ပဏီအုပ်စုမှာ ဝန်ထမ်းမှ ယခင်က လုပ်ဆောင်ပေးခဲ့သော ဝန်ဆောင်မှုကြောင့် ဤပမာဏကို ပေးဆောင်ရန် ဥပဒေအရတာဝန်ဝတ္တရား သို့မဟုတ် အပြုသဘောဆောင်သော တာဝန်ဝတ္တရားရှိလျှင်၊ တာဝန်ဝတ္တရားကို ယုံကြည်အားထားစွာ ခန့်မှန်းနိုင်လျှင် ပေးချေရမည့်ပမာဏအတွက် ပေးရန်တာဝန်တစ်ခုကို အသိအမှတ်ပြုစာရင်းရေးသွင်းပါသည်။

(၂.၂၁) လျာထားငွေများ

ကုမ္ပဏီအုပ်စုသည် အတိတ်နှစ်အဖြစ်အပျက်များ၏ အကျိုးရလဒ်အတွက် လက်ရှိတွင်ဥပဒေအရ တာဝန်ရှိသော (သို့မဟုတ်) အပြုသဘောဆောင်၍ ပေးရန်တာဝန်ရှိငွေများကို လျာထားငွေများအဖြစ် စာရင်းသွင်းပါသည်။ ပေးရန်တာဝန်ရှိသောငွေများကို ပေးချေရန်အတွက် လုပ်ငန်း၏အရင်းအမြစ်များ စီးထွက်ရန်အလားအလာရှိပြီး ပေးချေရမည့်ပမာဏကို တိကျသေချာစွာ ခန့်မှန်းနိုင်ရမည်။ အနာဂတ်လုပ်ငန်း၏ဆောင်ရွက်ချက် ဆုံးရှုံးမှုများကို လျာထားငွေစာရင်းများတွင် စာရင်းရေးသွင်းအသိအမှတ်မပြုပါ။

(၂.၂၂) ဝင်ငွေ

ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများ၏ ထိန်းချုပ်မှုကို ကုမ္ပဏီအုပ်စုမှ အဆိုပါ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများအတွက် လဲလှယ်ခွင့်ရရန် မျှော်မှန်းထားသည့် အဖိုးစားနားကို ထင်ဟပ်စေသည့် ပမာဏတစ်ခုဖြင့် ဝယ်ယူသူထံ လွှဲပြောင်းပေးသည့်အခါ ဝယ်ယူသူများနှင့် စာချုပ်များမှ ရရှိသောဝင်ငွေကို အသိအမှတ်ပြုစာရင်းရေးသွင်းပါသည်။

စာချုပ်တစ်ခုရှိအဖိုးစားနားတွင် ပြောင်းလဲနိုင်သော ပမာဏတစ်ခုပါဝင်ပါက ဝယ်သူထံသို့ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများကို လွှဲပြောင်းပေးခြင်းအတွက် ကုမ္ပဏီအုပ်စုမှ ခံစားခွင့်ရှိသော အဖိုးစားနားပမာဏကို ကုမ္ပဏီအုပ်စုမှ ခန့်မှန်းပေးပါသည်။

(က) ကုန်ရောင်း

ကုန်စည်ရောင်းချမှုမှရရှိသောဝင်ငွေကို ဝယ်ယူသူသည် ကုန်စည်၏ထိန်းချုပ်မှုရရှိသည့်အချိန်၌ အသိအမှတ်ပြုစာရင်းရေးသွင်းပါသည်။ ယေဘုယျအားဖြင့် ပေးပို့သည့်အချိန်တွင်ဖြစ်သည်။

(ခ) ဝန်ဆောင်မှုဆောင်ရွက်ပေးခြင်း

ဝန်ဆောင်မှုဆောင်ရွက်ပေးခြင်းမှ ရရှိသော ဝင်ငွေကို ဝန်ဆောင်မှုကိုလုပ်ဆောင်ပေးပြီးသော အချိန်မှသာ အသိအမှတ်ပြုစာရင်းရေးသွင်းပါသည်။

(ဂ) ငှားရမ်းခဝင်ငွေ
ငှားရမ်းခဝင်ငွေကို ငှားရမ်းသည့်သက်တမ်းပေါ်တွင်မူတည်၍ မျဉ်းဖြောင့်နည်းဖြင့် အသိအမှတ်ပြု စာရင်းရေးသွင်းပါသည်။

(ဃ) အတိုးဝင်ငွေ
ငွေရေးကြေးရေးဆိုင်ရာ အဖွဲ့အစည်းများတွင် အပ်နှံထားငွေများမှ ဖြစ်ပေါ်လာသောအတိုးဝင်ငွေကို ထိရောက်သော အတိုးနည်းလမ်းကိုအသုံးပြုပြီး အသိအမှတ်ပြုစာရင်းရေးသွင်းပါသည်။

(င) အမြတ်ဝေစု
ပေးချေမှုကိုလက်ခံရရှိရန်ဆိုသည့် အခွင့်အရေးကို အကောင်အထည်ဖော်သောအခါ အမြတ်ဝေစုကို အသိအမှတ်ပြု စာရင်းရေးသွင်းပါသည်။

(၂.၂၃) ချေးယူငွေကုန်ကျစရိတ်များ

ချေးယူငွေကုန်ကျစရိတ်များကို ၎င်းတို့ဖြစ်ပေါ်သည့် ကာလအတွင်း၌သာ အသုံးစရိတ်အဖြစ် အသိအမှတ်ပြုစာရင်း ရေးသွင်းရမည်။ သို့သော် အဆိုပါကုန်ကျစရိတ်များသည် သတ်မှတ်ချက်နှင့်ကိုက်ညီသည့် ရရန်ပိုင်ခွင့်တစ်ခုကို ရယူခြင်း၊ တည်ဆောက်ခြင်း သို့မဟုတ် ထုတ်လုပ်ခြင်းတို့နှင့် တိုက်ရိုက်သက်ဆိုင်နေပါက ၎င်းတို့ကို အဆိုပါရရန်ပိုင်ခွင့်တန်ဖိုး၏ အစိတ်အပိုင်းတစ်ခုအဖြစ် ထည့်သွင်းတွက်ချက်ပါသည်။

(၂.၂၄) ဝင်ငွေခွန်များ

တစ်နှစ်အတွက် ဝင်ငွေခွန် အသုံးစရိတ်တွင် လက်ရှိအခွန်နှင့် ရွှေ့ဆိုင်းအခွန်များ ပါဝင်ပါသည်။ ဝင်ငွေခွန်အသုံးစရိတ်ကို အခြားအလုံးစုံပါဝင်သောဝင်ငွေ သို့မဟုတ် ပိုင်ရှင်၏ပိုင်ဆိုင်ခွင့်တွင် အသိအမှတ်ပြုစာရင်းရေးသွင်းထားသော အမယ်များမှအပ အမြတ် သို့မဟုတ် အရှုံးကို အသိအမှတ်ပြုစာရင်းရေးသွင်းပါသည်။ ယင်းအခြေအနေတွင် အခွန်ကို အခြားအလုံးစုံ ပါဝင်သောဝင်ငွေ သို့မဟုတ် ပိုင်ရှင်၏ပိုင်ဆိုင်ခွင့်တွင်လည်း အသိအမှတ်ပြုစာရင်းရေးသွင်းပါသည်။

လက်ရှိအချိန်နှင့် ယခင်ကာလများအတွက် လက်ရှိအခွန်ကို အခွန်အာဏာပိုင်များထံသို့ ပေးဆောင်ရမည့် သို့မဟုတ် အခွန်အာဏာပိုင်များထံမှ ပြန်လည်ရယူရန်မျှော်မှန်းထားသည့်ပမာဏနှင့် လက်ကျန်ရှင်းတမ်းနေ့ရှိ အတည်ပြုပြဋ္ဌာန်းထားသော အခွန်နှုန်းထားများနှင့် အခွန်ဥပဒေများကို အသုံးပြု၍ အသိအမှတ်ပြုစာရင်းရေးသွင်းပါသည်။

ရွှေ့ဆိုင်းအခွန်ကို ရပိုင်ခွင့်များနှင့် ပေးရန်တာဝန်များ၏ အခွန်အခြေခံများနှင့် စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများတွင် ၎င်းတို့၏သယ်ဆောင်ပမာဏများအကြားတွင် ဖြစ်ပေါ်လာသည့် ယာယီကွာခြားချက်များအားလုံးကို အသိအမှတ်ပြု စာရင်းရေးသွင်းပါသည်။

အနာဂတ်တွင် အခွန်ဆောင်နိုင်သောအမြတ်အစွန်းများကို လျှော့ချရန် မျှော်မှန်းထားသည့် ယာယီကွာခြားချက်များ အားလုံးနှင့် အသုံးမပြုရသေးသည့်အခွန်ခုနှိမ်နိုင်သောအရှုံးပမာဏများ သို့မဟုတ် အသုံးမပြုရသေးသော အခွန်ခရက်ဒစ် များအတွက် ရွှေ့ဆိုင်းအခွန်ရရန်ပိုင်ခွင့်များကို အသိအမှတ်ပြုစာရင်းရေးသွင်းပါသည်။

အနာဂတ်တွင် အခွန်ဆောင်နိုင်သောအမြတ်ငွေ တိုးလာရန် မျှော်လင့်ထားသည့် ယာယီခြားနားချက်များအားလုံးအတွက် ရွှေ့ဆိုင်းအခွန်ပေးရန်တာဝန်များကို အသိအမှတ်ပြုစာရင်းရေးသွင်းပါသည်။

ရွေ့ဆိုင်းထားသောအခွန်ကို လက်ကျန်ရှင်းတမ်းနေ့ရှိ အတည်ပြုပြဋ္ဌာန်းထားသော သို့မဟုတ် သိသိသာသာ ပြဋ္ဌာန်းထားသည့် အခွန်နှုန်းနှင့် အခွန်ဥပဒေတို့ကို အသုံးပြု၍ ဆုံးဖြတ်ပြီး သက်ဆိုင်သည့် ရွေ့ဆိုင်းအခွန်ရရန်ပိုင်ခွင့်ကို အသုံးပြုသည့်အခါ သို့မဟုတ် ရွေ့ဆိုင်းအခွန်ပေးရန်တာဝန်ကို စာရင်းရှင်းသည့်အခါတွင် အသုံးပြုရန် မျှော်လင့်ထားပါသည်။

ဝင်ငွေခွန်အသုံးစရိတ်နှင့် အခွန်အတွက် သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များကို ဆုံးဖြတ်ရာတွင် အရေးပါသော ဆုံးဖြတ်ချက်လိုအပ်ပါသည်။ နောက်ဆက်တွဲအခွန်များ ကျသင့်ခြင်းရှိမရှိ ခန့်မှန်းချက်များအပေါ် အခြေခံ၍ မျှော်လင့်ထားသော အခွန်ဆိုင်ရာ ပြဿနာများအတွက် ပေးရန်တာဝန်များကို ကုမ္ပဏီအုပ်စုမှအသိအမှတ်ပြုစာရင်းရေးသွင်းပါသည်။ အဆိုပါကိစ္စရပ်များ၏ နောက်ဆုံးအခွန်ရလဒ်သည် ကနဦးမှတ်တမ်းတင်ထားသည့် ပမာဏများနှင့် ကွဲလွဲပါက ထိုသို့သော ကွဲလွဲမှုများသည် ယင်းကဲ့သို့ ဆုံးဖြတ်သည့်ကာလအတွင်း လက်ရှိနှင့် ရွေ့ဆိုင်းအခွန်ရရန်ပိုင်ခွင့်များနှင့် ပေးရန်တာဝန်များကို အကျိုးသက်ရောက်မှုရှိမည်ဖြစ်ပါသည်။

ထို့အပြင် ရွေ့ဆိုင်းအခွန်ရရန်ပိုင်ခွင့်များ၏ သယ်ဆောင်ပမာဏကို အစီရင်ခံသည့်နေ့တွင် ပြန်လည်သုံးသပ်ပြီး အနာဂတ်အခွန်စည်းကြပ်နိုင်သောအမြတ်ငွေ၏ လက်ရှိအကဲဖြတ်မှုကို ထင်ဟပ်စေရန် ညှိနှိုင်းထားပါသည်။ လိုအပ်ပါက အသိအမှတ်ပြုစာရင်းရေးသွင်းထားသော ရွေ့ဆိုင်းအခွန်ရရန်ပိုင်ခွင့်၏ တစ်စိတ်တစ်ပိုင်း သို့မဟုတ် အားလုံးကို အကျိုးရှိအောင် အသုံးချနိုင်စေရန် လုံလောက်သောအခွန်စည်းကြပ်နိုင်သောအမြတ်ငွေ မဖြစ်နိုင်တော့သည့်အတိုင်းအတာအထိ ရွေ့ဆိုင်းအခွန်ရရန်ပိုင်ခွင့်၏သယ်ဆောင်ပမာဏကို လျှော့ချပါသည်။ လုံလောက်သောအခွန်စည်းကြပ်နိုင်သော အမြတ်ငွေရရှိနိုင်ရန် ဖြစ်နိုင်ချေရှိသည့်အတိုင်းအတာအထိ အဆိုပါလျှော့ချမှုကို ပြောင်းပြန်စာရင်းရေးသွင်းပါသည်။

ရွေ့ဆိုင်းအခွန်ရရန်ပိုင်ခွင့်များနှင့် ပေးရန်တာဝန်များသည် တူညီသောအခွန်ဦးစီးဌာနမှ ကောက်ခံသော ဝင်ငွေခွန်များနှင့် သက်ဆိုင်သည့်အခါတွင် လက်ရှိအခွန်ရရန်ပိုင်ခွင့်များနှင့် လက်ရှိအခွန်ပေးရန်တာဝန်များကို ခုနှိမ်ရန် ဥပဒေအရအတည်ပြုနိုင်သောအခွင့်အရေးရှိသောအခါ ရွေ့ဆိုင်းအခွန်ရရန်ပိုင်ခွင့်များနှင့် ပေးရန်တာဝန်များကို ခုနှိမ်ပါသည်။ အဖွဲ့အစည်းတွင်ခုနှိမ်ရန် ဥပဒေအရအတည်ပြုနိုင်သောအခွင့်အရေးရှိပြီး အသားတင်အခြေခံအပေါ်တွင် စာရင်းရှင်းရန် သို့မဟုတ် ရပိုင်ခွင့်ကိုအသုံးပြုရန်နှင့်ပေးရန်တာဝန်ကို တပြိုင်နက်တည်းစာရင်းရှင်းရန်ရည်ရွယ်ထားပါက လက်ရှိအခွန်ရရန်ပိုင်ခွင့်များနှင့်ပေးရန်တာဝန်များကိုခုနှိမ်ပါသည်။

## ၃။ အရေးပါသော စာရင်းပိုင်းဆိုင်ရာ ဆုံးဖြတ်ချက်များနှင့် ခန့်မှန်းချက်များ

နိုင်ငံတကာစာရင်းကိုင်စံဘုတ်အဖွဲ့မှထုတ်ပြန်ထားသော နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများနှင့်အညီ ကုမ္ပဏီအုပ်စု၏ ဘဏ္ဍာရေးရှင်းတမ်းများကို ပြုစုရာတွင် စီမံအုပ်ချုပ်ရေးတွင် တာဝန်ရှိသူများသည် စာရင်းဆိုင်ရာမူဝါဒများနှင့် အစီရင်ခံစာပါရပိုင်ခွင့်များ၊ ပေးရန်တာဝန်များ၊ ဝင်ငွေနှင့် အသုံးစရိတ်များကို အကျိုးသက်ရောက်စေသော ခန့်မှန်းခြေများနှင့်ယူဆချက်များကို ပြုလုပ်ရပါသည်။ အမှန်တကယ်ရလဒ်များသည် ထိုခန့်မှန်းချက်များနှင့်ကွဲလွဲကောင်း ကွဲလွဲနိုင်ပါသည်။

ခန့်မှန်းခြေများနှင့် ယူဆချက်များကို စဉ်ဆက်မပြတ် ပြန်လည်စိစစ်ပါသည်။ စာရင်းဆိုင်ရာခန့်မှန်းချက်များ ပြန်လည်စိစစ်ခြင်းများကို ယင်းသို့ပြန်လည်စိစစ်သည့်နှစ်နှင့် အကျိုးသက်ရောက်မှုရှိသော လာမည့်နှစ်များတွင် အသိအမှတ်ပြုစာရင်းရေးသွင်းပါသည်။

အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်မှု ကုန်ကျစရိတ်

မြေနှင့်ပတ်သက်သော အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်ရေး ကုန်ကျစရိတ်များကို ဆောက်လုပ်ရေးနှစ်အတွင်းတွင် ကုန်လက်ကျန်အဖြစ် စာရင်းဖော်ဆောင်သည်။ ထိုမြေဖွံ့ဖြိုးတိုးတက်မှုများကို ဝင်ငွေအဖြစ် အချိုးကျ ခွဲဝေ၍ စုပေါင်းဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်းတွင် အသိအမှတ်ပြုစာရင်းရေးသွင်းပါသည်။

အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်ရေးကုန်ကျစရိတ်များတွင် ရရှိခဲ့ပြီးသော ကန်ထရိုက်များနှင့် အနာဂတ်ကန်ထရိုက်များ၏ ခန့်မှန်းတွက်ချက်ခြင်းတို့ ပါဝင်ပါသည်။ စုစုပေါင်းကုန်ကျစရိတ်ကို ကျွမ်းကျင်သော ကြီးကြပ်စစ်ဆေးသူ တတိယလူမှ ခန့်မှန်းခြင်းနှင့် ကာလအပိုင်းအခြားအလိုက် အတွင်းကျကျ ပြန်လည်အတည်ပြုခြင်းကို လုပ်ဆောင်ပါသည်။

ဖွံ့ဖြိုးတိုးတက်မှုကုန်ကျစရိတ်၏ နောက်ဆုံးပေးချေမှုနှင့် မြေယာနှင့်သက်ဆိုင်သော အခြားကုန်ကျစရိတ်တို့သည် စီမံအုပ်ချုပ်သူ၏ အကောင်းဆုံးခန့်မှန်းမှုပေါ်တွင် မူတည်ပါသည်။ ထိုနောက်ဆုံးပေးချေမှုနှင့် မြေယာနှင့်သက်ဆိုင်သော အခြားကုန်ကျစရိတ်တို့သည် ကနဦးခန့်မှန်းမှုနှင့် ကွာခြားနေပါက ၎င်းဖွံ့ဖြိုးတိုးတက်မှုကုန်ကျစရိတ်နှင့် အခြားကုန်ကျစရိတ် အတိုးအလျှော့တိုင်းသည် လာမည့်နှစ်များ၏ အရှုံး၊ အမြတ်ပေါ်တွင် သက်ရောက်မှုရှိလိမ့်မည်။

## ၄။ လက်ရှိဘဏ္ဍာရေးနှစ်တွင် အရေးပါသောပြောင်းလဲမှုများ

ကုမ္ပဏီအုပ်စု၏ဘဏ္ဍာရေးအခြေအနေနှင့် ဆောင်ရွက်ချက်ကို ဘဏ္ဍာရေးနှစ်အတွင်း အောက်ပါဖြစ်ရပ်များနှင့် လုပ်ဆောင်ချက်များက အထူးသဖြင့် အကျိုးသက်ရောက်စေခဲ့ပါသည်။

- ယခုနှစ်အတွင်း (၁၀) နှစ်မြောက် စီမံခန့်ခွဲမှုအခကြေးငွေများရရှိခြင်း၊ ဆိုလာရောင်းချမှုအတွက် ရောင်းချသူထံမှ ကော်မရှင်ခများရရှိခြင်းနှင့် လူနေဆိုင်ခန်း (၄)ခု ရောင်းချခြင်းမှ ဝင်ငွေများရရှိခဲ့သော်လည်း ကုန်သွယ်မှုလုပ်ငန်းများ မရှိခဲ့ခြင်းကြောင့် ဝင်ငွေများလျော့နည်းလာခြင်း။
- ယခုနှစ်အတွင်း သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီသို့ (၁၀) နှစ်မြောက် စီမံခန့်ခွဲမှုအခကြေးငွေများ ပေးချေခြင်းနှင့် ရောင်းချခဲ့သည့် လူနေဆိုင်ခန်း (၄)ခု၏ ကုန်ကျစရိတ်များရှိသော်လည်း ကုန်သွယ်မှုလုပ်ငန်းများ မရှိခဲ့ခြင်းကြောင့် ကုန်ရောင်းတန်ဖိုးလျော့နည်းလာခြင်း။
- ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ယခုနှစ်အတွင်း နိုင်ငံခြားငွေလဲလှယ်နှုန်း သိသိသာသာ အတက်အကျမရှိခြင်းနှင့် နိုင်ငံခြားငွေဖြင့် အရောင်းအဝယ်ပြုလုပ်မှုများနှင့် လက်ကျန်ငွေများ လျော့နည်းသွားခြင်းတို့ကြောင့် အခြားအမြတ်များ လျော့နည်းသွားခြင်း။
- ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ယခုနှစ်အတွင်းတွင် အဓိကအရေးပါသော စီမံအုပ်ချုပ်သူများအတွက် အခကြေးငွေများနှင့် ဆုကြေးငွေများ ပိုမိုပေးချေခဲ့ရသော်လည်း အလှူငွေကုန်ကျစရိတ်များ လျော့နည်းသွားခြင်းနှင့် ဒါရိုက်တာဆုကြေးငွေများ ပေးချေမှုမရှိခြင်းတို့ကြောင့် စီမံခန့်ခွဲမှုစရိတ်များ လျော့နည်းလာခြင်း။
- ရင်းနှီးမြှုပ်နှံထားသော တွဲဖက်ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်မှုရလဒ်များ တိုးလာသောကြောင့် အချိုးကျအသားတင်အမြတ်ငွေ တိုးလာခြင်း၊
- ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ယခုနှစ်အတွင်းတွင် အခွန်ပေးဆောင်ရမည့်အမြတ်ငွေ လျော့နည်းသွားခြင်းကြောင့် ဝင်ငွေခွန်စရိတ် လျော့နည်းလာခြင်း။
- အနာဂတ် စီမံကိန်းအတွက် မြေကွက်များ ဝယ်ယူခြင်းနှင့် တည်ဆောက်ဆဲနေရောင်ခြည်စွမ်းအင်စီမံကိန်းအတွက် ငွေပေးချေမှုများ ပြုလုပ်ခဲ့ခြင်းတို့ကြောင့် မြေ၊ အဆောက်အဦ၊ စက်နှင့် စက်ပစ္စည်းကိရိယာ တိုးလာခြင်း။

- ယခုနှစ်အတွင်း တွဲဖက်ကုမ္ပဏီထံမှ အချိုးကျအသားတင်အမြတ်ငွေ ရရှိခဲ့ခြင်းကြောင့် တွဲဖက်ကုမ္ပဏီတွင် ရင်းနှီးမြှုပ်နှံမှုငွေတိုးလာခြင်း။
- ရင်းနှီးမြှုပ်နှံထားသောပိုင်ဆိုင်ပစ္စည်းမှ လူနေဆိုင်ခန်းများကို ကုန်လက်ကျန်များအဖြစ်သို့ (အသုံးပြုမှုပုံစံပြောင်း လဲသွားခြင်းကြောင့်) ပြောင်းလဲခြင်းကြောင့် ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်း လျော့နည်းလာခြင်း။
- အရစ်ကျရောင်းချသည့် အရောင်းပမာဏ ပိုမိုများပြားလာခြင်းကြောင့် အရစ်ကျရောင်းချခြင်းမှ အသားတင်ရရန်ရှိ တိုးလာခြင်း။
- ချေးငွေရယူခြင်းအတွက် CB Bank PCL တွင် ထားရှိသောစာရင်းသေအပ်ငွေ အမေရိကန်ဒေါ်လာ ၁.၄၀ သန်းအား အာမခံအဖြစ် ထားရှိရခြင်းကြောင့် ထုတ်ယူခွင့်ကန့်သတ်ထားသောစာရင်းသေအပ်ငွေ တိုးလာခြင်း။
- CB Bank PCL ထံမှ ချေးငွေရရှိခြင်းနှင့် လူနေဆိုင်ခန်းများ ရောင်းချမှုမှ ငွေရရှိမှုများ ရှိခဲ့သော်လည်း မြေကွက်များ ဝယ်ယူခြင်း၊ အမြတ်ဝေစုနှင့် ဝင်ငွေခွန်များ ပေးချေခြင်း၊ ထုတ်ယူခွင့်ကန့်သတ်ထားသောစာရင်းသေအပ်ငွေစာရင်း သို့ စာရင်းပြန်လည်ညှိနှိုင်းခြင်းနှင့် နေရောင်ခြည်စွမ်းအင်စီမံကိန်းအတွက် ငွေပေးချေမှုများ ပြုလုပ်ခဲ့ခြင်းတို့ ကြောင့် ငွေနှင့် ငွေသားညီမျှခြင်းများ လျော့နည်းလာခြင်း။
- နေရောင်ခြည်စွမ်းအင်စီမံကိန်းအတွက် ယာယီစိုက်ထုတ်ပေးထားသော ကြိုတင်ပေးငွေများ ပြန်လည်ရရှိခြင်းနှင့် တွဲဖက်ကုမ္ပဏီထံမှ စီမံခန့်ခွဲမှုအခကြေးငွေများ ကောက်ခံရရှိခြင်းတို့ကြောင့် ကုန်သွယ်မှုနှင့် အခြားရရန်ရှိများ လျော့နည်းလာခြင်း။
- လူနေဆိုင်ခန်း (၄) ခု၏ ကုန်ကျစရိတ်များကို ကုန်ရောင်းတန်ဘိုးတွင် အသိအမှတ်ပြုစာရင်းရေးသွင်းခဲ့သော်လည်း ရင်းနှီးမြှုပ်နှံထားသောပိုင်ဆိုင်ပစ္စည်းမှ လူနေဆိုင်ခန်းများကို ကုန်လက်ကျန်များအဖြစ်သို့ (အသုံးပြုမှုပုံစံပြောင်း လဲသွားခြင်းကြောင့်) ပြောင်းလဲခြင်းကြောင့် ကုန်လက်ကျန်များ တိုးလာခြင်း။
- နေရောင်ခြည်စွမ်းအင်စီမံကိန်းအတွက် CB Bank PCL ထံမှ ချေးငွေရယူခဲ့ခြင်းကြောင့် ချေးငွေများ တိုးလာခြင်း။
- လူနေဆိုင်ခန်းများအတွက် ၁၀% ကြိုတင်ငွေပေးချေမှုများ လက်ခံရရှိခဲ့ခြင်းကြောင့် ဝယ်သူများထံမှ ကြိုတင်ရ ငွေများ တိုးလာခြင်း။
- ချေးငွေအပေါ် ပေးရန်ရှိသော အတိုးများနှင့် နေရောင်ခြည်စွမ်းအင်စီမံကိန်းအတွက် ပေးရန်ရှိသော ၅% အာမခံ ထိန်းသိမ်းငွေများ တိုးလာသော်လည်း လျော်ဘေးသင့်ကယ်ဆယ်ရေးအတွက် လှူဒါန်းငွေပေးလှူခဲ့ခြင်းကြောင့် ကုန်သွယ်မှုနှင့် အခြားပေးရန်ရှိငွေများ လျော့နည်းလာခြင်း။
- ယခုနှစ်အတွင်း အခွန်ပေးဆောင်ရမည့် အမြတ်ငွေလျော့နည်းသွားခြင်းကြောင့် အခွန်လျာထားချက်များ လျော့နည်း လာခြင်း။

---

## ၅။ အစိတ်အပိုင်းအချက်အလက်များ

စီမံအုပ်ချုပ်ရေးတွင် တာဝန်ရှိသူများသည် မဟာဗျူဟာဆုံးဖြတ်ချက်များချရာတွင် အသုံးပြုသည့် အဓိကကျသော စီမံ အုပ်ချုပ်မှုအဖွဲ့မှ ပြန်လည်သုံးသပ်ထားသော အစီရင်ခံစာများအပေါ် အခြေခံ၍ လုပ်ငန်းဆောင်ရွက်မှုအစိတ်အပိုင်းများ ကို ဆုံးဖြတ်ပါသည်။ အဓိကကျသောစီမံအုပ်ချုပ်မှုအဖွဲ့တွင် ဥက္ကဋ္ဌ၊ အမှုဆောင်အရာရှိချုပ်၊ ဘဏ္ဍာရေး အရာရှိချုပ်နှင့် လုပ်ငန်းတစ်ခုစီ၏ အကြီးအကဲများသည် သက်ဆိုင်ရာလုပ်ငန်းအလိုက် ဥက္ကဋ္ဌထံ တိုက်ရိုက်တင်ပြသော လုပ်ငန်းအကြီး အကဲများ ပါဝင်ပါသည်။

နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းစံ ၈ ခေါင်းစဉ်အောက်ရှိ ကုမ္ပဏီအုပ်စု၏ အစီရင်ခံသည့်အစိတ်အပိုင်းများမှာ အောက် ပါအတိုင်းဖြစ်ပါသည်။

၁။ ရင်းနှီးမြှုပ်နှံမှုအစိတ်အပိုင်းသည် လက်အောက်ခံကုမ္ပဏီနှင့် တွဲဖက်ကုမ္ပဏီတွင် ရင်းနှီးမြှုပ်နှံခြင်းနှင့် တွဲဖက်ကုမ္ပဏီ၏ စီမံအုပ်ချုပ်ရေးအပိုင်းတွင် ပါဝင်ဆောင်ရွက်ခြင်းတို့ဖြစ်ပါသည်။

၂။ လူနေအိမ်ခြံမြေအစိတ်အပိုင်းသည် အိမ်ရာဖွံ့ဖြိုးရေးလုပ်ငန်း၊ တည်ဆောက်ထားပြီးသော လူနေအိမ်နှင့် မြေများ ရောင်းချခြင်း၊ အိမ်ခြံမြေစီမံခန့်ခွဲရေး ဝန်ဆောင်မှုများနှင့် အိမ်ခြံမြေ အငှားချလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ ဖြစ်ပါသည်။

အောက်ပါဇယားများသည် ၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့နှင့် ၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ ကုန်ဆုံးသော နှစ်အတွက် ကုမ္ပဏီအုပ်စု၏ လုပ်ငန်းဆောင်ရွက်မှုအစိတ်အပိုင်းများအတွက် ဝင်ငွေနှင့် အမြတ်/ (အရှုံး) အချက်အလက်များကို တင်ပြပါသည်။

| | **အစီရင်ခံသည့်အစိတ်အပိုင်း** | | | | |
|---|---|---|---|---|---|
| **၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ ကုန်ဆုံးသောနှစ်** | **ရင်းနှီးမြှုပ်နှံမှု** | **လူနေ အိမ်ခြံမြေ** | **စုစုပေါင်း အစီရင်ခံသည့် အစိတ်အပိုင်း များ** | **စာရင်းညှိနှိုင်းမှုများ နှင့် စာရင်းရှင်းလင်းမှုများ** | **စုစုပေါင်း** |
| | | မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | | | |
| **ဝင်ငွေ** | | | | | |
| ပြင်ပဝယ်ယူသူ | ၇,၅၄၄,၃၅၃ | ၃,၁၉၀,၆၁၉ | ၁၀,၇၃၄,၉၇၂ | - | ၁၀,၇၃၄,၉၇၂ |
| အစိတ်အပိုင်းအချင်းချင်း | - | - | - | - | - |
| စုစုပေါင်းဝင်ငွေ | ၇,၅၄၄,၃၅၃ | ၃,၁၉၀,၆၁၉ | ၁၀,၇၃၄,၉၇၂ | - | ၁၀,၇၃၄,၉၇၂ |
| **ရလဒ်** | | | | | |
| အခွန်မဆောင်မီအစိတ်အပိုင်း အမြတ်/ (အရှုံး) | ၁၁,၅၅၁,၅၂၈ | ၅၆၈,၂၆၇ | ၁၂,၁၁၉,၇၉၅ | ၂၀,၉၄၀ | ၁၂,၁၄၀,၇၃၅ |

| **၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ ကုန်ဆုံးသောနှစ်** | **ရင်းနှီးမြှုပ်နှံမှု** | **လူနေ အိမ်ခြံမြေ** | **စုစုပေါင်း အစီရင်ခံသည့် အစိတ်အပိုင်း များ** | **စာရင်းညှိနှိုင်းမှုများ နှင့် စာရင်းရှင်းလင်းမှုများ** | **စုစုပေါင်း** |
|---|---|---|---|---|---|
| | | မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | | | |
| **ဝင်ငွေ** | | | | | |
| ပြင်ပဝယ်ယူသူ | ၁၉,၃၇၇,၃၀၇ | ၇၁၈,၅၃၃ | ၂၀,၀၉၅,၈၄၀ | - | ၂၀,၀၉၅,၈၄၀ |
| အစိတ်အပိုင်းအချင်းချင်း | - | - | - | - | - |
| စုစုပေါင်းဝင်ငွေ | ၁၉,၃၇၇,၃၀၇ | ၇၁၈,၅၃၃ | ၂၀,၀၉၅,၈၄၀ | - | ၂၀,၀၉၅,၈၄၀ |
| **ရလဒ်** | | | | | |
| အခွန်မဆောင်မီအစိတ်အပိုင်း အမြတ်/ (အရှုံး) | ၁၃,၃၇၅,၃၂၀ | ၁,၃၄၄,၀၁၀ | ၁၄,၇၁၉,၃၃၀ | ၂၇,၀၃၄ | ၁၄,၇၄၆,၃၆၄ |

အောက်ဖော်ပြပါဇယားများသည် ၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့နှင့် ၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ ကုမ္ပဏီအုပ်စု၏ လုပ်ငန်းဆောင်ရွက်မှုအစိတ်အပိုင်းများအတွက် ရပိုင်ခွင့်များနှင့် ပေးရန်တာဝန်များကို တင်ပြပါသည်။

| | **အစီရင်ခံသည့်အစိတ်အပိုင်း ရင်းနှီးမြှုပ်နှံမှု** | **လူနေ အိမ်ခြံမြေ** | **စုစုပေါင်း အစီရင်ခံသည့် အစိတ်အပိုင်းများ** | **စာရင်းညှိနှိုင်းမှုများ နှင့် စာရင်းရှင်းလင်းမှုများ** | **စုစုပေါင်း** |
|---|---|---|---|---|---|
| | | မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | | | |
| **ရပိုင်ခွင့်များ** | | | | | |
| ၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက် | **၉၃,၉၆၃,၉၇၃** | **၄၉,၈၄၄,၃၇၀** | **၁၄၃,၈၀၈,၃၄၃** | **(၂၆,၉၆၉,၁၀၄)** | **၁၁၆,၈၃၉,၂၃၉** |
| ၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက် | ၉၂,၂၉၄,၁၆၂ | ၄၀,၆၃၉,၉၃၇ | ၁၃၂,၉၃၄,၀၉၉ | (၂၆,၉၉၀,၀၄၄) | ၁၀၅,၉၄၄,၀၅၅ |
| **ပေးရန်တာဝန်များ** | | | | | |
| ၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက် | **၂,၄၇၇,၈၀၅** | **၈,၉၀၃,၆၁၈** | **၁၁,၃၈၁,၄၂၃** | **(၂၉၁)** | **၁၁,၃၈၁,၁၃၂** |
| ၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက် | ၄,၂၁၂,၈၈၁ | ၃၀၂,၆၁၅ | ၄,၅၁၅,၄၉၆ | (၂၉၁) | ၄,၅၁၅,၂၀၅ |

အစီရင်ခံသည့်အစိတ်အပိုင်းအမြတ်/ (အရှုံး) ကိုက်ညှိရှင်းတမ်း

| မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | **၂၀၂၆** | ၂၀၂၅ |
|---|---|---|
| အစီရင်ခံသည့်အစိတ်အပိုင်းများအတွက် စုစုပေါင်းအခွန်မနုတ်မီ အသားတင်အမြတ်/ (အရှုံး) | **၁၂,၁၁၉,၇၉၅** | ၁၄,၇၁၉,၃၃၀ |
| စာရင်းညှိနှိုင်းမှုများနှင့် စာရင်းရှင်းလင်းမှုများ | | |
| - မပေါ်ပေါက်ခဲ့သောအမြတ်စာရင်းညှိနှိုင်းမှု | **၂၀,၉၄၀** | ၂၇,၀၃၄ |
| အခွန်မနုတ်မီ အမြတ်/ (အရှုံး) | **၁၂,၁၄၀,၇၃၅** | ၁၄,၇၄၆,၃၆၄ |

## ၆။ Financial instruments and financial risks

**Overview**

ကုမ္ပဏီအုပ်စုမှ ရင်ဆိုင်ခဲ့ရသော အဓိကဘဏ္ဍာရေးဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ်များနှင့် အဓိကငွေကြေးဆိုင်ရာ လုပ်ဆောင်ချက်နှင့် သက်ဆိုင်သောမူဝါဒများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- Foreign exchange risk
- Credit risk
- Market risk
- Liquidity and cash flows risk

ဤမှတ်စုသည် ကုမ္ပဏီအုပ်စုမှ ကြုံတွေ့နိုင်သော အထက်ဖော်ပြပါ ဆုံးရှုံးနိုင်ခြေ အန္တရာယ်တစ်ခုစီအတွက် သတင်းအချက်အလက်များ၊ အဆိုပါ ဆုံးရှုံးနိုင်ခြေ အန္တရာယ်များကို တိုင်းတာရန်နှင့် စီမံခန့်ခွဲရန်အတွက် ကုမ္ပဏီအုပ်စုမှ ချမှတ်ထားသော ရည်မှန်းချက်များ၊ မူဝါဒများနှင့် လုပ်ငန်းစဉ်များကို တင်ပြထားပါသည်။

**Foreign exchange risk**

ကုမ္ပဏီအုပ်စုသည် နိုင်ငံခြားငွေကြေးဖြင့် စာရင်းသွင်းထားသော ရပိုင်ခွင့်နှင့် ပေးရန်တာဝန်များအတွက် နိုင်ငံခြားငွေလဲလှယ်မှုနှင့် ပတ်သက်သည့် ဆုံးရှုံးနိုင်ခြေ အန္တရာယ်များကို ကြုံတွေ့နိုင်ပါသည်။ နိုင်ငံခြားငွေလဲလှယ်နှုန်း အတက်အကျဖြစ်ခြင်းကြောင့် သိသာထင်ရှားသော ဘဏ္ဍာရေးဆိုင်ရာ ဆုံးရှုံးနိုင်ခြေ အန္တရာယ်များ ဖြစ်ပေါ်လာနိုင်ပါသည်။ အဆိုပါ ဆုံးရှုံးမှုများသည် ကုမ္ပဏီအုပ်စု၏ ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်းရှိ အမှန်ပေါ်ပေါက်လာသော နိုင်ငံခြားငွေလဲလှယ်မှု အမြတ်/ အရှုံး စာရင်းတွင် အကြီးမားဆုံးသောအပိုင်းအဖြစ် ပါဝင်လာနိုင်ပါသည်။

သတ်မှတ်ဖော်ပြတန်ဖိုး (notional amount) ကို အခြေခံပြီး ကုမ္ပဏီအုပ်စုမှ ကြုံတွေ့နိုင်သော နိုင်ငံခြားငွေလဲလှယ်မှုနှင့်ပတ်သက်သည့် ဆုံးရှုံးနိုင်ခြေ အန္တရာယ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | **၂၀၂၆** | ၂၀၂၅ |
|---|---:|---:|
| ထုတ်ယူခွင့်ကန့်သတ်ထားသောစာရင်းသေအပ်ငွေ | **၅,၁၂၁,၂၀၀** | - |
| ငွေနှင့်ငွေသားညီမျှခြင်းများ | **၁၁၆,၂၂၃** | ၅,၀၄၀,၂၀၁ |
| ကုန်သွယ်မှုနှင့်အခြားရရန်ရှိများ | **-** | ၄၀၁,၅၈၄ |
| ကုန်သွယ်မှုနှင့်အခြားပေးရန်ရှိများ | **(၆၂)** | (၅၈) |
| ဝယ်သူများထံမှကြိုတင်ရငွေများ | **(၉၁၅)** | (၉၀၀) |
| အသားတင်ငွေကြေးပိုင်ဆိုင်မှု | **၅,၂၃၆,၄၄၆** | ၅,၄၄၀,၈၂၇ |

**Foreign currency sensitivity**

အောက်ဖော်ပြပါ ခွဲခြမ်းစိတ်ဖြာစိစစ်ချက်တွင် မြန်မာကျပ်ငွေ ၁၀% အတိုး/ အလျော့ ဖြစ်ပေါ်မှုအပေါ် သက်ဆိုင်ရာ နိုင်ငံခြားငွေကြေးများ၏ အထိအခိုက်ခံနိုင်မှု အသေးစိတ်ကို ဖော်ပြထားသည်။ ၁၀% သည် အထိအခိုက်ခံနိုင်မှုနှုန်း အဖြစ် နိုင်ငံခြားငွေလဲလှယ်မှုနှင့်ပတ်သက်သည့် ကြုံတွေ့နိုင်သော ဆုံးရှုံးနိုင်ခြေ အန္တရာယ်များကို သော့ချက်ကျသော စီမံအုပ်ချုပ်သူများသို့ လုပ်ငန်းအတွင်း သတင်းပို့ရာတွင် အသုံးပြုသောနှုန်း ဖြစ်သည့်အပြင် နိုင်ငံခြားငွေလဲလှယ်နှုန်း အပြောင်းအလဲ ဖြစ်နိုင်ချေ ရှိ၊ မရှိ စီမံအုပ်ချုပ်သူများ၏ အကဲဖြတ်မှုကိုလည်း ကိုယ်စားပြုပါသည်။ စီမံအုပ်ချုပ်သူများမှ ကျိုးကြောင်းဆီလျော်စွာ ဖြစ်နိုင်သည်ဟု ယူဆသည့် နိုင်ငံခြားငွေလဲလှယ်နှုန်း အပြောင်းအလဲသည် ဘဏ္ဍာရေးနှစ် ကုန်ဆုံးချိန်ရှိ နိုင်ငံခြားငွေကြေးဖြင့် ဖော်ပြထားသော ပမာဏ မပြောင်းလဲသည့် လက်ကျန်များအပေါ် သက်ရောက်မှု ရှိပါသည်။ အထိအခိုက်ခံနိုင်မှု စိစစ်ချက်တွင် ဘဏ္ဍာရေးနှစ်ကုန်ဆုံးချိန်ရှိ ငွေကြေးအားဖြင့် တည်ငြိမ်စွာဖော်ပြနိုင်သောအရာများကို နိုင်ငံခြားငွေကြေးဖြင့် ဖော်ပြထားသောလက်ကျန်များပါဝင်ပြီး နိုင်ငံခြားငွေလဲလှယ်နှုန်း ၁၀% ပြောင်းလဲမှုအတွက် ဘဏ္ဍာရေးနှစ်ကုန်ဆုံးချိန်ရှိ ငွေကြေးပြောင်းလဲသတ်မှတ်မှုကို ညှိနှိုင်းထားပါသည်။

အမေရိကန်ဒေါ်လာသည် လုပ်ငန်းလုပ်ဆောင်သည့် ငွေကြေးတန်ဖိုးထက် ၁၀% အားကောင်းလာပါက ဘဏ္ဍာရေးနှစ်များအတွက် အခွန်မလျှာထားမီ အမြတ်သည် အောက်ပါအတိုင်း တိုးလာပါသည်။

| မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | **အခွန်မလျာထားမီ အမြတ်** |
|---|---|
| **၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်** | |
| အမေရိကန်ဒေါ်လာ ၁၀% အားကောင်းလာခြင်း | **၅၂၃,၆၄၅** |
| ၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက် | |
| အမေရိကန်ဒေါ်လာ ၁၀% အားကောင်းလာခြင်း | ၅၄၄,၀၈၃ |

အမေရိကန်ဒေါ်လာသည် လုပ်ငန်းလုပ်ဆောင်သည့် ငွေကြေးတန်ဖိုးအောက် ၁၀% လျော့နည်းသွားပါက ဘဏ္ဍာရေးနှစ်များ၏ အခွန်မလျာထားမီအမြတ်အပေါ်တွင် ပြောင်းပြန်အကျိုးသက်ရောက်မှုရှိမည်ဖြစ်ပါသည်။

**Credit risk**

ကြွေးမြီနှင့်ပတ်သက်သည့် ဆုံးရှုံးနိုင်ခြေအန္တရာယ်သည် ကုမ္ပဏီအုပ်စုနှင့် ပြင်ပလုပ်ငန်းအပ်နှံသူများထံမှ ကုမ္ပဏီအုပ်စု၏ ရရန်ရှိသည့်ငွေများကြောင့် အဓိကဖြစ်ပေါ်ပြီး လုပ်ငန်းအပ်နှံသူတစ်ဦး သို့မဟုတ် မိတ်ဖက်တစ်ဦးမှ ၎င်းတို့၏ ငွေကြေးဆိုင်ရာစာချုပ်ပါ တာဝန်ဝတ္တရားများကို လိုက်နာရန် ပျက်ကွက်ခဲ့လျှင် ကုမ္ပဏီအုပ်စုအတွက် ဘဏ္ဍာရေးဆိုင်ရာ ဆုံးရှုံးမှုများဖြစ်ပေါ်နိုင်သည့် အန္တရာယ် ဖြစ်ပါသည်။ ကုမ္ပဏီတွင်း စာရင်းစစ်အဖွဲ့သည် ကြွေးမြီနှင့် ပတ်သက်သည့် ဆုံးရှုံးနိုင်ခြေအန္တရာယ် ဖြစ်ပေါ်နိုင်ချေ ရှိ၊ မရှိကို သုံးသပ်ရန်အတွက် လက်ရှိ စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများကို အမြဲပြန်လည် သုံးသပ်လျက် ရှိပါသည်။

**Trade receivables**

ကုမ္ပဏီအုပ်စုတွင် ကြွေးမြီနှင့်ပတ်သက်သော မူဝါဒတစ်ခုထားရှိပြီး ဖောက်သည်များအတွက် ကြွေးမြီ ကန့်သတ်ချက်များကို ချမှတ်ထားသည့်အပြင် ၎င်းတို့၏ လက်ကျန်ငွေများကို စီမံအုပ်ချုပ်သူများမှ စဉ်ဆက်မပြတ် စောင့်ကြည့်လျက်ရှိပါသည်။ ကြွေးမြီအကဲဖြတ်မှုကို ဖောက်သည်များအားလုံးအတွက် ဆောင်ရွက်ခဲ့ပြီး ၎င်းတို့၏ ကြွေးမြီပြန်ဆပ်နိုင်မှု အတိုင်းအတာနှင့် ကုမ္ပဏီအုပ်စုသို့ ယခင်ကာလများတွင် ကြွေးမြီ ပေးဆပ်ခဲ့မှုများကိုပါ ထည့်သွင်းစဉ်းစားပါသည်။

အောက်ပါ အကျဉ်းချုပ်ဖော်ပြချက်သည် ကုမ္ပဏီအုပ်စု၏ ကုန်သွယ်မှုရရန်ရှိများအပေါ် ကြွေးမြီနှင့်ပတ်သက်၍ ကြုံတွေ့နိုင်သည့် ဆုံးရှုံးနိုင်ခြေအန္တရာယ်အချက်အလက်များကို ဖော်ပြထားပါသည်။

| **၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်** | လက်ငင်း | ၁ ရက် - ၃၀ ရက် အတွင်း ရက်လွန်ခြင်း | ၃၁ ရက်- ၉၀ ရက် အတွင်း ရက်လွန်ခြင်း | ၉၁ ရက် - ၁၈၀ ရက် အတွင်း ရက်လွန်ခြင်း | ရက်ပေါင်း ၁၈၀ နှင့် အထက် ရက်လွန်ခြင်း | စုစုပေါင်း |
|---|---|---|---|---|---|---|
| | | | မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | | | |
| သယ်ဆောင်တန်ဖိုး | **၅၃,၉၉၂** | - | - | - | - | **၅၃,၉၉၂** |

| ၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက် | လက်ငင်း | ၁ ရက်- ၃၀ ရက် အတွင်း ရက်လွန်ခြင်း | ၃၁ ရက်- ၉၀ ရက် အတွင်း ရက်လွန်ခြင်း | ၉၁ ရက် - ၁၈၀ ရက် အတွင်း ရက်လွန်ခြင်း | ရက်ပေါင်း ၁၈၀ နှင့် အထက် ရက်လွန်ခြင်း | စုစုပေါင်း |
|---|---|---|---|---|---|---|
| | | | မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | | | |
| သယ်ဆောင်တန်ဖိုး | ၄၇၄,၉၆၆ | - | - | - | - | ၄၇၄,၉၆၆ |

**Market risk**

ဈေးကွက်နှင့်ပတ်သက်သည့် ဆုံးရှုံးနိုင်ခြေ အန္တရာယ်ဆိုသည်မှာ ပိုင်ဆိုင်ပစ္စည်းများ၏ တန်ဖိုး မတည်ငြိမ်ခြင်းနှင့် ဈေးကွက်ပေါက်ဈေး ပြောင်းလဲမှုတို့ကြောင့် ဖြစ်နိုင်သည့် ဆုံးရှုံးနိုင်ခြေအန္တရာယ် ဖြစ်ပါသည်။ ဈေးကွက်နှင့် ပတ်သက်သည့် ဆုံးရှုံးနိုင်ခြေ အန္တရာယ်ကို စီမံခန့်ခွဲခြင်း၏ ရည်ရွယ်ချက်မှာ ကောင်းမွန်သောရလဒ်ရရှိအောင် လုပ်ဆောင်နေစဉ်အတွင်းတွင် လက်ခံနိုင်သော အတိုင်းအတာတစ်ခုအတွင်း၌ ဈေးကွက်နှင့်ပတ်သက်သည့် ကြုံတွေ့နိုင်မှုများကို စီမံခန့်ခွဲရန်နှင့် ထိန်းချုပ်ရန် ဖြစ်ပါသည်။

ကုမ္ပဏီအုပ်စု၏ ဝင်ငွေအများစုသည် သီလဝါအထူးစီးပွားရေးဇုန်တွင် တည်ရှိသော ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်းများနှင့် မြေယာများမှတဆင့် ရရှိခဲ့ပါသည်။ လက်ရှိ မြန်မာနိုင်ငံ၏ အိမ်ခြံမြေဈေးကွက်၏ စိန်ခေါ်မှုနှင့် ကျဆင်းမှုများသည် ယခုနှစ် ကုမ္ပဏီအုပ်စု၏ ပိုင်ဆိုင်ပစ္စည်းများ ငှားရမ်းခရရှိမှုနှင့် ဘဏ္ဍာရေး အခြေအနေပေါ်တွင် အကျိုးသက်ရောက်မှု ရှိခဲ့ပါသည်။ စီးပွားရေးအခြေအနေ မတည်ငြိမ်မှုကြောင့် ငှားရမ်းမည့်သူများမှ ပျက်ကွက်ခြင်း ဆုံးရှုံးမှုအန္တရာယ်များနှင့် မူလငှားရမ်းသူများမှ ပြောင်းရွှေ့မှုများ ကြုံတွေ့နိုင်ခြေ မြင့်မားလာနိုင်ပြီး အဆိုပါ ဖြစ်ရပ်များသည် ကုမ္ပဏီအုပ်စု၏ ဝင်ငွေနှင့် လုပ်ဆောင်ချက်များအပေါ်တွင် မကောင်းသော အကျိုးသက်ရောက်မှုကို ဖြစ်စေနိုင်ပါသည်။ သို့သော်လည်း ပိုင်ဆိုင်ပစ္စည်းများကို ငှားရမ်းခြင်း လုပ်ငန်းမှ ဖြစ်ပေါ်လာနိုင်သော အထက်ဖော်ပြပါ ဆုံးရှုံးနိုင်ခြေ အန္တရာယ်များကို  ကုမ္ပဏီအုပ်စုသည် ကြိုတင်လေ့လာသုံးသပ်ပြီး သက်ရောက်မှုများ လျော့နည်းစေရန် လျော့ချနိုင်သည့် နည်းလမ်းများဖြစ်သော အရည်အသွေးကောင်းမွန်သော ငှားရမ်းသူများကို ထိန်းသိမ်းခြင်း၊ ငှားရမ်းသူများအား ဆက်လက်ဆွဲဆောင်နိုင်ရန် အခြားသူများနှင့် ယှဉ်ပြိုင်နိုင်သော ငှားရမ်းမှု အစီအစဉ်များကို ကမ်းလှမ်းခြင်း၊ ပိုင်ဆိုင်ပစ္စည်းများကို စီမံခန့်ခွဲမှုနှင့်ပတ်သက်ပြီး ပိုမိုတိုးတက်အောင် ပြုလုပ်ခြင်းနှင့် လုပ်ငန်း၏ မဟာဗျူဟာများကို ပြန်လည်ပြင်ဆင်ခြင်း အစရှိသော နည်းလမ်းများကို ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ ကြိုတင်တုံ့ပြန်ဆောင်ရွက်မှုများသည် အထက်တွင်ဖော်ပြထားသော ဆုံးရှုံးနိုင်ခြေများမှ ပေါ်ပေါက်လာနိုင်သည့် သက်ရောက်မှုများကို လျော့နည်းစေပြီး ကုမ္ပဏီအုပ်စုအား အကျိုးအမြတ်များ ရရှိစေနိုင်ပါသည်။

**Liquidity and cash flows risk**

ငွေဖြစ်လွယ်မှုနှင့် ပတ်သက်ပြီး ဆုံးရှုံးနိုင်ခြေ အန္တရာယ်သည် အချိန်စေ့ရောက်သည့် ပေးရန်တာဝန်များကို အချိန်နှင့် တစ်ပြေးညီ မပေးချေနိုင်ခြင်းကြောင့် ပေါ်ပေါက်လာသော ဆုံးရှုံးမှုများ သို့မဟုတ် ရေရှည် ကုန်ကျစရိတ် သက်သာစေရန် မဆောင်ရွက်နိုင်ခြင်းမှ ဖြစ်ပေါ်လာသည့် ဆုံးရှုံးနိုင်ခြေ အန္တရာယ်များ ဖြစ်ပါသည်။

ကုမ္ပဏီအုပ်စုသည် ငွေဖြစ်လွယ်မှုနှင့် ပတ်သက်ပြီး ဆုံးရှုံးနိုင်ခြေအန္တရာယ်ကို သတိနှင့်ယှဉ်သော ဘဏ္ဍာရေးဆိုင်ရာ အစီအစဉ်များနှင့် စိစစ်မှုများကို ပြုလုပ်ခြင်း၊ ငွေသားစီးဆင်းမှုကို ပုံမှန်ခန့်မှန်းခြင်း၊ လုပ်ငန်း၏ အသားတင်လည်ပတ်ငွေကို စောင့်ကြည့်စစ်ဆေးခြင်းနှင့် သင့်မြတ်အောင်ဆောင်ရွက်ခြင်း၊ ကုမ္ပဏီ၏ ဘဏ္ဍာရေးဆိုင်ရာ ပေးရန်တာဝန်များ ကို ဖြည့်ဆည်းခြင်းတို့မှတဆင့် စောင့်ကြည့်စစ်ဆေးပါသည်။ ကုမ္ပဏီအုပ်စုသည် ၎င်း၏ လုပ်ငန်းဆောင်ရွက်မှုများကို ငွေကြေးထောက်ပံ့နိုင်ရန် လုပ်ငန်းတွင်း ငွေသားစီးဆင်းမှုများ ဖြစ်စေပြီး လုံလောက်သောငွေနှင့် ငွေသားညီမျှခြင်း လက်ကျန်များကို ထိန်းသိမ်းထားရှိပါသည်။

## ၇။ Capital management

ကုမ္ပဏီအုပ်စုသည် ရင်းနှီးငွေစီမံခန့်ခွဲခြင်းအတွက် ထားရှိသော ရည်ရွယ်ချက်များမှာ အစုရှယ်ယာရှင်များကို ပြန်လည်ပေးအပ်နိုင်ရန်နှင့် ဆက်နွယ်ပတ်သက်သူများ၏ အကျိုးစီးပွားကို ပံ့ပိုးပေးနိုင်ရန်အတွက် ကုမ္ပဏီအုပ်စု၏ ဆက်လက်လုပ်ဆောင်နိုင်စွမ်းကို ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် ဖြစ်ပါသည်။ စီမံကိန်းအသစ်များ ချဲ့ထွင်မှုအတွက် အနာဂတ်ကာလတွင် ဖြစ်ပေါ်နိုင်သည့် ငွေသားစီးဆင်းမှုကို ယခုနှစ်ရှိ ငွေတန်ဖိုး ရောက်ရှိအောင် လျှော့ချထားသော နည်းလမ်းဖြင့် တွက်ချက်ထားသော ဘဏ္ဍာငွေခန့်မှန်းမှုများ အပါအဝင် ဖြစ်နိုင်ချေ လေ့လာစိစစ်မှုများကို သေချာစွာ စိစစ်ခွဲခြမ်း စိတ်ဖြာမှုများ ပြုလုပ်ခဲ့ပါသည်။

## ၈။ မြေအဆောက်အဦ၊စက်နှင့် စက်ပစ္စည်းကိရိယာ

| မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | ငှားရမ်းထားသော မြေ | စက်ရုံ | စီးအားမြင့်စက် | အဆောက်အဦ | စွန့်ပစ်ပစ္စည်း သိုလှောင်ကန် | စက်နှင့် စက်ပစ္စည်းများ | မော်တော်ယာဉ် | ကွန်ပျူတာနှင့် စက်ပစ္စည်းများ | ပရိဘောဂနှင့် ကိရိယာများ | ရုံးခန်းပြန်လည် ပြုပြင်မွမ်းမံခြင်း | နေရောင်ခြည် စွမ်းအင်သုံး ဓာတ်အားစနစ် | တည်ဆောက်ဆဲ (နေရောင်ခြည် စွမ်းအင်) | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| **မူရင်းတန်ဖိုး** | | | | | | | | | | | | | |
| ၂၀၂၄ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့ရှိ | | | | | | | | | | | | | |
| စာရင်းဖွင့်လက်ကျန် | ၄၀၄,၃၆၇ | ၁,၃၂၀,၅၁၂ | ၂၇၀,၅၅၇ | ၁,၁၄၃,၉၄၀ | ၄,၃၄၂ | ၇၃,၈၂၁ | ၄၂၈,၇၆၁ | ၁၂၄,၅၉၇ | ၅၃၀,၃၁၆ | ၅၅၅,၅၄၀ | ၁၂၃,၅၅၉ | - | ၄,၉၈၀,၃၁၂ |
| အသစ်ဝယ်ခြင်း | - | - | - | - | - | ၆,၃၅၈ | - | - | ၉၅,၆၅၉ | - | - | - | ၁၀၂,၀၁၇ |
| ပယ်ဖျက်ခြင်း (မှတ်စု ၂၅) | - | - | - | - | - | (၄၇၀) | - | (၄,၁၅၄) | (၁,၄၃၈) | - | - | - | (၆,၀၆၂) |
| ၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ | | | | | | | | | | | | | |
| စာရင်းပိတ်လက်ကျန် | ၄၀၄,၃၆၇ | ၁,၃၂၀,၅၁၂ | ၂၇၀,၅၅၇ | ၁,၁၄၃,၉၄၀ | ၄,၃၄၂ | ၇၉,၇၀၉ | ၄၂၈,၇၆၁ | ၁၂၀,၄၄၃ | ၆၂၄,၅၃၇ | ၅၅၅,၅၄၀ | ၁၂၃,၅၅၉ | - | ၅,၀၇၆,၂၆၇ |
| ၂၀၂၅ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့ရှိ | | | | | | | | | | | | | |
| စာရင်းဖွင့်လက်ကျန် | ၄၀၄,၃၆၇ | ၁,၃၂၀,၅၁၂ | ၂၇၀,၅၅၇ | ၁,၁၄၃,၉၄၀ | ၄,၃၄၂ | ၇၉,၇၀၉ | ၄၂၈,၇၆၁ | ၁၂၀,၄၄၃ | ၆၂၄,၅၃၇ | ၅၅၅,၅၄၀ | ၁၂၃,၅၅၉ | - | ၅,၀၇၆,၂၆၇ |
| အသစ်ဝယ်ခြင်း | ၁,၉၄၃,၆၄၄ | - | - | - | ၃,၄၇၅ | ၁၂,၀၆၃ | - | ၁၂,၆၅၀ | ၄,၃၁၉ | - | - | ၇,၉၈၈,၈၀၃ | ၉,၉၆၄,၉၅၄ |
| အရောင်း | - | - | - | - | - | - | (၂၈,၅၇၅) | - | (၇,၁၆၂) | - | - | - | (၃၅,၇၃၇) |
| ပယ်ဖျက်ခြင်း (မှတ်စု ၂၅) | - | - | - | - | (၃,၅၃၂) | (၁,၁၅၈) | - | (၉,၄၇၅) | (၁၀,၉၆၇) | - | - | - | (၂၅,၁၃၂) |
| ၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ | | | | | | | | | | | | | |
| စာရင်းပိတ်လက်ကျန် | ၂,၃၄၈,၀၁၁ | ၁,၃၂၀,၅၁၂ | ၂၇၀,၅၅၇ | ၁,၁၄၃,၉၄၀ | ၄,၂၈၅ | ၉၀,၆၁၄ | ၄၀၀,၁၈၆ | ၁၂၃,၆၁၈ | ၆၁၀,၇၂၇ | ၅၅၅,၅၄၀ | ၁၂၃,၅၅၉ | ၇,၉၈၈,၈၀၃ | ၁၄,၉၈၀,၃၅၂ |
| **စုစုပေါင်း တန်ဖိုးလျော့နှင့် တန်ဖိုးကျ၍ဆုံးရှုံးမှု** | | | | | | | | | | | | | |
| ၂၀၂၄ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့ရှိ စာရင်းဖွင့်တန်ဖိုးလျော့ | (၄၉,၃၅၀) | (၄၁၁,၆၃၄) | (၃၅,၁၆၀) | (၁၁၄,၇၈၅) | (၁,၁၅၈) | (၅၆,၈၄၅) | (၄၁၅,၀၆၁) | (၉၇,၄၇၂) | (၄၆၇,၉၆၅) | (၂၄၂,၅၆၃) | (၃၃,၇၈၈) | - | (၁,၉၂၅,၇၈၁) |
| တန်ဖိုးလျော့ (မှတ်စု ၂၅) | (၈,၈၃၉) | (၆၆,၀၂၆) | (၅,၈၆၀) | (၂၃,၂၄၂) | (၂၁၇) | (၇,၅၃၈) | (၁၁,၁၄၈) | (၁၀,၀၁၆) | (၃၄,၀၀၆) | (၁၉,၉၁၄) | (၄၇,၈၅၂) | - | (၂၃၄,၆၅၈) |
| ပယ်ဖျက်ခြင်း (မှတ်စု ၂၅) | - | - | - | - | - | ၄၁၇ | - | ၄,၁၅၄ | ၁,၄၃၈ | - | - | - | ၆,၀၀၉ |
| တန်ဖိုးကျ၍ ဆုံးရှုံးမှု | - | - | - | - | - | - | - | - | - | - | - | - | - |
| ၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ | | | | | | | | | | | | | |
| စာရင်းပိတ်တန်ဖိုးလျော့ | (၅၈,၁၈၉) | (၄၇၇,၆၆၀) | (၄၁,၀၂၀) | (၁၃၈,၀၂၇) | (၁,၃၇၅) | (၆၃,၉၆၆) | (၄၂၆,၂၀၉) | (၁၀၃,၃၃၄) | (၅၀၀,၅၃၃) | (၂၆၂,၄၇၇) | (၈၁,၆၄၀) | - | (၂,၁၅၄,၄၃၀) |
| ၂၀၂၅ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့ရှိ စာရင်းဖွင့်တန်ဖိုးလျော့ | (၅၈,၁၈၉) | (၄၇၇,၆၆၀) | (၄၁,၀၂၀) | (၁၃၈,၀၂၇) | (၁,၃၇၅) | (၆၃,၉၆၆) | (၄၂၆,၂၀၉) | (၁၀၃,၃၃၄) | (၅၀၀,၅၃၃) | (၂၆၂,၄၇၇) | (၈၁,၆၄၀) | - | (၂,၁၅၄,၄၃၀) |
| တန်ဖိုးလျော့ (မှတ်စု ၂၅) | (၈,၈၃၉) | (၆၆,၀၂၆) | (၅,၈၆၀) | (၂၃,၂၄၂) | (၃၇၆) | (၆,၆၆၁) | (၁,၂၈၆) | (၉,၀၃၈) | (၄၂,၉၉၀) | (၁၈,၇၀၂) | (၅,၁၂၁) | - | (၁၈၈,၁၄၁) |
| အရောင်း | - | - | - | - | - | - | ၂၈,၅၇၅ | - | ၇,၁၆၂ | - | - | - | ၃၅,၇၃၇ |
| ပယ်ဖျက်ခြင်း (မှတ်စု ၂၅) | - | - | - | - | ၁,၄၂၉ | ၉၅၆ | - | ၉,၄၇၅ | ၁၀,၉၁၉ | - | - | - | ၂၂,၇၇၉ |
| တန်ဖိုးကျ၍ ဆုံးရှုံးမှု | - | - | - | - | - | - | - | - | - | - | - | - | - |
| ၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ | | | | | | | | | | | | | |
| စာရင်းပိတ်တန်ဖိုးလျော့ | (၆၇,၀၂၈) | (၅၄၃,၆၈၆) | (၄၆,၈၈၀) | (၁၆၁,၂၆၉) | (၃၂၂) | (၆၉,၆၇၁) | (၃၉၈,၉၂၀) | (၁၀၂,၈၉၇) | (၅၂၅,၄၄၂) | (၂၈၁,၁၇၉) | (၈၆,၇၆၁) | - | (၂,၂၈၄,၀၅၅) |
| **အသားတင်တန်ဖိုး** | | | | | | | | | | | | | |
| ၂၀၂၄ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့ရှိ | ၃၅၅,၀၁၇ | ၉၀၈,၈၇၈ | ၂၃၅,၃၉၇ | ၁,၀၂၉,၁၅၅ | ၃,၁၈၄ | ၁၆,၉၇၆ | ၁၃,၇၀၀ | ၂၇,၁၂၅ | ၆၂,၃၅၁ | ၃၁၂,၉၇၇ | ၈၉,၇၇၁ | - | ၃,၀၅၄,၅၃၁ |
| ၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ | ၃၄၆,၁၇၈ | ၈၄၂,၈၅၂ | ၂၂၉,၅၃၇ | ၁,၀၀၅,၉၁၃ | ၂,၉၆၇ | ၁၅,၇၄၃ | ၂,၅၅၂ | ၁၇,၁၀၉ | ၁၂၄,၀၀၄ | ၂၉၃,၀၆၃ | ၄၁,၉၁၉ | - | ၂,၉၂၁,၈၃၇ |
| ၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ | ၂,၂၈၀,၉၈၃ | ၇၇၆,၈၂၆ | ၂၂၃,၆၇၇ | ၉၈၂,၆၇၁ | ၃,၉၆၃ | ၂၀,၉၄၃ | ၁,၂၆၆ | ၂၀,၇၂၁ | ၈၅,၂၈၅ | ၂၇၄,၃၆၁ | ၃၆,၇၉၈ | ၇,၉၈၈,၈၀၃ | ၁၂,၆၉၆,၂၉၇ |

စာရင်းပိုထုတ်ချေးငွေများကို ၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ကုန်ဆုံးသောနှစ်အတွင်း ပြန်လည်ပေးဆပ်ခဲ့ပြီးဖြစ်သည့်အတွက် အာမခံအဖြစ်ထားရှိသောအဆောက်အဦအပေါ် ခံဝန်ချုပ် ကင်းလွတ်ခဲ့ပါသည်။

## ၉။ ထိတွေ့ကိုင်တွယ်၍မရသောရရန်ပိုင်ခွင့်

| မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | **ဆော့ဝဲ(လ်)** |
|---|---|
| **မူရင်းတန်ဖိုး** | |
| ၂၀၂၄ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၉,၃၉၅ |
| အသစ်ဝယ်ခြင်း | - |
| ၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၉,၃၉၅ |
| ၂၀၂၅ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | **၉,၃၉၅** |
| အသစ်ဝယ်ခြင်း | **-** |
| ၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | **၉,၃၉၅** |
| **စုစုပေါင်း တန်ဖိုးလျော့နှင့် တန်ဖိုးကျ၍ဆုံးရှုံးမှု** | |
| ၂၀၂၄ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့ရှိ စာရင်းဖွင့်တန်ဖိုးလျော့ | (၈,၈၇၃) |
| တန်ဖိုးလျော့ (မှတ်စု ၂၅) | (၂၀၁) |
| တန်ဖိုးကျ၍ ဆုံးရှုံးမှု | - |
| ၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ စာရင်းပိတ်တန်ဖိုးလျော့ | (၉,၀၇၄) |
| ၂၀၂၅ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့ရှိ စာရင်းဖွင့်တန်ဖိုးလျော့ | **(၉,၀၇၄)** |
| တန်ဖိုးလျော့ (မှတ်စု ၂၅) | **(၂၀၄)** |
| တန်ဖိုးကျ၍ ဆုံးရှုံးမှု | **-** |
| ၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ စာရင်းပိတ်တန်ဖိုးလျော့ | **(၉,၂၇၈)** |
| **အသားတင်တန်ဖိုး** | |
| ၂၀၂၄ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့ရှိ | ၅၂၂ |
| ၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ | ၃၂၁ |
| ၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ | **၁၁၇** |

## ၁၀။ တွဲဖက်ကုမ္ပဏီတွင် ရင်းနှီးမြှုပ်နှံမှု

| မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | **၂၀၂၆** | ၂၀၂၅ |
|---|---|---|
| စာရင်းဖွင့်လက်ကျန် | **၅၀,၇၄၃,၈၆၈** | ၄၆,၃၂၇,၇၂၅ |
| နှစ်အတွက် အချိုးကျအသားတင်အမြတ် | **၇,၀၆၀,၄၉၂** | ၄,၃၉၂,၆၆၉ |
| မပေါ်ပေါက်ခဲ့သောအမြတ်စာရင်းညှိနှိုင်းမှု | **၉,၂၁၉** | ၂၃,၄၇၄ |
| **သယ်ဆောင်တန်ဖိုး** | **၅၇,၈၁၃,၅၇၉** | ၅၀,၇၄၃,၈၆၈ |

ကုမ္ပဏီအုပ်စု၏အစီရင်ခံသည့်နှစ်များအတွက် ပိုင်ဆိုင်မှုအချိုးဖြင့် တွက်ချက်သော ရင်းနှီးမြှုပ်နှံမှု (မြန်မာဂျပန်သီလဝါ ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက်) အရ ကုမ္ပဏီအုပ်စု၏ အချိုးကျအသားတင်အမြတ်မှာ မြန်မာကျပ် ၇,၀၆၀,၄၉၀,၇၁၁.၉၀ (အမေရိကန်ဒေါ်လာ ၁,၉၃၀,၁၅၀.၅၅ @ မြန်မာကျပ် ၃,၆၅၈)၊ (၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် အမြတ်ငွေ မြန်မာကျပ် ၄,၃၉၂,၆၆၈,၇၁၉.၂၁ (အမေရိကန်ဒေါ်လာ ၁,၂၂၀,၅၂၄.၇၉ @ မြန်မာကျပ် ၃,၅၉၉)) ဖြစ်ပါသည်။ ပိုင်ဆိုင်မှုအချိုးဖြင့် တွက်ချက်သော ရင်းနှီးမြှုပ်နှံမှုသည် အများပိုင်စာရင်းဝင်ကုမ္ပဏီမဟုတ်သောကြောင့် အများပြည်သူသို့ ကြေငြာထားသော ရောင်းဈေးမရှိပါ။

အောက်တွင် တွဲဖက်ကုမ္ပဏီ၏ ဝင်ငွေ၊ အသုံးစရိတ်များနှင့် ရပိုင်ခွင့်များ၊ ပေးရန်တာဝန်များကို ဖော်ပြထားပါသည်။

| အမေရိကန်ဒေါ်လာ (ဒေါ်လာထောင်ပေါင်း) | **၂၀၂၆** | ၂၀၂၅ |
|---|---|---|
| ပိုင်ဆိုင်မှု ရာခိုင်နှုန်း | **၄၁%** | ၄၁% |
| လက်ငင်းရပိုင်ခွင့်များ | **၈၄,၂၁၇** | ၇၈,၀၇၂ |
| လက်ငင်းမဟုတ်သောရပိုင်ခွင့်များ | **၁၈,၀၁၃** | ၁၈,၁၆၄ |
| **စုစုပေါင်းရပိုင်ခွင့်များ** | **၁၀၂,၂၃၀** | ၉၆,၂၃၆ |
| လက်ငင်းပေးရန်တာဝန်များ | **၈,၇၉၅** | ၇,၃၆၆ |
| လက်ငင်းမဟုတ်သောပေးရန်တာဝန်များ | **၁,၈၃၁** | ၁,၉၇၃ |
| **စုစုပေါင်းပေးရန်တာဝန်များ** | **၁၀,၆၂၆** | ၉,၃၃၉ |
| **အသားတင်ရပိုင်ခွင့်များ** | **၉၁,၆၀၄** | ၈၆,၈၉၇ |

| အမေရိကန်ဒေါ်လာ (ဒေါ်လာထောင်ပေါင်း) | **၂၀၂၆** | ၂၀၂၅ |
|---|---|---|
| ဝင်ငွေ | **၁၆,၀၉၉** | ၁၅,၃၄၂ |
| အသုံးစရိတ်များ | **(၁၁,၃၉၂)** | (၁၂,၃၆၅) |
| **အမြတ်** | **၄,၇၀၇** | ၂,၉၇၇ |
| **အချိုးကျအသားတင်အမြတ်** | **၁,၉၃၀** | ၁,၂၂၁ |

## ၁၁။ အခြားရင်းနှီးမြှုပ်နှံမှု (မြန်မာကျပ် ၁၀,၀၀၀,၀၀၀)

အထက်ဖော်ပြပါ ငွေပမာဏသည် ကုမ္ပဏီအုပ်စုက မြန်မာကျောက်ဖြူ အထူးစီးပွားရေးဇုန် ဟိုး(လ်)ဒင်း ကုမ္ပဏီအုပ်စု အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်တွင် ရင်းနှီးမြှုပ်နှံထားရှိမှု ဖြစ်ပါသည်။

## ၁၂။ ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်း

| မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | **မြေနှင့် အဆောက်အဦ** |
|---|---|
| **မူရင်းတန်ဖိုး** | |
| ၂၀၂၄ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၄,၇၄၁,၃၃၄ |
| ကုန်လက်ကျန်များမှ လွှဲပြောင်းခြင်း | ၁,၄၅၇,၄၄၁ |
| ကုန်လက်ကျန်များသို့ လွှဲပြောင်းခြင်း | (၂၃၃,၄၃၁) |
| ၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၅,၉၆၅,၃၄၄ |
| ၂၀၂၅ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | **၅,၉၆၅,၃၄၄** |
| ကုန်လက်ကျန်များမှ လွှဲပြောင်းခြင်း | **၂၄၉,၁၅၆** |
| ကုန်လက်ကျန်များသို့ လွှဲပြောင်းခြင်း | **(၁,၄၇၃,၅၃၁)** |
| ညှိနှိုင်းမှု | **(၂,၈၀၇)** |
| ၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | **၄,၇၃၈,၁၆၂** |
| **စုစုပေါင်းတန်ဖိုးလျော့နှင့် တန်ဖိုးကျ၍ဆုံးရှုံးမှု** | |
| ၂၀၂၄ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့ရှိ စာရင်းဖွင့်တန်ဖိုးလျော့ | (၇၉၄,၀၂၁) |

| | |
|---|---|
| တန်ဖိုးလျော့ (မှတ်စု ၂၅) | (၁၂၆,၀၇၉) |
| ကုန်လက်ကျန်များသို့ လွှဲပြောင်းခြင်း | ၂,၉၁၂ |
| တန်ဖိုးကျ၍ ဆုံးရှုံးမှု | - |
| ၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ စာရင်းပိတ်တန်ဖိုးလျော့ | (၉၁၇,၁၈၈) |
| **၂၀၂၅ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့ရှိ စာရင်းဖွင့်တန်ဖိုးလျော့** | **(၉၁၇,၁၈၈)** |
| တန်ဖိုးလျော့ (မှတ်စု ၂၅) | **(၁၁၆,၄၅၀)** |
| ကုန်လက်ကျန်များသို့ လွှဲပြောင်းခြင်း | **၆၇,၂၁၂** |
| ညှိနှိုင်းမှု | **၂,၈၀၇** |
| တန်ဖိုးကျ၍ ဆုံးရှုံးမှု | **-** |
| ၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ စာရင်းပိတ်တန်ဖိုးလျော့ | **(၉၆၃,၆၁၉)** |
| **မပေါ်ပေါက်ခဲ့သောအမြတ်စာရင်းညှိနှိုင်းမှု** | |
| ၂၀၂၄ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့ရှိ | (၁၀၉,၄၇၆) |
| ၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ | (၁၁၄,၉၄၈) |
| ၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ | **(၁၀၁,၂၃၂)** |
| **အသားတင်တန်ဖိုး** | |
| ၂၀၂၄ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့ရှိ | ၃,၈၃၇,၈၃၇ |
| ၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ | ၄,၉၃၃,၂၀၈ |
| ၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ | **၃,၆၇၃,၃၁၁** |

၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ ကုမ္ပဏီအုပ်စု၏ ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်းတွင် သီလဝါအထူးစီးပွားရေးဇုန်၏ အပန်းဖြေရေးနှင့်စီးပွားရေးဆိုင်ရာ နယ်မြေဧရိယာ (R&C) ရှိ အလုပ်သမားများနေထိုင်သည့် အဆောက်အဦ (၃) လုံး ပါဝင်ပါသည်။ ၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ ပစ္စည်း၏မျှတသောတန်ဖိုး (fair value) သည် တိကျသေချာမှုရှိလိမ့်မည် မဟုတ်ကြောင်း ဒါရိုက်တာများက ထင်မြင်ယူဆကြသည်။ ၎င်းထင်မြင်ယူဆချက်သည် အောက်ဖော်ပြပါ အချက်အလက်များပေါ်တွင် အခြေခံပါသည်။

၁။ သီလဝါအထူးစီးပွားရေးဇုန်တွင် အဆိုပါပစ္စည်းနှင့် အမျိုးအစားတူမရှိခြင်း၊

၂။ သီလဝါအထူးစီးပွားရေးဇုန်တွင် အဆိုပါပစ္စည်းနှင့်တူညီသော ပုံသေပိုင်ပစ္စည်းကို အရောင်းအဝယ်ပြုလုပ်ခဲ့သော သမိုင်းကြောင်းမရှိခဲ့ခြင်းနှင့်

၃။ သီလဝါအထူးစီးပွားရေးဇုန်တွင် အဆိုပါပစ္စည်းအမျိုးအစားကဲ့သို့ ပစ္စည်းများအား အရောင်းအဖြစ် စာရင်းဖော်ဆောင်မှု မရှိခဲ့ခြင်း။

ထိုအခြေအနေတွင် ဝယ်လိုသောဆန္ဒရှိသူနှင့် ရောင်းလိုသောဆန္ဒရှိသူအပေါ် အခြေခံ၍ တန်ဖိုးသတ်မှတ်ရန် မဖြစ်နိုင်သောကြောင့် Market Comparable Approach ကို လက်ခံကျင့်သုံးနိုင်မည် မဟုတ်ပေ။ ပစ္စည်း၏ တန်ဖိုးသတ်မှတ်ရန် Income Capitalisation Approach ကို သုံးမည်ဆိုပါက ထိုပစ္စည်းသည် ငှားရမ်းမှုအတွက် လုံလောက်သောအချိန်ပေးနိုင်ရမည်။ ထို့အပြင် ပစ္စည်း၏ ပြန်ရချက်သည် တည်ငြိမ်မှုရှိ၍ Capitalisation rate ကို အသုံးပြုနိုင်သော အခြေအနေရှိရပါမည်။ နေထိုင်ခြင်းအတွက် ခွင့်ပြုမိန့်သည် လက်တလောကာလတွင် ရရှိထားသဖြင့် ငှားရမ်းမှုဖြစ်စဉ်သည် ကနဦးအဆင့်တွင်သာရှိပါသည်။ သို့ဖြစ်၍ Income Capitalisation Approach ကို ကျင့်သုံးနိုင်မည် မဟုတ်ပေ။

ကနဦးဖော်ပြထားသော တန်ဖိုးသတ်မှတ်ခြင်းနည်းလမ်းနှစ်ခုကို အသုံးမပြုနိုင်သောကြောင့် တတိယအသုံးပြုနိုင်သော နည်းလမ်းမှာ Cost Approach ဖြစ်ပါသည်။ သင့်လျော်သော ဝယ်ယူသူမှ အလားတူအဆောက်အဦတစ်ခု ဆောက်လုပ်ခြင်းအတွက် ကုန်ကျသောစရိတ်နှင့် တူညီသောပမာဏ (သို့မဟုတ်) ပိုသောပမာဏဖြင့် ပေးချေခြင်းကို ဆိုလိုပါသည်။ ၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ Cost Approach သည် ပစ္စည်း၏တန်ဖိုးကို ခန့်မှန်းခြင်းနှင့် ပြန်လည်တန်ဖိုးသတ်မှတ်ခြင်းအတွက် အသင့်တော်ဆုံးနည်းလမ်းဖြစ်ပါသည်။
၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ ကုမ္ပဏီအုပ်စု၏ ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်းတွင်

၁။ အလုပ်သမားများနေထိုင်သည့် အဆောက်အဦ (၃)လုံး၊
၂။ အဓိကလမ်းမကြီးနှင့် မျက်နှာချင်းဆိုင်ရှိ B အမျိုးအစား လူနေဆိုင်ခန်း (၁) ခု၊

၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ ကုမ္ပဏီအုပ်စု၏ ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်းနှင့် ပတ်သက်သည့် မျှတသောတန်ဖိုး (fair value) အဆင့်ဆင့်၏ အသေးစိတ်မှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်။

| မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | အဆင့် (၁) | အဆင့် (၂) | အဆင့် (၃) | မျှတသော တန်ဖိုး |
|---|---|---|---|---|
| ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်း | | | | |
| အလုပ်သမားများနေထိုင်ရန် | | | | |
| အဆောက်အဦ | - | - | ၃,၈၁၂,၆၀၅ | ၃,၈၁၂,၆၀၅ |
| လူနေဆိုင်ခန်း (B)- အဓိကလမ်းမကြီး | ၅၀၄,၀၀၀ | - | - | ၅၀၄,၀၀၀ |

လူနေဆိုင်ခန်း - အဓိကလမ်းမကြီးအတွက် မျှတသောတန်ဖိုး (fair value) သတ်မှတ်မှုပြုလုပ်ရာတွင် Market Comparable Approach ကို အသုံးပြု၍ အရှေ့မြေကွက်လပ်အတွက် ညှိနှိုင်းထားပြီးသော အလားတူပိုင်ဆိုင်ပစ္စည်း၏ လက်ရှိ ဈေးကွက် ပေါက်ဈေး အပေါ်အခြေခံပြီး ရယူထားပါသည်။

ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်းအတွက် မျှတသောတန်ဖိုး (fair value) အဆင့်ဆင့်ကို Level 3 သို့ ခွဲခြားရာတွင် အောက်ဖော်ပြပါ အချက်အလက်များ သက်ဆိုင်ပါသည်။

| **ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်း** | **တန်ဖိုးသင့်သော နည်းလမ်း** | **Significant unobservable input(s)** | **အထိအခိုက်ခံနိုင်မှု (Sensitivity)** |
|---|---|---|---|
| အလုပ်သမားများ နေထိုင်သည့် အဆောက်အဦ | Income Capitalisation Approach | Capitalisation rate | Capitalisation rate တိုးလာခြင်းသည် မျှတသောတန်ဖိုး (fair value) လျော့ကျခြင်းကိုဖြစ်စေသည်။ အပြန်အလှန်အားဖြင့် မျှတသောတန်ဖိုး (fair value) လျော့ကျလျှင်လည်း Capitalisation rate တိုးလာနိုင်သည်။ |
| | | Occupancy rate | နေထိုင်မှုနှုန်း လျော့ကျခြင်းသည် မျှတသောတန်ဖိုး (fair value) လျော့ကျခြင်းကို ဖြစ်စေသည်။ အပြန်အလှန်အားဖြင့် မျှတသောတန်ဖိုး (fair value) လျော့ကျလျှင်လည်း နေထိုင်မှုနှုန်း လျော့ကျနိုင်သည်။ |

| | |
|---|---|
| Monthly rental | လစဉ်ငှားရမ်းခ လျော့ကျခြင်းသည် မျှတသောတန်ဖိုး (fair value) လျော့ကျခြင်းကို ဖြစ်စေသည်။ အပြန်အလှန်အားဖြင့် မျှတသောတန်ဖိုး (fair value) လျော့ကျလျှင်လည်း လစဉ်ငှားရမ်းခ လျော့ကျနိုင်သည်။ |

နှစ်အတွင်း လူနေဆိုင်ခန်း (၁) ခုကို ကုန်လက်ကျန်များမှ ပြောင်းရွှေ့ခဲ့ပြီး၊ လူနေဆိုင်ခန်း (၆) ခုကို ကုန်လက်ကျန်များသို့ ပြောင်းရွှေ့ခဲ့ပါသည်။

ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်း၏ မျှတသောတန်ဖိုး (fair value) သည် လွတ်လပ်သော တန်ဖိုးသင့်သူ၏ တန်ဖိုးသင့်မှုအပေါ်တွင် အခြေခံထားခြင်းမဟုတ်ပါ။

ကုမ္ပဏီအုပ်စု၏ ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်းအားလုံးမှ ပိုင်ဆိုင်ပစ္စည်းငှားရမ်းခရငွေ မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) ၂၈၅,၂၃၅ မှာ ကာလတိုငှားရမ်းခြင်း (operating lease) မှ ရရှိသော ငှားရမ်းခရငွေဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်း ငှားရမ်းမှုအတွက် တိုက်ရိုက်လုပ်ငန်းလည်ပတ်မှုကုန်ကျစရိတ် (ပြုပြင်ခြင်းနှင့် ထိန်းသိမ်းခြင်း အပါအဝင်) မှာ မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) ၂၂၃,၁၂၃ ဖြစ်ပါသည်။

## ၁၃။ ရွှေ့ဆိုင်းထားသောအခွန်ရပိုင်ခွင့်များ

ရွှေ့ဆိုင်းထားသောအခွန်ကို အခွန်ဥပဒေအရ တွက်ချက်ရရှိသော မြေ၊ အဆောက်အဦ၊ စက်နှင့် စက်ပစ္စည်းကိရိယာနှင့် ထိတွေ့ကိုင်တွယ်၍မရသော ရရန်ပိုင်ခွင့်များ၏ သယ်ဆောင်တန်ဖိုး မြန်မာကျပ် ၃,၁၆၄,၄၆၇,၀၀၁ (၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်: မြန်မာကျပ် ၁,၂၈၇,၆၆၃,၀၃၂) ထဲမှ ဘဏ္ဍာရေးရှင်းတမ်းရှိ သယ်ဆောင်တန်ဖိုး မြန်မာကျပ် ၃,၁၁၄,၃၉၇,၆၅၅ (၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်: မြန်မာကျပ် ၁,၂၃၇,၇၈၉,၄၇၂) ကို နုတ်ပယ်ပြီးနောက် ရရှိလာသော ယာယီကွာခြားချက် မြန်မာကျပ် ၅၀,၀၆၉,၃၄၆ (၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်: မြန်မာကျပ် ၄၉,၈၇၃,၅၆၀) အပေါ်တွင် ဝင်ငွေခွန်နှုန်းထား ၁၇% ဖြင့် တွက်ချက်ထားပါသည်။

ရွှေ့ဆိုင်းထားသောအခွန်ကို အခွန်ဥပဒေအရ တွက်ချက်ရရှိသော မြေ၊ အဆောက်အဦ၊ စက်နှင့် စက်ပစ္စည်းကိရိယာ၊ ထိတွေ့ကိုင်တွယ်၍မရသော ရရန်ပိုင်ခွင့်နှင့် ရင်းနှီးမြှုပ်နှံထားသောပိုင်ဆိုင်ပစ္စည်းများ၏ သယ်ဆောင်တန်ဖိုး မြန်မာကျပ် ၅,၃၆၇,၇၅၈,၇၈၉.၆၉ (၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်: မြန်မာကျပ် ၇,၁၆၁,၁၆၅,၇၄၅.၉၉) ထဲမှ ဘဏ္ဍာရေးရှင်းတမ်းရှိ သယ်ဆောင်တန်ဖိုး မြန်မာကျပ် ၅,၇၆၆,၁၂၉,၆၇၄.၈၂ (၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်: မြန်မာကျပ် ၆,၇၃၂,၅၂၁,၂၉၉.၈၁) ကို နုတ်ပယ်ပြီးနောက် ရရှိလာသော ယာယီကွာခြားချက် မြန်မာကျပ် ၃၉၈,၃၇၀,၈၈၅.၁၃ (၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်: မြန်မာကျပ် ၄၂၈,၆၄၄,၄၄၆.၁၈) အပေါ်တွင် ဝင်ငွေခွန်နှုန်းထား ၂၂% (၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်: ၁၁%) ဖြင့် တွက်ချက်ထားပါသည်။

ကုမ္ပဏီအုပ်စုတွင် သုံးနှစ်အထိ သယ်ဆောင် အသုံးပြုနိုင်သော အသုံးမပြုရသေးသည့် အခွန်ခုနှိမ်နိုင်သော အရှုံးငွေများ ရှိပါသည်။ ကုမ္ပဏီ၌ ရှေ့သို့ သယ်ဆောင် အသုံးပြုနိုင်သော အသုံးမပြုရသေးသည့်အခွန်ခုနှိမ်နိုင်သော အရှုံးငွေပမာဏမှာ ၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် မြန်မာကျပ် ၃၁၇,၁၂၃,၂၇၇.၂၆ (၂၀၂၅ ခုနှစ် မတ်လ (၃၁) ရက်: မြန်မာကျပ် ၆၈၂,၆၇၆,၀၃၅.၀၅) ရှိပါသည်။

ရွှေ့ဆိုင်းထားသော အခွန်များသည် တူညီသော ဘဏ္ဍာရေးနှစ် အခွင့်အာဏာနှင့် သက်ဆိုင်သောအခါနှင့် နှစ်အတွင်း ဝင်ငွေခွန်ရပိုင်ခွင့်ကို ဝင်ငွေခွန်ပေးရန်တာဝန်ဖြင့် တရားဝင်ခိုင်မာသော ခုနှိမ်ခွင့်ရှိသောအခါ ရွှေ့ဆိုင်းထားသော ဝင်ငွေ ရပိုင်ခွင့်များနှင့် ပေးရန်တာဝန်များကို ခုနှိမ်ပါသည်။ သင့်လျော်သော ခုနှိမ်မှုပြုလုပ်ပြီးနောက် ငွေပမာဏမှာ ဘဏ္ဍာရေး အခြေအနေပြရှင်းတမ်းတွင် အောက်ပါအတိုင်းဖော်ပြပါသည်။

| မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | **မြေ၊ အဆောက်အဦ၊ စက်နှင့် စက်ပစ္စည်းကိရိယာနှင့် ထိတွေ့ကိုင်တွယ်၍ မရသောရပိုင်ခွင့်အပေါ် အခွန်တန်ဖိုးလျော့** | **ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်းအပေါ် အခွန်တန်ဖိုးလျော့** | **အသုံးမပြုရသေးသည့်အခွန်ခုနှိမ်နိုင်သောအရှုံးငွေများ** | **စုစုပေါင်း** |
|---|---|---|---|---|
| ၂၀၂၅ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | **၁၄,၁၆၃** | **၄၁,၄၆၇** | **၇၅,၀၉၄** | **၁၃၀,၇၂၄** |
| အခွန်နှုန်းထား ပြောင်းလဲခြင်း၏ သက်ရောက်မှု | **၅,၆၈၄** | **၄၁,၄၆၇** | **၇၅,၀၉၄** | **၁၂၂,၂၄၅** |
| အရှုံးအမြတ်စာရင်းတွင် စာရင်းတင်ခြင်း (မှတ်စု ၂၉) | **(၁၁,၂၆၄)** | **၄,၆၃၆** | **(၈၀,၄၂၁)** | **(၈၇,၀၄၉)** |
| ၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | **၈,၅၈၃** | **၈၇,၅၇၀** | **၆၉,၇၆၇** | **၁၆၅,၉၂၀** |
| ၂၀၂၄ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၁၄,၃၁၃ | ၃၆,၂၇၀ | - | ၅၀,၅၈၃ |
| အရှုံးအမြတ်စာရင်းတွင် စာရင်းတင်ခြင်း (မှတ်စု ၂၉) | (၁၅၀) | ၅,၁၉၇ | ၇၅,၀၉၄ | ၈၀,၁၄၁ |
| ၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၁၄,၁၆၃ | ၄၁,၄၆၇ | ၇၅,၀၉၄ | ၁၃၀,၇၂၄ |

## ၁၄။ အရစ်ကျရောင်းချခြင်းမှ အသားတင်ရရန်ရှိ

ကုမ္ပဏီအုပ်စုသည် လူနေဆိုင်ခန်းများကို အရစ်ကျ အစီအစဉ်ဖြင့် ရောင်းချခဲ့ပါသည်။ အရစ်ကျရောင်းချခြင်းမှ ရရှိလာမည့် ပေးချေမှုများ၏ အသားတင်လက်ငင်းတန်ဖိုးကို ဝင်ငွေနှင့် ရရန်ရှိများတွင် စာရင်းဖော်ပြထားပါသည်။ အသားတင် လက်ငင်းတန်ဖိုးကို တိုင်းတာရန် ကုမ္ပဏီအုပ်စုသည် စာချုပ်တွင်ပါသော သွယ်ဝိုက်အတိုးနှုန်းကို လျှော့ပေးနှုန်း (discount rate) အဖြစ် အသုံးပြုထားသည်။ ရောင်းချထားသည့် လူနေဆိုင်ခန်းများကို ကုန်လက်ကျန်စာရင်းမှ ပယ်ဖျက်ပြီး ၎င်း၏ သယ်ဆောင်တန်ဖိုးကို ကုန်ရောင်းတန်ဖိုးတွင် စာရင်းသွင်းထားပါသည်။ ဝင်ငွေနှင့် ကုန်ရောင်းတန်ဖိုးတို့၏ ခြားနားချက်သည် အရစ်ကျ ရောင်းချခြင်းမှ ရရှိသည့် အမြတ်ဖြစ်သည်။

ကုမ္ပဏီအုပ်စုသည် အရစ်ကျရောင်းချခြင်းမှ ရရှိလာသည့် အတိုးကို အရစ်ကျပေးချေမှုကာလအလိုက် ခွဲဝေပြီး အတိုး ဝင်ငွေအဖြစ် စာရင်းဖော်ဆောင်ပါသည်။

**(က) အရစ်ကျရောင်းချခြင်းမှ ရရန်ရှိ**

| မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | **၂၀၂၆** | ၂၀၂၅ |
|---|---|---|
| အရစ်ကျရောင်းချခြင်းမှ အကြွမ်းရရန်ရှိ | **၁,၄၂၁,၄၄၄** | ၃၀၉,၅၅၆ |
| မရရှိသေးသော အတိုးဝင်ငွေ | **(၁၉၉,၀၆၉)** | (၁၂,၄၅၆) |
| | **၁,၂၂၂,၃၇၅** | ၂၉၇,၁၀၀ |
| လက်ငင်းရရန်ရှိ (မှတ်စု ၁၈) | **(၄၃၅,၇၆၁)** | (၁၃၄,၁၄၂) |
| | **၇၈၆,၆၁၄** | ၁၆၂,၉၅၈ |

**(ခ) လျှော့ပေးခြင်းမပြုလုပ်ရသေးသော (undiscounted) ရရန်ရှိ အရစ်ကျငွေ**

| မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | **၂၀၂၆** | ၂၀၂၅ |
|---|---|---|
| တစ်နှစ်အတွင်း | **၅၃၁,၉၇၇** | ၁၄၂,၈၇၂ |
| တစ်နှစ်နှင့် အထက် | **၈၈၉,၄၆၇** | ၁၆၆,၆၈၄ |
| | **၁,၄၂၁,၄၄၄** | ၃၀၉,၅၅၆ |

## ၁၅။ အခြားရပိုင်ခွင့်များ

| မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | **၂၀၂၆** | ၂၀၂၅ |
|---|---|---|
| Logistics Dependent Industrial Area | **၈၆,၇၀၆** | ၈၆,၇၀၆ |
| Gyo Gone Redevelopment Project | **၂၂၇,၈၆၀** | ၂၂၃,၀၆၀ |
| AGRO-Industrial Park | **၄၆,၇၅၀** | ၄၆,၇၅၀ |
| | **၃၆၁,၃၁၆** | ၃၅၆,၅၁၆ |

## ၁၆။ ထုတ်ယူခွင့်ကန့်သတ်ထားသောစာရင်းသေအပ်ငွေ

ထုတ်ယူခွင့်ကန့်သတ်ထားသောစာရင်းသေအပ်ငွေဆိုသည်မှာ ချေးငွေများအတွက် အာမခံအဖြစ် ပေါင်နှံထားသည့် အပ်ငွေများကို ဆိုလိုသည်။ ၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ ကုမ္ပဏီသည် ၎င်း၏ ဘဏ်ချေးယူငွေနှင့် ပတ်သက်၍ CB Bank PCL တွင် အမေရိကန်ဒေါ်လာ ၁.၄၀ သန်း တန်ဖိုးရှိ စာရင်းသေအပ်ငွေတစ်ခုကို အာမခံအဖြစ် ပေါင်နှံထားရှိပါသည်။

အဆိုပါ စာရင်းသေအပ်ငွေကို လအလိုက် သက်တမ်းတိုးသွားမည်ဖြစ်ပြီး ချေးငွေသက်တမ်းတစ်ခုလုံးအတွက် ငွေထုတ်ချေးသူ၏အကျိုးစီးပွားအလို့ငှာပေါင်နှံထားခြင်းဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၎င်းအပ်ငွေကို ကုမ္ပဏီအနေဖြင့် အထွေထွေအသုံးပြုရန်အတွက် ရယူသုံးစွဲနိုင်မည် မဟုတ်ပါ။

စာရင်းသေအပ်ငွေအပေါ် ကန့်သတ်ထားမှုကို သက်ဆိုင်ရာချေးယူငွေအားလုံးကို အပြေအကြေပြန်လည်ပေးဆပ်ပြီးချိန်တွင် ပြန်လည်ဖြေလျှော့ပေးလိမ့်မည်ဟု မျှော်မှန်းထားပြီး၊ ယင်းသို့ ပြန်လည်ပေးဆပ်ရန်မှာ လာမည့် ၁၂ လအတွင်း

ဖြစ်ပေါ်လာနိုင်ဖွယ်မရှိပါ။ ထို့ကြောင့် အဆိုပါအပ်ငွေကို လက်ငင်းမဟုတ်သောရပိုင်ခွင့်အဖြစ် အမျိုးအစားခွဲခြားသတ်မှတ်ထားပါသည်။

## ၁၇။ ငွေနှင့် ငွေသားညီမျှခြင်းများ

| မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | **၂၀၂၆** | ၂၀၂၅ |
|---|---|---|
| ငွေလက်ကျန် | **၂၃,၄၉၄** | ၁၈,၂၈၀ |
| ဘဏ်လက်ကျန် | **၈,၇၄၉,၀၇၆** | ၁၇,၇၁၄,၇၃၂ |
| | **၈,၇၇၂,၅၇၀** | ၁၇,၇၃၃,၀၁၂ |

## ၁၈။ ကုန်သွယ်မှုနှင့် အခြားရရန်ရှိများ

| မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | **၂၀၂၆** | ၂၀၂၅ |
|---|---|---|
| ကုန်သွယ်မှုရရန်ရှိများမှ | | |
| -ဆက်နွယ်သောပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ* (မှတ်စု ၃၁ (ခ)) | **၂,၄၄၇** | ၄၀၅,၇၆၀ |
| -ဆက်နွယ်မှုမရှိသောပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ | **၅၁,၅၄၅** | ၆၉,၂၀၆ |
| ဆက်နွယ်မှုမရှိသောပုဂ္ဂိုလ်၊ အဖွဲ့အစည်းများမှ အခြားရရန်ရှိများ | **၃၂၂,၆၇၅** | ၂၆၈,၂၃၂ |
| အရစ်ကျရောင်းချခြင်းမှ အသားတင်ရရန်ရှိ (မှတ်စု ၁၄) | **၄၃၅,၇၆၁** | ၁၃၄,၁၄၂ |
| ဆက်နွယ်မှုမရှိသောပုဂ္ဂိုလ်၊ အဖွဲ့အစည်းများမှ ရရန်ရှိဝင်ငွေ | **၁၂၁,၃၁၀** | ၃၅၀,၇၀၈ |
| စရန်ငွေ | **၂၂၁,၈၃၀** | ၂၂၁,၈၃၀ |
| ကြိုတင်ငွေ | **၅,၆၄၄** | ၁,၄၇၄,၂၀၀ |
| ကြိုတင်ပေးစရိတ်များ | **၅၁,၉၈၂** | ၄၃,၆၉၄ |
| ကြိုတင်ဝင်ငွေခွန် | **၈၅၈,၇၃၅** | ၇၃၅,၉၇၀ |
| ကြိုတင်ကုန်သွယ်ခွန်** | **၄၇၈,၈၂၂** | ၅၀၇,၄၆၉ |
| | **၂,၅၅၀,၇၅၁** | ၄,၂၁၁,၂၁၁ |

*မြန်မာဂျပန်သီလဝါဖွံ့ဖြိုးရေးလီမိတက် (MJTD) ထံမှ ရရန်ရှိသော စီမံခန့်ခွဲမှုအခကြေးငွေများနှင့် အသုံးစရိတ်များ ပါဝင်ပါသည်။

**ကြိုတင်ပေးကုန်သွယ်ခွန် မြန်မာကျပ် ၉၄၉,၉၆၇,၉၅၈.၀၈ (၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်: မြန်မာကျပ် ၈၉၁,၂၃၅,၇၇၇.၄၉) နှင့် ကုန်သွယ်ခွန်ပေးရန်ရှိ မြန်မာကျပ် ၄၇၁,၁၄၅,၉၄၇.၉၈ (၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်: မြန်မာကျပ် ၃၈၃,၇၆၇,၁၆၇.၉၉) တို့အား ခုနှိမ်ပြီးနောက် ကျန်ရှိသော စာရင်းလက်ကျန်များကို ဖော်ပြပါသည်။

## ၁၉။ ကုန်လက်ကျန်များ

ကုန်လက်ကျန်များတွင် သီလဝါအထူးစီးပွားရေးဇုန်အတွင်းရှိ လူနေအိမ်ယာနှင့် စီးပွားရေးဧရိယာဖွံ့ဖြိုးရေးအတွက် မြန်မာဂျပန်သီလဝါဖွံ့ဖြိုးရေးလီမိတက် (MJTD) ထံမှ ဝယ်ယူထားသော မြေတန်ဖိုးနှင့် မြေယာဖော်ထုတ်သည့် ကုန်ကျစရိတ်တို့ ပါဝင်ပါသည်။ ထို့အပြင် မြေပြုပြင်မှုများ၊ ဆောက်လုပ်ရေးလုပ်ငန်းများ၊ လူနေဆိုင်ခန်း (၁၀) ခန်း၊ လူနေဆိုင်ခန်းဆောက်လုပ်ခြင်းလုပ်ငန်းများ၊ ဘောလုံးကွင်း၊ ပြပွဲဧရိယာ နှင့် MSME Project အတွက် ကုန်ကျစရိတ်များ ပါဝင်ပါသည်။

၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်ကုန်ဆုံးသောနှစ်တွင် ကုန်လက်ကျန်များ မြန်မာကျပ် ၉၂၅,၀၅၃,၀၆၅.၃၁ (၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်: မြန်မာကျပ် မရှိ)ကို ဘဏ္ဍာရေးနှစ်အတွင်း အသုံးစရိတ် အနေဖြင့် အသိအမှတ်ပြု စာရင်းရေးသွင်းခဲ့ပြီး ရောင်းရကုန်တန်ဖိုးတွင် ပါဝင်ခဲ့ပါသည်။

ထို့အပြင် ၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်ကုန်ဆုံးသောနှစ်တွင် ကုန်လက်ကျန်များ မြန်မာကျပ် ၉၂,၆၉၂,၅၀၀.၀၀ (၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်: မြန်မာကျပ် မရှိ) ကို ကုန်လက်ကျန်စာရင်းမှ ပယ်ဖျက်ခဲ့ပါသည်။ ဤကဲ့သို့ စာရင်းမှပယ်ဖျက်ခဲ့သော အသုံးစရိတ်များကို စီမံခန့်ခွဲမှုစရိတ်များတွင် ပါဝင်ခဲ့ပါသည်။

## ၂၀။ ထုတ်ဝေပေးသွင်းပြီး အစုရှယ်ယာရင်းနှီးငွေ

| မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | **ထုတ်ဝေထားသောသာမန် အစုရှယ်ယာအရေအတွက်** | | **ထုတ်ဝေပေးသွင်းပြီး အစုရှယ်ယာရင်းနှီးငွေ** | |
|---|---|---|---|---|
| | **၂၀၂၆** | ၂၀၂၅ | **၂၀၂၆** | ၂၀၂၅ |
| ဘဏ္ဍာရေးနှစ်အစ | **၃၈,၉၂၉,၁၅၀** | ၃၈,၉၂၉,၁၅၀ | **၃၈,၉၂၉,၁၅၀** | ၃၈,၉၂၉,၁၅၀ |
| အစုရှယ်ယာ ထုတ်ဝေခြင်း | – | – | – | – |
| **ဘဏ္ဍာရေးနှစ်အဆုံး** | **၃၈,၉၂၉,၁၅၀** | ၃၈,၉၂၉,၁၅၀ | **၃၈,၉၂၉,၁၅၀** | ၃၈,၉၂၉,၁၅၀ |

## ၂၁။ ချေးယူငွေ

| မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | **၂၀၂၆** | ၂၀၂၅ |
|---|---|---|
| ဘဏ္ဍာရေးနှစ်အစ | – | ၄၄၀,၀၀၀ |
| နှစ်အတွင်းလက်ခံရရှိငွေ | **၈,၀၀၀,၀၀၀** | ၃၈၅,၀၀၀ |
| နှစ်အတွင်းပြန်ဆပ်ငွေ | – | (၈၂၅,၀၀၀) |
| **ဘဏ္ဍာရေးနှစ်အဆုံး** | **၈,၀၀၀,၀၀၀** | – |
| လက်ငင်းပေးရန်ရှိ | **(၃၀၀,၀၀၀)** | – |
| | **၇,၇၀၀,၀၀၀** | – |

ဘဏ်စာရင်းပိုငွေထုတ်ချေးငွေကို လုပ်ငန်းလည်ပတ်ရင်းနှီးငွေလိုအပ်ချက်များအတွက် အသုံးပြုမည်ဖြစ်ပြီး လက်ငင်းပေးရန်တာဝန်များအောက်တွင် အမျိုးအစားခွဲထားမည်ဖြစ်ပါသည်။ ဤချေးငွေကို မရွှေ့ပြောင်းနိုင်သောပစ္စည်း (အဆောက်အဦ) ဖြင့် အပေါင်ထားရှိပါသည်။ တစ်နှစ်လျှင် ၁၁.၅% ရှိသော အတိုးနှုန်းဖြင့် လက်ကျန်ငွေစာရင်းအပေါ်တွင် တွက်ချက်မည်ဖြစ်ပြီး ထိရောက်သော အတိုးနည်းလမ်းကို အသုံးပြု၍ စုပေါင်းဝင်ငွေအလုံးစုံပါဝင်သော ရှင်းတမ်းတွင် ကုန်ကျစရိတ်အဖြစ် အသိအမှတ်ပြုစာရင်းရေးသွင်းပါသည်။ ချေးငွေသဘောတူစာချုပ်ကို ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၂၅) ရက်နေ့တွင် ချုပ်ဆိုခဲ့ပါသည်။ သဘောတူစာချုပ်ချုပ်ဆိုသောနေ့မှ ပထမ ၁၂ လအတွင်း ပမာဏကို ထုတ်ယူနိုင်မည်ဖြစ်ပြီး နှစ်စဉ်သက်တမ်းတိုးမှုများနှင့်အတူ သုံးနှစ်အထိ ရရှိမည်ဖြစ်ပါသည်။ ဘဏ်စာရင်းပိုငွေထုတ်ချေးငွေကို ၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက် ကုန်ဆုံးသော နှစ်အတွင်းအပြည့်အဝပြန်လည်ပေးဆပ်ခဲ့ပါသည်။

ချေးငွေဆိုင်ရာ သဘောတူညီချက်ကို ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ပါသည်။ ကုမ္ပဏီသည် CB Bank PCL ထံမှ မြန်မာကျပ်ငွေ ၈ ဘီလီယံ ပမာဏရှိသော ဘဏ်ချေးငွေကို ရယူခဲ့ပါသည်။ အဆိုပါချေးငွေအတွက် တစ်နှစ်လျှင် အတိုးနှုန်း ၁၄% သတ်မှတ်ထားပြီး၊ သဘောတူညီထားသည့် ပြန်လည်ပေးဆပ်မှု

အစီအစဉ်အတိုင်း ငါးနှစ်တာကာလအတွင်း ပြန်လည်ပေးဆပ်ရမည်ဖြစ်ပါသည်။ (ယင်းကာလတွင် သုံးနှစ်သက်တမ်းရှိ စီမံကိန်းအခြေပြု ငွေကြေးထောက်ပံ့မှု ချေးငွေနှင့်အတူ ထပ်ဆောင်းနှစ်နှစ် သက်တမ်းတိုးနိုင်ခွင့်ရွေးချယ်ခွင့်တို့ ပါဝင်ပါသည်)။

အဆိုပါ ချေးငွေအတွက် မှတ်စု (၁၆) တွင် ဖော်ပြထားသည့်အတိုင်း စာရင်းသေအပ်ငွေဖြင့် အာမခံထားရှိပါသည်။

## ၂၂။ ကုန်သွယ်မှုနှင့် အခြားပေးရန်ရှိများ

| မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | **၂၀၂၆** | ၂၀၂၅ |
|---|---|---|
| ဆက်နွယ်မှုမရှိသောပုဂ္ဂိုလ်၊ အဖွဲ့အစည်းများသို့ ကုန်သွယ်မှုပေးရန်ရှိများ | **၃၂,၀၃၉** | ၃၆,၈၈၇ |
| အခြားပေးရန်ရှိများ | | |
| - ဆက်နွယ်သောပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ (မှတ်စု ၃၁ (ခ)) | **–** | ၁၈၃,၃၉၅ |
| - ဆက်နွယ်မှုမရှိသောပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ | **၂၄၉,၃၃၃** | ၅၀,၉၅၅ |
| ကန်ထရိုက်တာထံမှ စရန်ငွေ | **၈,၁၃၉** | ၈,၁၃၉ |
| ပေးရန်ရှိအတိုး | **၂၃၃,၂၀၅** | – |
| ပေးရန်ရှိအသုံးစရိတ်များ | **၂၀၀,၇၈၉** | ၁,၁၇၅,၁၉၈ |
| မပေးရသေးသောအမြတ်ဝေစု | **၁,၅၃၉,၇၉၀** | ၁,၃၃၅,၇၂၉ |
| ရွှေ့ဆိုင်းထားသော ငှားရမ်းခဝင်ငွေ - ဆက်နွယ်မှုမရှိသော ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ | **၅၃,၃၈၉** | ၆၉,၃၈၁ |
| ကုန်သွယ်လုပ်ငန်းခွန်* | **၁၀** | ၂,၆၈၆ |
| | **၂,၃၁၆,၆၉၄** | ၂,၈၆၂,၃၇၀ |

*ကြိုတင်ပေးကုန်သွယ်ခွန် မြန်မာကျပ် ၃၇၇,၇၃၄,၅၉၃.၉၆ (၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်: မြန်မာကျပ် ၁၂,၅၆၁,၇၅၅.၅၂) နှင့် ကုန်သွယ်ခွန်ပေးရန်ရှိ မြန်မာကျပ် ၃၇၇,၇၄၄,၅၂၈.၉၈ (၂၀၂၅ခုနှစ်၊ မတ်လ (၃၁) ရက်: မြန်မာကျပ် ၁၅,၂၄၇,၃၄၈.၂၀) တို့အား ခုနှိမ်ပြီးနောက် ကျန်ရှိသော စာရင်းလက်ကျန်များကို ဖော်ပြပါသည်။

## ၂၃။ ပေါ်ကောင်းပေါ်လာနိုင်သည့်ပေးရန်တာဝန်

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် ကုမ္ပဏီသည် အဆိုပါနေ့ရက်စွဲပါ CB Bank PCL နှင့် ချုပ်ဆိုထားသော ချေးငွေဆိုင်ရာသဘောတူညီချက်အရ လက်အောက်ခံကုမ္ပဏီ၏ ငွေကြေးဆိုင်ရာတာဝန်များအတွက် ကော်ပိုရိတ်အာမခံချက် ပေးအပ်ခဲ့ပါသည်။ ထိုအာမခံချက်သည် မြန်မာကျပ် သန်း ၈,၀၀၀ ထက်မကျော်လွန်သော ချေးငွေအပါအဝင် အတိုးငွေများ၊ ပျက်ကွက်မှုကြောင့် ဖြစ်ပေါ်လာသောအတိုးများ၊ အခကြေးငွေများ၊ ကုန်ကျစရိတ်များနှင့် သဘောတူညီချက်အရ ပေးချေရမည့် အခြားကုန်ကျစရိတ်များအားလုံး ပါဝင်ပါသည်။ အစီရင်ခံစာတင်ပြသည့်နေ့အထိ၊ ဒါရိုက်တာအဖွဲ့ဝင်များ အနေဖြင့် စီးပွားရေးဆိုင်ရာအရင်းအမြစ်များ အပြင်သို့စီးထွက်ရန် အလားအလာမရှိဟု ယူဆသောကြောင့် ဤအာမခံချက်နှင့်စပ်လျဉ်း၍ လျာထားချက် တစ်စုံတစ်ရာကိုမျှ စာရင်းတွင် အသိအမှတ်ပြုစာရင်းရေးသွင်းခြင်း မရှိပါ။

၂၄။ ဝင်ငွေ

| မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | **၂၀၂၆** | ၂၀၂၅ |
|---|---|---|
| စီမံခန့်ခွဲမှု အခကြေးငွေ (မှတ်စု ၃၁ (က)) | **၃,၄၄၉,၄၆၆** | ၃,၃၉၅,၄၈၃ |
| (၁၀) နှစ်မြောက် စီမံခန့်ခွဲမှုအခကြေးငွေ (မှတ်စု ၃၁ (က)) | **၂,၉၇၈,၂၄၀** | – |
| အရောင်းကိုယ်စားလှယ် ကော်မရှင်ခ (မှတ်စု ၃၁ (က)) | **၃၄၁,၃၄၆** | ၃၈၁,၈၂၄ |
| ကော်မရှင်ဝင်ငွေ | **၇၇၅,၃၀၁** | – |
| အဆောက်အဦရောင်းရငွေ | **၂,၁၆၀,၀၀၀** | – |
| ကုန်ရောင်းခြင်း | **–** | ၁၅,၆၀၀,၀၀၀ |
| ငှားရမ်းခ | **၂၈၅,၂၃၅** | ၂၃၈,၁၁၅ |
| ဆက်သွယ်ရေးမှရရှိသည့် ဝင်ငွေ | **၅,၅၉၂** | ၃,၅၃၇ |
| ရေ၊ မီး သုံးစွဲမှု၊ ထိန်းသိမ်းမှုအတွက် ဝင်ငွေ | **၇၃၉,၇၉၂** | ၄၇၆,၈၈၁ |
| | **၁၀,၇၃၄,၉၇၂** | ၂၀,၀၉၅,၈၄၀ |

**စီမံခန့်ခွဲမှုအခကြေးငွေ**

စီမံခန့်ခွဲမှုအခကြေးငွေကို အောက်ပါပုဂ္ဂိုလ်များက MJTD အား စီမံခန့်ခွဲမှုဆောင်ရွက်ပေးခြင်းအတွက် ရရှိခဲ့ပါသည်။

(၁) ဥက္ကဋ္ဌ

(၂) ဒုဥက္ကဋ္ဌ

(၃) ဘဏ္ဍာရေးအရာရှိချုပ်

(၄) စီမံနှင့် လူ့စွမ်းအားအရင်းအမြစ်အရာရှိချုပ်

(၅) ပြည်သူ့ဆက်ဆံရေး အရာရှိချုပ်

**အရောင်းကိုယ်စားလှယ် ကော်မရှင်ခ**

MJTD ၏ မြေရောင်းချခြင်းနှင့်စပ်လျဉ်း၍ MJTD ထံမှ ရရှိသော ကော်မရှင်ခများကို ဖော်ပြပါသည်။

**ကော်မရှင်ဝင်ငွေ**

ဆိုလာပြားများ ရောင်းချမှုအတွက် ကုန်ပစ္စည်းရောင်းချသူထံမှ ရရှိသော ကော်မရှင်ဝင်ငွေကို ဖော်ပြပါသည်။

**အဆောက်အဦရောင်းရငွေ**

လူနေဆိုင်ခန်းများရောင်းချခြင်းကို ဖော်ပြပါသည်။

**ကုန်ရောင်းခြင်း**

ပြည်တွင်းရှိ ဖောက်သည်တစ်ဦးအား ပဲများရောင်းချမှုကို ဖော်ပြပါသည်။

**ငှားရမ်းခ**

ငှားရမ်းခဝင်ငွေတွင် ကြော်ငြာဆိုင်းဘုတ်ငှားရမ်းခြင်းနှင့် အခန်းငှားရမ်းခြင်း၊ စားသောက်ဆိုင်နှင့် ဆိုင်ခန်းငှားရမ်းခြင်းများ ပါဝင်ပါသည်။

### ဆက်သွယ်ရေးမှရရှိသည့် ဝင်ငွေ

ဆက်သွယ်ရေးမှ ရရှိသည့် ဝင်ငွေတွင် ဖိုင်ဘာအော့(ပ်)တစ်ကေဘယ်လိုင်းကို ဆက်သွယ်ရေးဝန်ဆောင်မှုပေးသူအား အသုံးပြုခွင့်ပေးခြင်းအတွက် ပုံသေနှုန်းဖြင့် ရရှိခြင်းနှင့် ဝင်ငွေကို ခွဲဝေခြင်းနည်းဖြင့် ရရှိခြင်းတို့ ဖော်ပြပါသည်။

### ရေ၊ မီး သုံးစွဲမှု၊ ထိန်းသိမ်းမှုအတွက် ဝင်ငွေ

ရေ၊ မီးသုံးစွဲမှု၊ ထိန်းသိမ်းမှုအတွက် ဝင်ငွေတွင် ဘဏ်များ၊ လူနေဆိုင်ခန်းများ၊ ငှားရမ်းထားသောဆိုင်များနှင့် စားသောက်ဆိုင်များမှ ရေ၊ မီးသုံးစွဲမှုနှင့် အများသုံးဧရိယာထိန်းသိမ်းမှုများအတွက် အခကြေးငွေများ ပါဝင်ပါသည်။

### ၂၅။ အမျိုးအစားအလိုက်ကုန်ကျစရိတ်များ

| မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | **၂၀၂၆** | ၂၀၂၅ |
|---|---|---|
| အခန်းငှားရမ်းမှုအတွက်ကုန်ကျစရိတ် | **၂၂၃,၁၂၃** | ၃၁၆,၇၅၆ |
| အဆောက်အဦကုန်ကျစရိတ် - လူနေဆိုင်ခန်း | **၁,၀၁၀,၆၂၂** | – |
| ရေ၊ မီး သုံးစွဲမှု၊ ထိန်းသိမ်းခြင်းစရိတ် | **၅၈၉,၆၇၅** | ၃၇၇,၀၃၁ |
| စီမံခန့်ခွဲမှုအခကြေးငွေ၏ကုန်ကျစရိတ် | **၆၈၉,၈၉၃** | ၆၇၉,၀၉၆ |
| (၁၀) နှစ်မြောက် စီမံခန့်ခွဲမှုအခကြေးငွေ၏ကုန်ကျစရိတ် | **၇၂၄,၈၈၀** | – |
| ရောင်းချခဲ့သောပဲ ကုန်ကျစရိတ် | **–** | ၁၂,၂၁၃,၉၆၀ |
| မြေယာပြုပြင်ခြင်း | **၇၃,၈၃၂** | – |
| လှူဒါန်းငွေ | **၆၃,၆၂၉** | – |
| မြေ၊အဆောက်အအုံ၊စက်နှင့် စက်ပစ္စည်းကိရိယာပယ်ဖျက်ခြင်း (မှတ်စု ၈) | **၂,၃၅၃** | ၅၃ |
| ကုန်လက်ကျန်များ ပယ်ဖျက်ခြင်း | **၉၂,၆၉၃** | – |
| မြေ၊အဆောက်အဦ၊စက်နှင့် စက်ပစ္စည်းကိရိယာတန်ဖိုးလျော့ (မှတ်စု ၈) | **၁၈၈,၁၄၁** | ၂၃၄,၆၅၈ |
| ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်းတန်ဖိုးလျော့ (မှတ်စု ၁၂) | **၁၁၆,၄၅၀** | ၁၂၆,၀၇၉ |
| ထိတွေ့ကိုင်တွယ်၍မရသော ရရန်ပိုင်ခွင့်တန်ဖိုးလျော့ (မှတ်စု ၉) | **၂၀၄** | ၂၀၁ |
| ဝန်ထမ်းအကျိုးအမြတ်စရိတ်များ (မှတ်စု ၂၅ (က)) | **၉၄၀,၄၃၂** | ၆၈၅,၆၈၄ |
| အဓိကအရေးပါသောစီမံအုပ်ချုပ်သူနှင့်ဒါရိုက်တာခံစားခွင့်များ (မှတ်စု ၃၁ (ဂ)) | **၁,၅၆၂,၀၉၂** | ၁,၄၇၀,၉၄၉ |
| အရောင်း၊ ဈေးကွက်ရှာဖွေရေးနှင့် လုပ်ငန်းဖွံ့ဖြိုးမှုအတွက် စရိတ်များ | **၉၈,၄၄၈** | ၄၉,၆၂၆ |
| သယ်ယူပို့ဆောင်ရေးစရိတ် | **၁၂၃,၆၃၅** | ၆၂,၀၇၆ |
| စာရင်းဝင်စရိတ် | **၁၃,၃၁၂** | ၇,၁၉၅ |
| အခြားစရိတ်များ | **၅၂၀,၉၃၁** | ၁,၅၁၀,၃၂၁ |
| မပေါ်ပေါက်ခဲ့သောအမြတ်စာရင်းညှိနှိုင်းမှု | **(၂၀,၉၄၀)** | (၂၇,၀၃၄) |
| စုစုပေါင်းကုန်ရောင်းစရိတ်များ၊ အရောင်း၊ ဈေးကွက်ရှာဖွေရေးနှင့် လုပ်ငန်း ဖွံ့ဖြိုးမှုအတွက် ကုန်ကျစရိတ်များ နှင့် စီမံခန့်ခွဲမှုစရိတ်များ | **၇,၀၁၃,၄၀၅** | ၁၇,၇၀၆,၆၅၁ |

## ၂၅-က။ ဝန်ထမ်းအကျိုးအမြတ်စရိတ်များ

| မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | ၂၀၂၆ | ၂၀၂၅ |
|---|---|---|
| လုပ်ခနှင့် လစာများ | **၆၁၁,၅၄၇** | ၄၉၅,၂၃၃ |
| အခြားအကျိုးအမြတ်များ | **၃၂၈,၈၈၅** | ၁၉၀,၄၅၁ |
| | **၉၄၀,၄၃၂** | ၆၈၅,၆၈၄ |

## ၂၆။ အခြားဝင်ငွေ

| မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | ၂၀၂၆ | ၂၀၂၅ |
|---|---|---|
| အထွေထွေဝင်ငွေ | **၁၈,၇၃၉** | ၁၁,၃၄၃ |
| တင်ဒါရောင်းရငွေ | **–** | ၇၀၀ |
| | **၁၈,၇၃၉** | ၁၂,၀၄၃ |

## ၂၇။ အခြားအမြတ်၊ (အရှုံး) များ

| မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | ၂၀၂၆ | ၂၀၂၅ |
|---|---|---|
| နိုင်ငံခြားငွေအမြတ်၊ (အရှုံး) များ | **၈၇,၁၆၆** | ၇,၂၃၉,၀၃၃ |
| မြေ၊အဆောက်အအုံ၊စက်နှင့် စက်ပစ္စည်းကိရိယာ ရောင်းချမှုမှ မြတ်စွန်းငွေ | **၁၃၆,၅၅၂** | – |
| | **၂၂၃,၇၁၈** | ၇,၂၃၉,၀၃၃ |

## ၂၈။ ဘဏ္ဍာရေးဝင်ငွေ

| မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | ၂၀၂၆ | ၂၀၂၅ |
|---|---|---|
| ငွေရေးကြေးရေးဆိုင်ရာအဖွဲ့အစည်းများတွင် အပ်နှံထားငွေများမှ ရရှိသော အတိုးဝင်ငွေ | **၁,၀၃၆,၁၄၇** | ၆၇၉,၃၁၆ |
| ငှားရမ်းခြင်းမှ အတိုးဝင်ငွေ | **၃၉,၄၅၄** | ၁၃,၈၄၀ |
| အခြားရရန်ရှိများအပေါ် အတိုးဝင်ငွေ | **၄၀,၆၁၈** | ၃၅,၂၂၅ |
| | **၁,၁၁၆,၂၁၉** | ၇၂၈,၃၈၁ |

## ၂၉။ ဝင်ငွေခွန်စရိတ်

| မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | ၂၀၂၆ | ၂၀၂၅ |
|---|---|---|
| လက်ရှိအခွန်စရိတ်/ (ဝင်ငွေ) | **၇၅၀,၁၃၅** | ၁,၅၈၉,၃၉၀ |
| ယခင်နှစ်နှင့်ဆိုင်သော ညှိနှိုင်းချက်များ | **–** | ၅,၈၈၂ |
| ရွှေ့ဆိုင်းထားသော အခွန်စရိတ်/ (ဝင်ငွေ) (မှတ်စု ၁၃) | **(၃၅,၁၉၆)** | (၈၀,၁၄၁) |
| | **၇၁၄,၉၃၉** | ၁,၅၁၅,၁၃၁ |

ဘဏ္ဍာရေးနှစ်အတွက် လက်ရှိအခွန်စရိတ်ကို ဝင်ငွေခွန်နှုန်းထား ၁၇% နှင့် ၂၂% (၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်: ၁၇% နှင့် ၁၁%) ကိုအသုံးပြု၍ တွက်ချက်ပါသည်။ အခွန်နှုန်းထားများကို ပြည်ထောင်စုအခွန်အကောက်ဥပဒေနှင့် မြန်မာ အထူးစီးပွားရေးဇုန် ဥပဒေ ၂၀၁၄ တို့ဖြင့် ပြဋ္ဌာန်းခဲ့ပါသည်။

ဝင်ငွေခွန်စရိတ်နှင့် စာရင်းအရအမြတ်အကြားကိုက်ညှိချက်

| မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | **၂၀၂၆** | ၂၀၂၅ |
|---|---|---|
| စာရင်းအရအမြတ် | **၁၂,၁၁၉,၇၉၅** | ၁၄,၇၁၉,၃၃၀ |
| သက်ဆိုင်သည့်အခွန်နှုန်း - ၁၇%, ၂၂% နှင့် ၁၁% | **၂,၀၈၈,၇၇၈** | ၂,၄၂၁,၆၄၅ |
| အခွန်ဝင်ငွေတွက်ချက်ရာတွင် ခုနှိမ်ခွင့်မရှိသော/ (အခွန်မပေးဆောင်ရသော) အခွန် သက်ရောက်မှု စရိတ်/ (ဝင်ငွေ): | | |
| တွဲဖက်ကုမ္ပဏီ၏ အချိုးကျအသားတင်အမြတ် | **(၁,၂၀၀,၂၈၃)** | (၇၄၆,၇၅၄) |
| ကုမ္ပဏီမှ ကျခံထားသော ဝင်ငွေခွန် | – | ၃၅,၄၇၅ |
| စီးပွားရေးဆိုင်ရာကုန်ကျစရိတ်များ | **၁,၃၆၁** | ၆၂ |
| ညှော်ခံစရိတ် | **၆၄** | ၁,၅၅၈ |
| လှူဒါန်းငွေ | **(၁၃,၇၈၆)** | ၃၂,၆၈၄ |
| အမှန်မပေါ်ပေါက်ခဲ့သော ငွေကြေးလဲလှယ်မှု(အမြတ်)/ အရှုံးများ | **(၁၈,၂၅၈)** | (၂၃၁,၂၄၁) |
| မြေ၊ အဆောက်အဦ၊ စက်နှင့် စက်ပစ္စည်းကိရိယာ ရောင်းချခြင်းမှအမြတ် | **(၃၀,၀၄၂)** | – |
| အခွန်ထက် ပိုမိုသော/ (လျော့နည်းသော) စာရင်းစာအုပ်အရတန်ဘိုးလျော့ငွေ | **၃,၀၆၂** | ၅,၅၃၇ |
| ယခင် အသိအမှတ်ပြုစာရင်းရေးသွင်းခြင်းမပြုခဲ့သော အခွန်အရှုံး အသုံးပြုခဲ့ခြင်း၏အကျိုးသက်ရောက်မှု* | – | (၄,၆၇၀) |
| ရွှေ့ဆိုင်းထားသောအခွန်ရပိုင်ခွင့်အဖြစ် အသိအမှတ်ပြု စာရင်းရေးသွင်းခဲ့သော အခွန်အရှုံးများ | – | ၇၅,၀၉၄ |
| ယခင်နှစ်တွင် အသိအမှတ်ပြုရေးသွင်းခဲ့သော အခွန်အရှုံးများအား အသုံးပြုခြင်း | **(၈၀,၇၆၁)** | – |
| လက်ရှိအခွန်စရိတ်/ (ဝင်ငွေ) | **၇၅၀,၃၃၅** | ၁,၅၈၉,၃၉၀ |
| ယခင်နှစ်နှင့်ဆိုင်သော ညှိနှိုင်းချက် | - | ၅,၈၈၂ |
| ရွှေ့ဆိုင်းထားသောအခွန်ရပိုင်ခွင့် စာရင်းဖွင့်လက်ကျန်အပေါ်တွင် အခွန်နှုန်းထား ပြောင်းလဲခြင်း၏ အကျိုးသက်ရောက်မှု (ပြန်လည်တိုင်းတာခြင်း) | **(၁၂၂,၂၄၅)** | - |
| ခုနှိမ်ခွင့်ရှိသော ယာယီကွာခြားချက်ကို အသိအမှတ်ပြုစာရင်း ရေးသွင်းရာတွင် ပြောင်းလဲမှုများ | **၈၇,၀၄၉** | (၈၀,၁၄၁) |
| စုစုပေါင်းဝင်ငွေခွန်စရိတ် | **၇၁၄,၉၃၉** | ၁,၅၁၅,၁၃၁ |

*၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ကုန်ဆုံးသောနှစ်တွင် ကုမ္ပဏီသည် အခွန်စည်းကြပ်နိုင်သော အမြတ်ငွေများ ဖြစ်ပေါ်ခဲ့ပြီး ၂၀၂၄ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ကုန်ဆုံးသောနှစ်တွင်အသိအမှတ်ပြုစာရင်းရေးသွင်းခြင်းမရှိခဲ့သည့် အသုံးမပြုရသေးသည့် အခွန်ခုနှိမ်နိုင်သော အရှုံးငွေ မြန်မာကျပ် ၂၇,၄၇၃,၄၃၁ ကို အသုံးပြုခဲ့ပါသည်။ အဆိုပါ အသုံးပြုခဲ့မှု၏ အကျိုးအမြတ်သည် ယခုနှစ်အတွက် လက်ရှိအခွန်စရိတ်ကို လျော့နည်းမှုအဖြစ် ထင်ဟပ်ပါသည်။ အဆိုပါအရှုံးများနှင့်စပ်လျဉ်း၍ ရွှေ့ဆိုင်းထားသောအခွန်ရပိုင်ခွင့်ကို ယခင်ကအသိအမှတ်ပြု စာရင်းရေးသွင်းခြင်းမပြုခဲ့သောကြောင့် အသုံးပြုမှုသည် ရွှေ့ဆိုင်းထားသောအခွန်လက်ကျန်များအပေါ် သက်ရောက်မှုမရှိခဲ့ပါ။

## ၃၀။ အစုရှယ်ယာတစ်စုၡ ဝင်ငွေ

### အစုရှယ်ယာတစ်စု၏ အခြေခံဝင်ငွေ

အစုရှယ်ယာတစ်စု၏ အခြေခံဝင်ငွေကို ဘဏ္ဍာရေးနှစ်အတွင်း ကုမ္ပဏီ၏ ပိုင်ရှင်များသို့ ခွဲဝေပေးရသော အသားတင်အမြတ်ကို ဘဏ္ဍာရေးနှစ်အတွင်းအချိန်နှင့် ပျမ်းမျှယူထားသော သာမန်အစုရှယ်ယာအရေအတွက်ဖြင့် စားပြီး တွက်ချက်ထားပါသည်။

### အစုရှယ်ယာတစ်စု၏ အားပျော့စေသောဝင်ငွေ

အစုရှယ်ယာတစ်စု၏ အားပျော့စေသောဝင်ငွေကို ကုမ္ပဏီ၏ ပိုင်ရှင်များသို့ ခွဲဝေနိုင်သောအမြတ်ကို အချိန်နှင့် ပျမ်းမျှယူထားသော သာမန်အစုရှယ်ယာအရေအတွက်နှင့် dilutive ရှယ်ယာစုစုပေါင်းဖြင့် စားပြီး တွက်ချက်ထားပါသည်။

| မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | **၂၀၂၆** | ၂၀၂၅ |
|---|---|---|
| ကုမ္ပဏီ၏ပိုင်ရှင်များသို့ ခွဲဝေပေးနိုင်သော အသားတင်အမြတ် (မြန်မာကျပ်ငွေထောင်ပေါင်း) | **၁၁,၃၀၅,၁၁၀** | ၁၂,၉၄၇,၄၂၂ |
| အချိန်နှင့် ပျမ်းမျှယူထားသော သာမန်အစုရှယ်ယာ အရေအတွက် (အစုရှယ်ယာထောင်ပေါင်း) | **၃၈,၉၂၉** | ၃၈,၉၂၉ |
| အချိန်နှင့် ပျမ်းမျှယူထားသော သာမန်အစုရှယ်ယာ အရေအတွက် နှင့် dilutive ရှယ်ယာ (အစုရှယ်ယာထောင်ပေါင်း) | **၃၈,၉၂၉** | ၃၈,၉၂၉ |
| အစုရှယ်ယာတစ်စု၏ အခြေခံဝင်ငွေ | **၂၉၀** | ၃၃၃ |
| အစုရှယ်ယာတစ်စု၏ အားပျော့စေသောဝင်ငွေ | **၂၉၀** | ၃၃၃ |
| အစုရှယ်ယာတစ်စု၏တန်ဖိုး (မြန်မာကျပ်) | **၁,၀၀၀** | ၁,၀၀၀ |

## ၃၁။ ဆက်နွယ်သော ပုဂ္ဂိုလ်၊အဖွဲ့အစည်းများအကြား စီးပွားရေးလုပ်ဆောင်ချက်များ

စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများရှိ အခြားနေရာများတွင် ဖော်ပြထားသော အချက်အလက်များအပြင် အောက်ပါလုပ်ငန်းလုပ်ဆောင်ချက်များသည် ကုမ္ပဏီနှင့် ဆက်နွယ်သောပုဂ္ဂိုလ်၊ အဖွဲ့အစည်းများအကြားတွင် သဘောတူညီချက်များနှင့်အညီ ပေါ်ပေါက်ခဲ့ပါသည်။

### (က) ဆက်နွယ်သော ပုဂ္ဂိုလ်၊အဖွဲ့အစည်းများအကြား စီးပွားရေးလုပ်ဆောင်ချက်များ

| မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | **၂၀၂၆** | ၂၀၂၅ |
|---|---|---|
| တွဲဖက်ကုမ္ပဏီထံမှရရှိခဲ့သော စီမံခန့်ခွဲမှု အခကြေးငွေ (မှတ်စု ၂၄) | **၃,၄၄၉,၄၆၆** | ၃,၃၉၅,၄၈၃ |
| (၁၀) နှစ်မြောက် စီမံခန့်ခွဲမှုအခကြေးငွေ (မှတ်စု ၂၄) | **၂,၉၇၈,၂၄၀** | - |
| တွဲဖက်ကုမ္ပဏီထံမှရရှိခဲ့သော အရောင်းကိုယ်စားလှယ် ကော်မရှင်ခ (မှတ်စု ၂၄) | **၃၄၁,၃၄၆** | ၃၈၁,၈၂၄ |

(ခ) ဘဏ္ဍာရေးနှစ်ကုန်ဆုံးချိန်ရှိ စာရင်းလက်ကျန်များ

| မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | ၂၀၂၆ | ၂၀၂၅ |
|---|---|---|
| ဆက်နွယ်သောပုဂ္ဂိုလ်၊ အဖွဲ့အစည်းများမှ ကုန်သွယ်မှုရရန်ရှိများ (မှတ်စု ၁၈) | | |
| တွဲဖက်ကုမ္ပဏီ | **၂,၄၄၇** | ၄၀၅,၇၆၀ |
| ဆက်နွယ်သောပုဂ္ဂိုလ်၊ အဖွဲ့အစည်းများသို့ အခြားပေးရန်ရှိများ (မှတ်စု ၂၂) | | |
| အခြားဆက်နွယ်သောပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ | – | ၁၈၃,၃၉၅ |

အခြားဆက်နွယ်သောပုဂ္ဂိုလ်၊ အဖွဲ့အစည်းများတွင် ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင်များ ပါဝင်ပါသည်။

(ဂ) အဓိကအရေးပါသော စီမံအုပ်ချုပ်သူနှင့် ဒါရိုက်တာ ခံစားခွင့်များ

| မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | ၂၀၂၆ | ၂၀၂၅ |
|---|---|---|
| ဒါရိုက်တာ အခကြေးငွေ | **၉၆,၀၀၀** | ၉၆,၀၀၀ |
| ဒါရိုက်တာ ဆုကြေး | | |
| - ၂၀၂၃ ခုနှစ်၊ ဧပြီလမှ ၂၀၂၄ ခုနှစ်၊ မတ်လ | – | ၁၇,၀၉၃ |
| - ၂၀၂၄ ခုနှစ်၊ ဧပြီလမှ ၂၀၂၅ ခုနှစ်၊ မတ်လ | – | ၁၈၃,၃၉၅ |
| အဓိကအရေးပါသော စီမံအုပ်ချုပ်သူများ အခကြေးငွေ | **၁,၂၅၆,၆၄၀** | ၁,၁၁၃,၀၃၇ |
| အဓိကအရေးပါသော စီမံအုပ်ချုပ်သူများ ဆုကြေး | **၂၀၉,၄၅၂** | ၆၁,၄၂၄ |
| | **၁,၅၆၂,၀၉၂** | ၁,၄၇၀,၉၄၉ |

(ဃ) ဆက်နွယ်သော ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများအကြား အရေးပါသောသဘောတူညီချက်များ

စီမံခန့်ခွဲမှုအခကြေးငွေ

ကုမ္ပဏီသည် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုများပေးရန်အတွက် မြန်မာဂျပန်သီလဝါ ဒီဗလော့မန့် လီမိတက်နှင့် စီမံခန့်ခွဲမှုဆိုင်ရာ သဘောတူညီမှုများ ပြုလုပ်ခဲ့ပါသည်။ အဆိုပါသဘောတူညီချက်များအရ ကုမ္ပဏီသည် သဘောတူညီချက်တွင် သတ်မှတ်ထားသည့်အတိုင်း စီမံခန့်ခွဲမှုအခကြေးငွေကို ရပိုင်ခွင့်ရှိပါသည်။ ၎င်းသဘောတူညီချက်သည် ၂၀၂၇ ခုနှစ်၊ ဒီဇင်ဘာလတွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ပါသည်။

၃၂။ စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများအတည်ပြုခြင်း

ကုမ္ပဏီအုပ်စု၏ ၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်အတွက် စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများကို ၂၀၂၆ ခုနှစ်၊ ဇွန်လ (၁၂) ရက်နေ့တွင် ကုမ္ပဏီ၏ ဒါရိုက်တာဘုတ်အဖွဲ့ဝင်များ၏ ဆုံးဖြတ်ချက်အရ ထုတ်ပြန်ရန် အတည်ပြုခဲ့ပါသည်။